ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန








# မြစိမ်းရောင်ကျေးရွာစီမံကိန်း

## အကောင်အထည်ဖော်ရေး လက်စွဲစာစောင်

(စတုတ္ထအကြိမ်ပြင်ဆင်ဖြည့်စွက်ချက်)

၂၀၁၈ခုနှစ်၊ ဩဂုတ်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း(၁)** | |
| | **စီမံကိန်းအကြောင်းအရာနှင့် အကျိုးကျေးဇူးများ** | |
| ၁။ | စီမံကိန်းနောက်ခံအကြောင်းအရာ | ၁ |
| ၂။ | ရည်ရွယ်ချက် | ၁ |
| ၃။ | ဆောင်ရွက်မည့်နည်းလမ်း | ၂ |
| ၄။ | အတိုးနှုန်းသတ်မှတ်ခြင်း | ၂ |
| ၅။ | စီမံကိန်းဧရိယာ | ၂ |
| ၆။ | ချေးငွေဖြင့် ဆောင်ရွက်နိုင်မည့်လုပ်ငန်းများ | ၂ |
| ၇။ | မြို့နယ်အဆင့်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ | ၃ |
| ၈။ | ကျေးရွာအဆင့်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ | ၃ |
| ၉။ | အကျိုးကျေးဇူးများ | ၄ |
| ၁၀။ | စီမံကိန်းအဓိကဝိသေသများ | ၄ |
| ၁၁။ | အဓိပ္ပါယ်သတ်မှတ်ချက်များ | ၅ |
| | **အခန်း(၂)** | |
| | **စီမံကိန်းကျေးရွာရွေးချယ်ခြင်း** | |
| ၁၂။ | စီမံကိန်းဧရိယာနှင့်ကျေးရွာ | ၇ |
| ၁၃။ | စီမံကိန်းကျေးရွာရွေးချယ်ရာတွင် ဦးဆောင်ပါဝင်ရမည့်ပုဂ္ဂိုလ်များ | ၇ |
| ၁၄။ | စီမံကိန်းကျေးရွာရွေးချယ်ရာတွင် အခြေခံရမည့်မူများ | ၇ |
| ၁၅။ | စီမံကိန်းကျေးရွာများပြောင်းလဲဆောင်ရွက်ခြင်း | ၈ |
| | **အခန်း(၃)** | |
| | **ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ** | |
| ၁၆။ | ကော်မတီများဖွဲ့စည်းခြင်း | ၉ |
| ၁၇။ | မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီများ ကြီးကြပ်ကွပ်ကဲမှုအဆင့်ဆင့် | ၉ |
| ၁၈။ | ပြည်ထောင်စုအဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ | ၁၀ |
| ၁၉။ | ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များ | ၁၁ |
| ၂၀။ | ပြည်နယ်/တိုင်းဒေသကြီး/ပြည်ထောင်စုနယ်မြေ(နေပြည်တော်) မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ | ၁၂ |
| ၂၁။ | ပြည်နယ်/ တိုင်းဒေသကြီး/ ပြည်ထောင်စုနယ်မြေ(နေပြည်တော်) | |

မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ ၁၃
၂၂။ ခရိုင်မြစိမ်းရောင် ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီ ၁၄
၂၃။ ခရိုင်မြစိမ်းရောင် ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီ၏ လုပ်ငန်းတာဝန်များ ၁၄
၂၄။ မြို့နယ်မြစိမ်းရောင် ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ၁၆
၂၅။ မြို့နယ်မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီ၏ လုပ်ငန်းတာဝန်များ ၁၆
၂၆။ ကျေးရွာအဆင့်ကော်မတီများဖွဲ့စည်းခြင်း ၂၀
၂၇။ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း ၂၀
၂၈။ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များ ၂၁
၂၉။ မြစိမ်းရောင်ဘဏ္ဍာရေးဆပ်ကော်မတီဖွဲ့စည်းခြင်း ၂၄
၃၀။ မြစိမ်းရောင်ဘဏ္ဍာရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ ၂၅
၃၁။ ရန်ပုံငွေကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများ ၂၆
၃၂။ ရန်ပုံငွေကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး၏ တာဝန်ဝတ္တရားများ ၂၈
၃၃။ ရန်ပုံငွေကြီးကြပ်မှုကော်မတီမှ အဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများ ၂၉
၃၄။ ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများ ၂၉
၃၅။ ဘဏ္ဍာရေးမှူး၏ တာဝန်ဝတ္တရားများ ၃၀
၃၆။ စာရင်းကိုင်၏ တာဝန်ဝတ္တရားများ ၃၁
၃၇။ ကျေးရွာသူ၊ ကျေးရွာသားများ၏ တာဝန်ဝတ္တရားများ ၃၂
၃၈။ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီရုံးဖွင့်လှစ်ခြင်း ၃၄
၃၉။ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ၏ ခံစားပိုင်ခွင့်များ ၃၄

## အခန်း(၄)

## ကော်မတီဝင်များရွေးချယ်ခြင်းနှင့် အစည်းအဝေးကျင်းပခြင်း

၄၀။ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များရွေးချယ်ခြင်း ၃၅
၄၁။ ဘဏ္ဍာရေးဆပ်ကော်မတီဝင်များရွေးချယ်ခြင်း ၃၈
၄၂။ အစည်းအဝေးကျင်းပပြုလုပ်ခြင်း ၃၈
၄၃။ အစည်းအဝေးကျင်းပမည့်အစီအစဉ် ၃၈
၄၄။ အစည်းအဝေးကျင်းပပြုလုပ်မည့်နေရာ ၃၉
၄၅။ အစည်းအဝေးကျင်းပပြုလုပ်ရခြင်း၏ အကျိုးကျေးဇူးများ ၄၀

## အခန်း(၅)

## စည်းကမ်းချက်များ

၄၆။ ကော်မတီအဆင့်ဆင့်တွင် ပါဝင်အကောင်အထည်ဖော်သူများအားလုံး လိုက်နာရမည့်စည်းကမ်းများ ၄၁
၄၇။ စည်းကမ်းချက်သတ်မှတ်ခြင်း ၄၁
၄၈။ လည်ပတ်ရန်ပုံငွေစီမံခန့်ခွဲရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ ၄၂

## အခန်း(၆)

## ရန်ပုံငွေစီမံခန့်ခွဲခြင်း

၄၉။ မြစိမ်းရောင်ရန်ပုံငွေများအား စီမံကိန်းကျေးရွာသို့ လွှဲပြောင်းပေးအပ်ခြင်း ၄၆
၅၀။ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစီးဆင်းမှုပုံစံ ၄၇
၅၁။ ဘဏ်စာရင်းဖွင့်ခြင်း ၄၇
၅၂။ ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှုစနစ် ၄၈
၅၃။ အရင်းမပျောက်လည်ပတ်ရန်ပုံငွေနှင့် ပတ်သက်သောစည်းကမ်းချက်များ ၄၈
၅၄။ ငွေစာရင်းပုံစံများထိန်းသိမ်းခြင်း ၄၉
၅၅။ ငွေကြေးထိန်းသိမ်းခြင်း ၅၁
၅၆။ အဖွဲ့ဝင်များသို့ရှင်းလင်းဆွေးနွေးခြင်း ၅၂
၅၇။ ကျေးရွာသူ၊ ကျေးရွာသားသို့ ရှင်းလင်းဆွေးနွေးခြင်း ၅၂
၅၈။ ချေးငွေလျှောက်လွှာတင်ပြခြင်း ၅၂
၅၉။ ဦးစားပေးစနစ်ဖြင့်ရွေးချယ်ခြင်းနှင့် ဆုံးဖြတ်ခြင်း ၅၂
၆၀။ ရန်ပုံငွေထုတ်ချေးပေးမည့်လုပ်ငန်းစဉ်များ ၅၄
၆၁။ ချေးငွေလျှောက်လွှာခေါ်ယူခြင်းနှင့် စိစစ်အတည်ပြုခြင်း ၅၄
၆၂။ ချေးငွေထုတ်ချေးခြင်းနှင့် ပြန်လည်ကောက်ခံခြင်း ၅၅
၆၃။ ငွေစာရင်းပုံစံများ၊ ချေးငွေမှတ်တမ်းများထိန်းသိမ်းခြင်း ၅၇

## အခန်း(၇)

## အစီရင်ခံခြင်း

၆၄။ ဆက်သွယ်ဆောင်ရွက်ခြင်း ၅၉
၆၅။ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ၅၉
၆၆။ အစီရင်ခံစာများပြုစုတင်ပြခြင်း ၅၉

## အခန်း(၈)

## လေ့လာသင်ယူခြင်းနှင့် အကဲဖြတ်ခြင်း

၆၇။ မြစိမ်းရောင်ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စဉ်ဆက်မပြတ်လည်ပတ်စေရန် စီမံခန့်ခွဲခြင်း ၆၁

၆၈။ လုပ်ငန်းချိတ်ဆက်ဆောင်ရွက်ခြင်း ၆၁
၆၉။ လေ့လာသင်ယူခြင်းနှင့် အကဲဖြတ်ခြင်း ၆၂
၇၀။ ကွင်းဆင်းစစ်ဆေးခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်း ၆၃

**အခန်း(၉)**

**ဆုံးရှုံးနိုင်မှုလျှော့နည်းရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း**

၇၁။ ဆုံးရှုံးနိုင်မှုလျှော့နည်းရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ ၆၅
၇၂။ လုပ်ငန်းအကောင်အထည်ဖော်ခြင်းဆိုင်ရာ Risk ဆန်းစစ်လေ့လာမှု ၆၅
၇၃။ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်လာပါကဆောင်ရွက်ရမည့် နည်းလမ်းများ ၆၉

**အခန်း(၁၀)**

**အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း**

၇၄။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း ၇၀
၇၅။ အတိုးရငွေသုံးစွဲမည့်အစီအစဉ် ၇၀
၇၆။ အကျိုးဝင်သောစီမံကိန်းလုပ်ငန်းများ ၇၀
၇၇။ အကျိုးမဝင်သောစီမံကိန်းလုပ်ငန်းများ ၇၁
၇၈။ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မှုအစီအစဉ် ၇၁
၇၉။ ငွေကြေးထည့်ဝင်မှု အစီအစဉ် ၇၃
၈၀။ စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်း ၇၄
၈၁။ ပြင်ဆင်ထိန်းသိမ်းခြင်း ၇၄
၈၂။ တာဝန်ခံမှုနှင့် တာဝန်ယူမှု ၇၄

**အခန်း(၁၁)**

**မကျေနပ်မှုများတိုင်ကြားခြင်း**

၈၃။ မကျေနပ်မှုများတိုင်ကြားခြင်း ၇၅
၈၄။ ဆန္ဒဖော်ထုတ်ခြင်း နှင့်တိုင်ကြားခြင်း ၇၅
၈၅။ တိုင်ကြားရန်လိပ်စာများ ၇၆
၈၆။ ဖြေရှင်းဆောင်ရွက်မည့်အစီအမံ ၇၆
**နောက်ဆက်တွဲများ**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအကောင်အထည်ဖော်ရေးလက်စွဲ

## အခန်း(၁)
## စီမံကိန်းအကြောင်းအရာနှင့် အကျိုးကျေးဇူးများ

### စီမံကိန်းနောက်ခံအကြောင်းအရာ

၁။ မြန်မာနိုင်ငံတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပြည်နယ်/တိုင်းဒေသကြီး(၁၄)ခုနှင့် ပြည်နယ်ခွဲ(၂)ခု၊ ခရိုင်(၇၃)၊ မြို့နယ်(၃၃၀)နှင့် ကျေးရွာပေါင်း (၆၃၈၉၉)ရွာရှိပြီး နိုင်ငံလူဦးရေ၏ ၇၀.၄% သည် ကျေးလက်ဒေသများတွင်နေထိုင်ကြပါသည်။ ကျေးလက်လူဦးရေ၏ ၂၉.၂%၊ လူဦးရေ (၁၀.၅)သန်းခန့်သည် ဆင်းရဲသည့်ပုဂ္ဂိုလ်များဖြစ်ကြပါသည်။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရန်၊ မိသားစုဝင်ငွေတိုးပွားစေရန်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ခြင်းဖြင့် အာဟာရပြည့်ဝစေရန် ရည်မှန်း၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပြည်တွင်း/ပြည်ပ ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းရေးဆွဲထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်ပါ စဉ်ဆက်မပြတ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူဗဟိုပြုအသွင်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ LIFT Fund နှင့် SPPRG တို့ပူးပေါင်းကောက်ယူခဲ့သည့် စစ်တမ်းများအရ ကျေးလက်အိမ်ထောင်စု (၇၅%)ခန့်သည် အသက်မွေးဝမ်းကျောင်းနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် အတိုးမဲ့ချေးငွေ (သို့မဟုတ်) အတိုးနည်းချေးငွေများ လိုအပ်လျက်ရှိသည်ကို တွေ့ရှိရသည့်အတွက် ကျေးလက်ဆင်းရဲသားပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက်လည်းကောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို နိုင်ငံတော်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

### ရည်ရွယ်ချက်

၃။ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ အဓိကရည်ရွယ်ချက်များမှာ -

(က) အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေခြင်းဖြင့် ကျေးလက်ဒေသဆင်းရဲမှုနှုန်းကို လျှော့ချရန်၊

(ခ) တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်နှင့် အာဟာရပြည့်ဝစေရန်၊

(ဂ) လည်ပတ်ရန်ပုံငွေစနစ်တွင် အဖွဲ့မှ သဘောတူသော အတိုးငွေထည့်ဝင်၍ တိုးပွားလာသောငွေဖြင့် ကျေးရွာ၏လိုအပ်ချက်နှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာမှ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊

(ဃ) ကျေးလက်လူထု၏ စွမ်းဆောင်ရည် တိုးတက်လာစေရန်နှင့် မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များကျရောက်လာပါက တုန့်ပြန်မှု အားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန်။

**ဆောင်ရွက်မည့်နည်းလမ်း**

၄။ စီမံကိန်းဆောင်ရွက်မည့်ကျေးရွာအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ် ငွေကျပ်သန်း (၃၀) အား နိုင်ငံတော်ဘတ်ဂျက်မှ **မ** တည်ပေးမည် ဖြစ်ပါသည်။ စီမံကိန်းအကောင်အထည်ဖော်မည့်နည်းလမ်းမှာ အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ် **မ** တည်ပေးပြီး သက်သာသောအတိုးနှုန်း ရယူခြင်းဖြင့် ရန်ပုံငွေ ပမာဏတိုးပွားစေကာ ရေရှည်တည်တံ့ လည်ပတ်နိုင်စေမည့်နည်းလမ်း အသုံးပြုသွားမည် ဖြစ်ပါသည်။

**အတိုးနှုန်းသတ်မှတ်ခြင်း**

၅။ မြစိမ်းရောင်လည်ပတ်ရန်ပုံငွေမှ ကျေးရွာသူ၊ ကျေးရွာသားများအား ချေးငွေထုတ်ချေးပေးရာတွင် အတိုးနှုန်းကို ငွေတစ်ရာကျပ်အတွက် တစ်လလျှင် ပြား(၅၀)နှုန်းမှ တစ်ကျပ် ပြား(၅၀)နှုန်းအတွင်း ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီမှ အများသဘောတူ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ပေးနိုင်ပါသည်။

**စီမံကိန်းဧရိယာ**

၆။ မြစိမ်းရောင်ကျေးရွာစီမံကိန်းအားပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ပြည်နယ်/တိုင်းဒေသကြီး (၁၄)ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတို့ရှိ ခရိုင်(၇၁)၊ မြို့နယ် (၂၈၉)မြို့နယ်၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာယူနစ်(၁၄၅၀)၊ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာယူနစ်(၃၀၀၀)၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တွင် ကျေးရွာယူနစ် (၂၁၀၇)၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာယူနစ်(၁၅၀၀) တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ (၆)လ ဘတ်ဂျက်တွင် ကျေးရွာယူနစ်(၂၀၀) ဆောင်ရွက်လျက်ရှိရာ စုစုပေါင်းကျေးရွာယူနစ်(၈၂၅၇)ယူနစ်၊ အကျိုးပြုကျေးရွာ (၁၀၁၄၁) ရွာ၌ ဆောင်ရွက်လျက်ရှိပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ စီမံကိန်း ကျေးရွာများကို ဘဏ္ဍာရေးနှစ်အလိုက် တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ချေးငွေဖြင့်ဆောင်ရွက်နိုင်မည့်လုပ်ငန်းများ**

၇။ အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများစသည့် ဝင်ငွေတိုးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ပါသည်။

**မြို့နယ်အဆင့်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

၈။ မြို့နယ်အဆင့် စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

လုပ်ငန်းစဉ် (၁) => မြို့နယ်ကော်မတီဖွဲ့စည်းခြင်း၊

လုပ်ငန်းစဉ် (၂) => မြို့နယ်စုံညီအစည်းအဝေးဖြင့် ကျေးရွာရွေးချယ်တင်ပြခြင်း၊

လုပ်ငန်းစဉ် (၃) => စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာကော်မတီဖွဲ့စည်းခြင်း၊

လုပ်ငန်းစဉ် (၄) => သင်တန်းများဖွင့်လှစ်ပို့ချခြင်း၊

လုပ်ငန်းစဉ် (၅) => မြန်မာ့စီးပွားရေးဘဏ်တွင် စီမံကိန်းငွေစာရင်းရှင်ဖွင့်လှစ်ခြင်း၊

လုပ်ငန်းစဉ် (၆) => ကျေးရွာငွေစာရင်းသို့ ရန်ပုံငွေများလွှဲပြောင်းပေးခြင်း၊

လုပ်ငန်းစဉ်(၇) => ချေးငွေအဆိုပြုလွှာများ ကွင်းဆင်းစစ်ဆေးအတည်ပြုခြင်း၊ အကြံပြုခြင်း၊ ကြီးကြပ်ခြင်း၊ နည်းပညာပံ့ပိုးခြင်း၊

လုပ်ငန်းစဉ် (၈) => စာရင်းပြုစုခြင်း၊ ခရိုင်/ပြည်နယ်/တိုင်းဒေသကြီးသို့တင်ပြခြင်း၊

လုပ်ငန်းစဉ် (၉) => စာရင်းစစ်ဆေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများ စစ်ဆေးခြင်း၊

လုပ်ငန်းစဉ် (၁၀) => ကျေးရွာအဆင့် စီမံကိန်းဆောင်ရွက်မှု ဆန်းစစ်သုံးသပ်ပွဲကျင်းပခြင်း၊

လုပ်ငန်းစဉ် (၁၁) => စီမံကိန်းကျေးရွာများ၏ ချက်လက်မှတ်စာအုပ်များကို ထိန်းသိမ်း ထားရှိခြင်း။

**ကျေးရွာအဆင့်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

၉။ ကျေးရွာအဆင့် စီမံကိန်းနှင့်ပတ်သက်၍ အိမ်ထောင်စုတစ်ခု၏ ရွေးချယ်ခံ ကော်မတီဦးရေမှာ (၁)ဦးဖြစ်ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

လုပ်ငန်းစဉ် (၁) => ရွာလုံးကျွတ်အစည်းအဝေးကျင်းပ၍ ကော်မတီများဖွဲ့စည်းခြင်း၊

လုပ်ငန်းစဉ် (၂) => စီမံကိန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများတက်ရောက်ခြင်း၊

လုပ်ငန်းစဉ် (၃) => မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ခြင်း၊

လုပ်ငန်းစဉ် (၄) => အတိုးနှုန်း၊ ချေးငွေပမာဏ၊ စည်းမျဉ်းစည်းကမ်းများသတ်မှတ်ခြင်း၊

လုပ်ငန်းစဉ် (၅) => ကျေးရွာသူ၊ကျေးရွာသားများသို့ အသိပေးကြေငြာခြင်း၊

လုပ်ငန်းစဉ် (၆) => ချေးငွေအဆိုပြုလွှာများတောင်းခံခြင်းနှင့် စိစစ်အတည်ပြုခြင်း၊ ချေးယူသူစာရင်းအား ကြော်ငြာဆိုင်းဘုတ်ဖြင့်ကြေညာခြင်း၊

လုပ်ငန်းစဉ် (၇) => စိစစ်ပြီးချေးငွေအဆိုပြုလွှာများအား မြို့နယ်ကော်မတီသို့ တင်ပြ အတည်ပြုချက် ရယူခြင်း၊

လုပ်ငန်းစဉ် (၈) => ချေးငွေထုတ်ချေးပေးခြင်း၊

လုပ်ငန်းစဉ် (၉) => ချေးငွေနှင့် အတိုးကောက်ခံခြင်း၊ ချေးငွေစီမံခန့်ခွဲခြင်း၊

လုပ်ငန်းစဉ် (၁၀) => လုပ်ငန်းများစစ်ဆေးခြင်း၊ စာရင်းပြုစုခြင်း၊ အစီရင်ခံခြင်း၊

လုပ်ငန်းစဉ် (၁၁) => ရွာလုံးကျွတ်အစည်းအဝေးကျင်းပ၍ စီမံကိန်းသုံးသပ်ခြင်း။

**အကျိုးကျေးဇူးများ**

၁၀။ စီမံကိန်းကျေးရွာတွင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေထူထောင်၍ မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများဆောင်ရွက်မည်ဖြစ်သည့်အတွက် အောက်ဖော်ပြပါအကျိုးကျေးဇူးများကိုရရှိမည်ဖြစ်ပါသည်-

(က) ကျေးလက်နေမိသားစုများ ဝင်ငွေတိုးပွားလာခြင်း၊

(ခ) ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် နည်းပညာများရရှိလာခြင်း၊

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာခြင်း၊

(ဃ) အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန်အခွင့်အလမ်းပေါ်ပေါက်လာခြင်း၊

(င) ဒေသခံပြည်သူများ အကြွေးဝန်ထုတ်ဝန်ပိုးလျော့ကျလာခြင်း၊

(စ) စွမ်းဆောင်ရည် မြင့်မားလာခြင်းနှင့် ဒီမိုကရေစီ နည်းလမ်းကျကျ စုပေါင်းညှိနှိုင်း ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာခြင်း၊

(ဆ) ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုအလေ့အထများ ဖွံ့ဖြိုးလာခြင်း၊

(ဇ) အသိဉာဏ်နှင့် ဗဟုသုတများ တိုးပွားလာခြင်း၊

(ဈ) အမျိုးသမီးများ၏ ပူးပေါင်းဆောင်ရွက်မှု မြင့်မားလာခြင်း၊

(ည) နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးရေး လုပ်ငန်းများကိုဖော်ဆောင်နိုင်ခြင်းနှင့် အောက်ခြေအဆင့်မှတင်ပြချက်များကို အကောင် အထည်ဖော်နိုင်ခြင်း။

**စီမံကိန်းအဓိကဝိသေသများ**

၁၁။ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ အဓိကဝိသေသလက္ခဏာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လည်ပတ်ရန်ပုံငွေသည် ကျေးရွာပိုင်၊ အများပိုင်သည့် ငွေကြေးတစ်ရပ်ဖြစ်ခြင်း၊

(ခ) ရန်ပုံငွေနှင့်အတိုးရငွေများကို ကျေးရွာကော်မတီထံသို့သာ ပြန်လည်ပေးဆပ်ရခြင်း၊

(ဂ) ရန်ပုံငွေကို ကျေးရွာလူထုမှ ကိုယ်တိုင်စီမံခန့်ခွဲနိုင်ခြင်း၊ အတိုးနှုန်းသတ်မှတ်နိုင်ခြင်း၊

(ဃ) ရန်ပုံငွေတိုးပွားလာအောင် ကျေးရွာသူ/ကျေးရွာသားများထံ ထုတ်ချေးနိုင်ခြင်း၊

(င) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အများသဘောတူညီချက်ဖြင့် သုံးစွဲနိုင်ခြင်း၊

(စ) လုပ်ငန်းအပေါ်မူတည်၍ အတိုးပေးသွင်းမည့်ကာလကို သတ်မှတ်နိုင်ခြင်း၊

(ဆ) ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်သဖြင့် ဆင်းရဲမှုကို လျော့ချလာနိုင်ခြင်း၊

(ဇ) အောက်ခြေကျေးရွာအဆင့်တွင် ဒီမိုကရေစီနည်းလမ်းကျကျ ဆောင်ရွက်နိုင်ခြင်း၊

(ဈ) တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရခြင်း၊

(ည) ကျား/မ တန်းတူညီမျှပါဝင်သော အလေ့အကျင့်ပျိုးထောင်ပေးခြင်း၊

(ဋ) ကျေးရွာလူထုနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့် ဖော်ဆောင်ပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း။

**အဓိပ္ပါယ်သတ်မှတ်ချက်များ**

၁၂။ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ အဓိပ္ပါယ်သတ်မှတ်ချက်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(က) **လည်ပတ်ရန်ပုံငွေ။** လည်ပတ်ရန်ပုံငွေဆိုသည်မှာ စီမံကိန်းဆောင်ရွက်သောကျေးရွာ များတွင် အများပိုင်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး အခြေခံလူတန်းစားများ အပါအဝင် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေတိုးတက်လာစေရန် အတွက်အများပါဝင်သော ဆုံးဖြတ်ချက်ချခြင်းများဖြင့် ဆောင်ရွက်သော စနစ်ဖြစ်သည်၊

(ခ) **အကျိုးခံစားခွင့်ရှိသည့်ပုဂ္ဂိုလ်များ။** စီမံကိန်းကျေးရွာတွင် နေထိုင်သည့် အိမ်ထောင် ဦးစီး၊ အိမ်ထောင်ခွဲများအနေဖြင့် ကော်မတီအဖွဲ့မှ ချမှတ်ထားသော အဖွဲ့ဝင်ဖြစ်ခြင်း ဆိုင်ရာ စည်းကမ်းနှင့်အညီ လိုက်နာပါ က လည်ပတ်ရန်ပုံငွေအားခံစားခွင့်ရှိသည်၊

(ဂ) **အကျိုးခံစားခွင့်မရှိသည့်ပုဂ္ဂိုလ်များ။** ကော်မတီမှချမှတ်ထားသော စည်းကမ်းချက်များ အား လိုက်နာမှုမရှိသော အဖွဲ့ဂင်များနှင့် အဖွဲ့ဂင်မဟုတ်သော ပုဂ္ဂိုလ်များမှာ လည်ပတ် ရန်ပုံငွေ ခံစားခွင့်မရှိပါ၊(အခြားကျေးရွာတွင် နေထိုင်သည့် ပုဂ္ဂိုလ်များ လည်ပတ်ရန်ပုံငွေ ခံစားခွင့်မရှိပါ)

(ဃ) **ချေးငွေစနစ်။** ငွေချေးရာတွင် ချေးငွေထုတ်ချေးသည့် အကြိမ်တိုင်း (သို့မဟုတ်) အလှည့်ကျစနစ်ဖြစ်သော်လည်း ဦးစားပေးစနစ်ဖြင့်ကျေးရွာသူ/သားများ၏ အသက်မွေး ဝမ်းကျောင်းနှင့် ဝင်ငွေတိုးပွားလာစေရန် ချေးသောစနစ်ဖြစ်သည်၊

(င) **ချေးငွေပြန်လည်ပေးဆပ်ခြင်း။** လည်ပတ်ရန်ပုံငွေ ပြန်လည်ပေးဆပ်မှုသည် ချေးငွေ အဆိုပြုလွှာတင်ပြမှုအပေါ်တွင် မူတည်သော်လည်း ကော်မတီအဖွဲ့ဝင်များ၏ ဆုံးဖြတ် ချက်များ၊ လုပ်ငန်းသဘောသဘာဝများနှင့်လည်း သက်ဆိုင်မှုရှိသည်။ ငွေချေးယူသည့် ပုဂ္ဂိုလ်၏ ဆန္ဒအရချေးငွေ ပြန်လည်ပေးဆပ်ရမည့် ကာလမတိုင်မီ ပေးဆပ်လိုပါက ခွင့် ပြုနိုင်သည်၊

(စ) **ကော်မတီဖွဲ့စည်းခြင်း။** စီမံကိန်းဆောင်ရွက်သည့် ကျေးရွာအဆင့်တွင် လုပ်ငန်းများ လည်ပတ်နိုင်စေရန် ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေး ဆပ်ကော်မတီတို့ကို ဖွဲ့စည်းရမည်ဖြစ်ပါသည်၊

(ဆ) **ကော်မတီဝင်ဦးရေနှင့်တာဝန်ထမ်းဆောင်မည့်ကာလ။** ကျေးရွာသူ/သားများ၏အများ ဆန္ဒအရမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်(၇)ဦး(သို့မဟုတ်)(၉)ဦး(သို့မဟုတ်) (၁၁)ဦးတို့ဖြင့်ကော်မတီဝင်များကို ရွေးချယ်တင်မြှောက်ရမည်။ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး

နှင့် ကော်မတီဝင်များအနေဖြင့် ရွေးချယ်သည့်နေ့ရက်မှ(၃)နှစ် ကာလအတွင်း ကော်မတီအဆင့်ဆင့်၏ တာဝန်များကိုထမ်းဆောင်ရမည် ဖြစ်ပြီး (၃)နှစ်ကာလအတွင်း ကော်မတီများထဲမှ စီမံကိန်းအပေါ်စိတ်ပါဝင်စားမှု အားနည်းသည်ဟုဆုံးဖြတ်ပါက မြို့နယ်စီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီမှ ကျေးရွာသူ/သားများ၏ သဘောတူညီမှုဖြင့် တာဝန်မှ ရပ်ဆိုင်းခွင့်ရှိသည်၊

( ဓ) **စည်းကမ်းချက်များ။** ကော်မတီ၏သဘောတူညီမှုဖြင့် စည်းကမ်းချက်များကို သတ်မှတ်ရမည်ဖြစ်ပြီး၊ စည်းကမ်းချက်များ ပြန်လည်ပြင်ဆင်ရန်၊ ထပ်မံဖြည့်စွက်ရန် လိုအပ်ပါက ကော်မတီအနေဖြင့် ရွာလုံးကျွတ်အစည်းအဝေးမှ အတည်ပြုချက်ရယူ၍ ပြန်လည်ပြင်ဆင်သတ်မှတ်နိုင်သည်၊ သတ်မှတ်ပြီးစည်းကမ်းချက်များ၊ ပြင်ဆင်/ဖြည့်စွက်သည့် စည်းကမ်းချက်များအား မြို့နယ်ကော်မတီထံ တင်ပြထားရမည်။

( ဈ) **စာရင်းဇယားနှင့်မှတ်တမ်းများ။** ကော်မတီမှလည်ပတ်ရန်ပုံငွေအား အဆင်ပြေချောမွေ့စွာလည်ပတ်နိုင်စေရန်နှင့် ပွင့်လင်းမြင်သာသောကြေညာချက်များ ထုတ်ပြန်နိုင်ရန် တိကျမှန်ကန်သော စာရင်းဇယားများနှင့် မှတ်တမ်းများအား စာရင်းရေးသွင်းခြင်း၊ မှတ်တမ်းများ၊ ငွေရပြေစာ၊ ဘောင်ချာ၊ ငွေလက်ခံဖြတ်ပိုင်းများ၊ စာရေးကိရိယာနှင့်ငွေသေတ္တာ၊ သော့နှင့် ပရိဘောဂပစ္စည်းများ ထိန်းသိမ်းထားရှိရမည် ဖြစ်သည်၊

(ည) **အစည်းအဝေးများပြုလုပ်ခြင်း။** ကော်မတီအနေဖြင့်ကော်မတီဝင်(၇)ဦး(သို့မဟုတ်)(၉)ဦး(သို့မဟုတ်)(၁၁)ဦးနှင့်ချေးငွေအပေါ် စည်းမျဉ်းစည်းကမ်းချမှတ်ရမည့် ကိစ္စရပ်များ၊ ကျေးရွာသူ/သားများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကိစ္စရပ်များအတွက် အနည်းဆုံး တစ်လလျှင်တစ်ကြိမ်၊ လုပ်ငန်းလိုအပ်ချက်ရှိပါက တစ်ကြိမ်ထက်ပိုမို၍ အစည်းအဝေးများ ကျင်းပပြုလုပ်ရမည် ဖြစ်သည်၊

( ဋ) **ရန်ပုံငွေများ။** ကော်မတီမှ ထိန်းသိမ်းထားရှိသော နိုင်ငံတော်မှ မတည်ရန်ပုံငွေနှင့် ၄င်းမှဆက်စပ်ရရှိသော အတိုးရငွေ၊ ဒဏ်ကြေးငွေနှင့် အခြားရငွေတို့ဖြစ်သည်၊

( ဌ) **လုပ်ငန်းကြီးကြပ်ခြင်း။** ကော်မတီအနေဖြင့် ကျေးရွာသူ/သားများ၏ ချေးငွေအပေါ် ဆောင်ရွက်သည့်လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခြင်း၊ စောင့်ကြည့်လေ့လာသုံးသပ်ခြင်းတို့အပြင် အစည်းအဝေးများတွင် ချပြဆွေးနွေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအပေါ် မှတ်တမ်းများတင်ခြင်းနှင့် အကြံပြုခြင်းများကိုလည်း ဆောင်ရွက်ရမည်။

( ဍ) **စစ်ဆေးမှုခံယူခြင်း။** ကျေးလက်ဦးစီးဌာနနှင့် မြို့နယ်စာရင်းစစ်ရုံးများမှ ကျေးရွာများတွင်ဆောင်ရွက်သော ချေးငွေဆိုင်ရာစာရင်းပုံစံများ၊ ချေးငွေလည်ပတ်မှု၊ အတိုးအရင်းကောက်ခံမှုများ၊ အုပ်ချုပ်မှုအသုံးစရိတ်ပြေစာများ၊ စာရင်းပုံစံများနှင့် လုပ်ငန်းဆောင်ရွက်မှုတို့အား ကွင်းဆင်းစစ်ဆေးပါက ကော်မတီအနေဖြင့် စစ်ဆေးမှုကို ခံယူရမည်။

# အခန်း(၂)

# စီမံကိန်းကျေးရွာရွေးချယ်ခြင်း

## စီမံကိန်းဧရိယာနှင့်ကျေးရွာ

၁။ မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပြည်နယ်/ တိုင်းဒေသကြီး(၁၄)ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတို့ရှိ ခရိုင် (၇၁)၊ မြို့နယ် (၂၈၉)မြို့နယ်၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာယူနစ်(၁၄၅၀)၊ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာယူနစ်(၃၀၀၀)၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တွင် ကျေးရွာယူနစ် (၂၁၀၇)၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာယူနစ် (၁၅၀၀) တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ (၆)လဘတ်ဂျက်တွင် ကျေးရွာယူနစ်(၂၀၀)ဆောင်ရွက်လျက်ရှိရာ စုစုပေါင်းကျေးရွာယူနစ်(၈၂၅၇)ယူနစ်၊ အကျိုးပြုကျေးရွာ (၁၀၁၄၁) ရွာ၌ဆောင်ရွက်လျက်ရှိပြီး လွှမ်းခြုံမှုရာခိုင်နှုန်းမှာ(၁၅.၈၆%) ဖြစ်ပါသည်။ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ စီမံကိန်းကျေးရွာများကို ဘဏ္ဍာရေးနှစ်အလိုက် တိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## စီမံကိန်းကျေးရွာရွေးချယ်ရာတွင် ဦးဆောင်ပါဝင်ရမည့်ပုဂ္ဂိုလ်များ

၂။ စီမံကိန်းကျေးရွာများ ရွေးချယ်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးများမှဦးဆောင်၍ အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြီး ရွေးချယ်ရမည်-

(က) ပြည်နယ်/ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် နေပြည်တော်ကောင်စီ၊

(ခ) လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊

(ဂ) သက်ဆိုင်ရာ အဖွဲ့အစည်းများ၊

(ဃ) ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ။

## စီမံကိန်းကျေးရွာရွေးချယ်ရာတွင် အခြေခံရမည့်မူများ

၃။ စီမံကိန်းကျေးရွာများအား အောက်ဖော်ပြပါ ဦးစားပေးရမည့်အချက်များအပေါ် မူတည်၍ ပွင့်လင်းမြင်သာစွာ စိစစ်ရွေးချယ်သွားရမည်ဖြစ်ပါသည်-

(က) ဆင်းရဲသော ကျေးရွာ၊

(ခ) စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိသော ကျေးရွာ၊

(ဂ) တရားဥပဒေစိုးမိုးခြင်း(အရက်ပုန်း၊ လောင်းကစား၊ မူးယစ်ဆေးဝါးကင်းစင်ခြင်း)၊

(ဃ) ကျေးရွာသူ/ကျေးရွာသားများ၏စိတ်အားထက်သန်မှု၊ စည်းလုံးညီညွတ်မှု၊ (ကျေးရွာများ၏ စီမံကိန်းဆောင်ရွက်ရန် လိုလားစွာတင်ပြတောင်းဆိုမှု)၊

(င) လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့မှုနှင့် နယ်မြေလုံခြုံတည်ငြိမ်အေးချမ်းမှု၊

(စ) အိမ်ခြေအနည်းဆုံး(၈၀)နှင့် အထက်ရှိသောကျေးရွာ၊(အကယ်၍အိမ်ခြေ(၈၀) အောက် လျော့နည်းပါက အုပ်ချုပ်မှုလွယ်ကူသည့် နီးစပ်ရာကျေးရွာများနှင့် ပေါင်းစပ်ဖွဲ့စည်း ရမည်။)

(ဆ) အသေးစားချေးငွေလုပ်ငန်း ဆောင်ရွက်နေသော ကျေးရွာများအား ရွေးချယ်ခြင်း မပြုရန်။

၄။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးမှ စာပိုဒ်(၂)ပါပုဂ္ဂိုလ်များနှင့် ညှိနှိုင်းရွေးချယ်ထားသော ကျေးရွာများစာရင်းကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ပြည်နယ်/ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဦးစီးမှူးများမှတစ်ဆင့် သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီတို့ထံ အတည်ပြုချက် တောင်းခံရမည် ဖြစ်ပါသည်။

၅။ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ပြည်နယ်/ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ ဦးစီးမှူးသည် သက်ဆိုင်ရာအစိုးရအဖွဲ့မှ အတည်ပြုထားသော ကျေးရွာများ စာရင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြရမည် ဖြစ်ပါသည်။

၆။ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ စီမံကိန်းကျေးရွာများကို နောက်ဆုံး အတည်ပြု ပေးသွားမည်ဖြစ်သည်။

**စီမံကိန်းကျေးရွာများ ပြောင်းလဲဆောင်ရွက်ခြင်း**

၇။ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးဗဟိုကော်မတီမှ အတည်ပြုထားသော စီမံကိန်းကျေးရွာများသို့ ရန်ပုံငွေလွှဲပြောင်းပေးခြင်းမပြုမီ စီမံကိန်း အကြောင်းမိတ်ဆက်ရှင်းလင်းပြီး ကျေးရွာ၏စိတ်အား ထက်သန်မှု၊ စည်းလုံးညီညွတ်မှု၊ လက်လှမ်းမီမှုများနှင့် နယ်မြေလုံခြုံမှုအပေါ် သုံးသပ်ခြင်း၊ (Feasibility Study) ပြုလုပ်၍ ဖြစ်နိုင်ချေနည်းပါက စီမံကိန်းကျေးရွာ ပြောင်းလဲ ဆောင်ရွက်ရန် သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အတည်ပြုချက်နှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြရမည်ဖြစ်သည်။

၈။ ထို့အပြင် အတည်ပြုထားသော စီမံကိန်းကျေးရွာ(ယူနစ်)များတွင် ကျေးရွာထပ်တိုး၍ စီမံကိန်း ပူးပေါင်းဆောင်ရွက်လိုပါက သက်ဆိုင်ရာ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီ၊ မြို့နယ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီတို့၏ အစည်းအဝေးမှတ်တမ်းများနှင့်အတူ အကြောင်း အရာပြည့်စုံစွာရေးသားဖော်ပြလျက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြ ရမည် ဖြစ်ပါသည်။

# အခန်း(၃)

# ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

## ကော်မတီများ ဖွဲ့စည်းခြင်း

၁။ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့်၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ကျေးရွာအဆင့်တို့တွင် စီမံကိန်းအကောင်အထည်ဖော်ရေး ကော်မတီအသီးသီးအား အောက်ပါ အတိုင်း ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်သည်-

(က) ပြည်ထောင်စုအဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ


(ခ) ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပြည်နယ်/တိုင်းဒေသကြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ

(ဂ) ခရိုင်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီ

(ဃ) မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ

(င) ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့်မြစိမ်းရောင်ဘဏ္ဍာရေး ဆပ်ကော်မတီ

### မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီများ ကြီးကြပ်ကွပ်ကဲမှုအဆင့်ဆင့်



**ပြည်ထောင်စုအဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးဗဟိုကော်မတီ**

၂။ ပြည်ထောင်စုအဆင့်" မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ" ကို အောက်ပါအတိုင်းဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန်(စိုက်ပျိုးရေး)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်(မွေး/ရေ/ကျေးလက်)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်(သမဝါယမ)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အတွင်းရေးမှူး |
| (ဋ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

## ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များ

၃။ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး ဗဟိုကော်မတီသည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်ဖြစ်သည်-

(က) စီမံကိန်းကျေးရွာများရွေးချယ်နိုင်ရေးအတွက်သတ်မှတ်ချက်များထုတ်ပြန်ပေးခြင်း၊

(ခ) စီမံကိန်းကျေးရွာ ရွေးချယ်ရန်အတွက် လိုအပ်သော အချက်အလက်များပံ့ပိုးပေးခြင်း၊

(ဂ) အရင်းမပျောက်မတည်ရန်ပုံငွေအား လွှဲပြောင်းပေးအပ်ခြင်း၊

(ဃ) ရန်ပုံငွေဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် သင်တန်းပို့ချခြင်းဆိုင်ရာသင်ရိုးညွှန်တမ်းများ ပြုစုခြင်း၊

(င) လစဉ်/ သုံးလပတ်/ နှစ်စဉ်အစီရင်ခံစာများအပေါ် သုံးသပ်ခြင်းနှင့် တွေ့ရှိချက်များ အပေါ် လိုအပ်သည့် လမ်းညွှန်မှုများပြုလုပ်ခြင်း၊

(စ) အုပ်ချုပ်မှုကိစ္စရပ်များ၊ စီမံခန့်ခွဲမှုကိစ္စရပ်များ၊ ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီ များ ပံ့ပိုးပေးခြင်းကိစ္စရပ်များဆောင်ရွက်ခြင်း၊

(ဆ) စီမံကိန်းဆိုင်ရာ လိုအပ်သောနည်းပညာများ ရရှိရေးအတွက် အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် များနှင့်ဆက်သွယ်၍ နည်းပညာဆိုင်ရာအကြံဉာဏ်နှင့် နည်းပညာအထောက်အကူများ ရယူနိုင်ရေး စီစဉ်ဆောင်ရွက်ပံ့ပိုးပေးခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဇ) စီမံကိန်းနှင့် သက်ဆိုင်သော စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်နိုင်ရန် အတွက် ငွေကြေးနှင့် နည်းပညာများရရှိစေရန် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူ အညီများ ရယူခြင်း၊

(ဈ) နိုင်ငံတကာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် စီမံကိန်းကျေးရွာများတွင် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု စစ်တမ်းကောက်ယူခြင်း၊

(ည) ဗဟိုကော်မတီ၏ လုပ်ငန်းလိုအပ်ချက်အရအဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီး၏ သဘော တူညီချက်ဖြင့် သင့်လျော်သလို ပြင်ဆင်ဖွဲ့စည်းခြင်း၊

(ဋ) ဗဟိုကော်မတီအား အထောက်အကူပြုနိုင်ရန်အတွက် နည်းပညာအကြံပေးကော်မတီ အား သင့်လျော်သည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်တွင်းပြည်ပ ပညာရှင်များ ထည့်သွင်း၍ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဌ) ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းကိစ္စအဝဝအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန(ရုံးချုပ်)မှ တာဝန်ယူဆောင်ရွက်ခြင်း၊

(ဍ) စီမံကိန်းအားကွင်းဆင်းစစ်ဆေးခြင်း၊ သုံးသပ်အကဲဖြတ်ခြင်း၊

(ဎ) မကျေနပ်မှုတိုင်ကြားချက်များအား စစ်ဆေးဖြေရှင်းခြင်း၊

(ဏ) တရားစွဲဆိုစဉ်အတွင်း ထပ်မံဖြစ်ပေါ်လာသည့် အတိုးငွေများအား ရပ်ဆိုင်းခြင်း/ ပယ်ဖျက်ခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်းနှင့် ကျန်အရင်း/အတိုးငွေများ ရပ်ဆိုင်းခြင်း/ပယ်ဖျက်ခြင်းများကို စီမံကိန်းအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(တ) စီမံကိန်းဆောင်ရွက်ချက်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် သတင်းမီဒီယာများနှင့် သတင်းထုတ်ပြန်ခြင်း၊

(ထ) စီမံကိန်းနှင့် ဆက်စပ်သောဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ ဖိတ်ကြား၍ စီမံကိန်းဆောင်ရွက်ချက်များအား ဘဏ္ဍာရေးနှစ်အလိုက် သုံးသပ်ဆွေးနွေးပွဲများ ကျင်းပခြင်း။

**ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ပြည်နယ်/ တိုင်းဒေသကြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ**

၄။ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပြည်နယ်/ တိုင်းဒေသကြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို အဖွဲ့ဝင်(၉)ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးချုပ်မှတာဝန်ပေးအပ်သည့် ဝန်ကြီး(၁)ဦး/ နေပြည်တော်ကောင်စီဥက္ကဋ္ဌမှ တာဝန်ပေးအပ်သည့် နေပြည်တော်ကောင်စီဝင်(၁)ဦး | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပြည်နယ်/ တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဦးစီးမှူး | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပြည်နယ်/ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ ဦးစီးမှူး | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပြည်နယ်/ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပြည်နယ်/ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ ဦးစီးမှူး | အဖွဲ့ဝင် |
| (စ) | အခြားသင့်လျော်သည့် ဌာနမှ(သို့မဟုတ်) အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်(၃) ဦး | အဖွဲ့ဝင်များ |

(ဆ) ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပြည်နယ်/တိုင်းဒေသကြီး အတွင်းရေးမှူး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဦးစီးမှူး

**ပြည်ထောင်စုနယ်မြေ(နေပြည်တော်)/ ပြည်နယ်/ တိုင်းဒေသကြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

၅။ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပြည်နယ်/ တိုင်းဒေသကြီး/ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် ဖြစ်သည်-

(က) ခရိုင်/မြို့နယ်အဆင့် စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီတွင် အုပ်ချုပ်မှု ကိစ္စရပ်များလွယ်ကူစေရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး ထည့်သွင်းဖွဲ့စည်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ နေပြည်တော်ကောင်စီဝင်များ အား စီမံကိန်းကျေးရွာ ရွေးချယ်နိုင်ရေးအတွက် အထောက်အကူပြု လုပ်ငန်းစဉ်များ ဦးဆောင်အကောင်အထည်ဖော်ခြင်း၊

(ဂ) စီမံကိန်းနှင့်ပတ်သက်သော ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး/ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်းရှိ ခရိုင်နှင့် မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည် ဖော်ရေးလုပ်ငန်း ကော်မတီများသို့ ဆက်လက်ညွှန်ကြားခြင်း၊

(ဃ) ခရိုင်နှင့်မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ များမှ တင်ပြလာသောအစီရင်ခံစာများ၊ရန်ပုံငွေစာရင်းဆိုင်ရာ အချက်အလက်ပြန်တမ်း များ၊ လချုပ်စာရင်းနှင့် နှစ်ချုပ်စာရင်းများကိုစုစည်းပြီး ပြည်နယ်/ တိုင်းဒေသကြီး/ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) လုပ်ငန်းကော်မတီမှတဆင့် ပြည်ထောင်စုအဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးဗဟိုကော်မတီသို့ ဆက်လက် တင်ပြခြင်း၊

(င) မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ ပေးအပ်သော တာဝန်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(စ) မြစိမ်းရောင်ကျေးရွာစီမံကိန်း အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ခရိုင် နှင့် မြို့နယ်အဆင့် လုပ်ငန်းကော်မတီများအား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ စောင့်ကြည့် ကြီးကြပ် ဆောင်ရွက်ပေးခြင်း၊

(ဆ) ခရိုင်နှင့် မြို့နယ်အဆင့်တွင်ကြုံတွေ့ရသော မြစိမ်းရောင်လည်ပတ်ရန်ပုံငွေ စီမံခန့်ခွဲမှု ဆိုင်ရာ အခက်အခဲများ၊ငွေကြေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(ဇ) ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပြည်နယ်/တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ INGOများ၊ NGO များ၊ CSO များဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်လှစ်နိုင်ရန် စီစဉ်ပေးခြင်း၊

(ဈ) မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ရုံးလုပ်ငန်းများအား သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပြည်နယ်/ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခြင်း၊

(ည) စီမံကိန်းဆိုင်ရာအုပ်ချုပ်မှုကိစ္စရပ်များအတွက် အသုံးစရိတ်အား ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ပြည်နယ်/ တိုင်းဒေသကြီး/ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေမှ ကျခံဆောင်ရွက်ခြင်း၊

(ဋ) စီမံကိန်းကျေးရွာများမှ စာရင်းပုံစံများနှင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခြင်း၊ မကျေနပ်မှုတိုင်ကြားချက်များအား စစ်ဆေးဖြေရှင်းပေးခြင်းနှင့် ဗဟိုကော်မတီထံ အစီရင်ခံခြင်း၊

(ဌ) လိုအပ်ပါက သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့၏ သဘောတူညီချက်ဖြင့် ကော်မတီဝင်ဦးရေကို ပြင်ဆင်ဖွဲ့စည်းခြင်း။

**ခရိုင်မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ**

၆။ ခရိုင်မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို အဖွဲ့ဝင် (၆)ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်သည်-

| | | |
|---|---|---|
| (က) | ခရိုင်ဦးစီးမှူး<br>ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ခရိုင်ဦးစီးမှူး<br>ခရိုင်ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ခရိုင်ဦးစီးမှူး<br>ခရိုင်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ခရိုင်စီမံခန့်ခွဲရေးကော်မတီမှ သင့်လျော်သည့် ပုဂ္ဂိုလ် (၂) ဦး | အဖွဲ့ဝင်များ |
| (င) | ခရိုင်ဦးစီးမှူး<br>ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အတွင်းရေးမှူး |

**ခရိုင်မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

၇။ ခရိုင်မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ပေးရမည်ဖြစ်သည်-

(က) ခရိုင်စီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီတွင် အုပ်ချုပ်မှုကိစ္စရပ်များ လွယ်ကူစေရန် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး ထည့်သွင်း ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ခ) စီမံကိန်းနှင့်ပတ်သက်သောပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ပြည်နယ်/တိုင်းဒေသကြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီမှ ညွှန်ကြား ချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာမြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများသို့ ဆက်လက်ထုတ်ပြန် လမ်းညွှန်ခြင်း၊

(ဂ) မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများမှ တင်ပြလာသော အစီရင်ခံစာများ၊ ရန်ပုံငွေစာရင်းဆိုင်ရာအချက်အလက် ပြန်တမ်း များကို စုစည်းပြီး ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ပြည်နယ်/တိုင်းဒေသကြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီသို့ ဆက်လက် တင်ပြခြင်း၊

(ဃ) မြို့နယ်များတွင်ကြုံတွေ့ရသော မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ စီမံခန့်ခွဲမှုဆိုင်ရာ အခက် အခဲများကို ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(င) မြစိမ်းရောင်စီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု နယ်မြေ(နေပြည်တော်)၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့်လုပ်ငန်း ကော်မတီ များအားပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့်စောင့်ကြည့်ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊ စီမံကိန်း မြို့နယ်နှင့် ကျေးရွာများသို့ ပုံမှန်စစ်ဆေးခြင်းနှင့်အခါအားလျော်စွာရှောင်တခင် စစ်ဆေး မှုများ ဆောင်ရွက်ခြင်း၊

(စ) ခရိုင်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ရုံးလုပ်ငန်းကိစ္စအဝဝအား သက်ဆိုင်ရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ တာဝန်ယူဆောင်ရွက်ခြင်း၊

(ဆ) စီမံကိန်းဆိုင်ရာအုပ်ချုပ်မှု ကိစ္စရပ်များအတွက် အသုံးစရိတ်အား ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေမှ ကျခံ ဆောင်ရွက်ခြင်း၊

(ဇ) ခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ INGO များ၊ NGO များ၊ CSO များဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းနှင့် ငွေစာရင်းထိန်းသိမ်းမှုသင်တန်းများ ဖွင့်လှစ်ရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဈ) မကျေနပ်မှုတိုင်ကြားချက်များအား စစ်ဆေးဖြေရှင်းပေးခြင်းနှင့်အဆင့်ဆင့်အစီရင်ခံခြင်း၊

(ည) သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ ခရိုင်မြစိမ်းရောင် ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်ဦးရေအား တိုးချဲ့ ဖွဲ့စည်းနိုင်ခြင်း။

**မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ**

၈။ မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို အဖွဲ့ဝင် (၇)ဦး ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်သည်-

| | | |
|---|---|---|
| (က) | မြို့နယ်ဦးစီးမှူး<br>မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်ဦးစီးမှူး<br>မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ဦးစီးမှူး<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဦးစီးမှူး<br>မြို့နယ်သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| (င) | သင့်လျော်သည့်ပုဂ္ဂိုလ် (၂) ဦး | အဖွဲ့ဝင်များ |
| (စ) | မြို့နယ်ဦးစီးမှူး<br>မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အတွင်းရေးမှူး |

**မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

၉။ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်ဖြစ်သည်-

(က) မြို့နယ်အဆင့်မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို သင့်လျော်သည့် ပုဂ္ဂိုလ်များပါဝင် ဖွဲ့စည်းနိုင်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ညှိနှိုင်း၍ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ခ) မြို့နယ်စီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီတွင် အုပ်ချုပ်မှုကိစ္စရပ်များ လွယ်ကူစေရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး ထည့်သွင်းဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဂ) မြို့နယ်အတွင်း စီမံကိန်းဆောင်ရွက်ခွင့်ရသည့် ကျေးရွာအရေအတွက်များပြားပါက သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင် ဦးရေအား တိုးချဲ့ဖွဲ့စည်းနိုင်ခြင်း၊

(ဃ) မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများအား မြစိမ်းရောင် ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ ရန်ပုံငွေစီမံခန့်ခွဲမှုများ၊ လုပ်ငန်းတာဝန်များ သင်ကြားပို့ချခြင်း၊ စွမ်းဆောင်ရည်မြှင့်တင် ရေးသင်တန်းများ ဖွင့်လှစ်ခြင်း၊

(င) မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရန် ရွေးချယ်ရမည့် အခြေခံမူများဖြင့် မြို့နယ် အတွင်းရှိ ကျေးရွာအား စိစစ်ရွေးချယ်ခြင်း၊

(စ) ကျေးရွာအိမ်ခြေအပေါ်မူတည်၍ ကျေးရွာ(၂)ရွာ(သို့မဟုတ်) (၂)ရွာနှင့်အထက် ပေါင်းစပ် ဖွဲ့စည်းရပါက စီမံကိန်းကို ပွင့်လင်းမြင်သာစွာဖြင့် စီမံခန့်ခွဲကြီးကြပ်နိုင်ရေး၊ သာတူညီမျှ ရှိစေရေး၊ ကျေးရွာ တစ်ရွာချင်းစီ၏ အိမ်ခြေပေါ်မူတည်၍ ကော်မတီဝင်အရေအတွက်နှင့် စီမံကိန်းရန်ပုံငွေကို မျှတစွာဖွဲ့စည်းခွဲဝေ သတ်မှတ်ပေးခြင်း၊

(ဆ) စီမံကိန်းအကောင်အထည်ဖော်ရန် ရွေးချယ်ခံရသည့် ကျေးရွာများတွင် မြစိမ်းရောင် ကျေးရွာစီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်း၊ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှု ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများ ဖွဲ့စည်းခြင်းတို့အား စနစ်တကျဖြစ်စေရန် ဦးစီးဆောင်ရွက်ခြင်း၊

(ဇ) ကျေးရွာ ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့အား စီမံကိန်း လုပ်ငန်းတာဝန်များ၊ စည်းကမ်းချက်များ၊ ရန်ပုံငွေစီမံခန့်ခွဲခြင်းနှင့် ဆုံးရှုံးနိုင်မှုလျော့နည်း စေရေးအတွက် မြို့နယ်တွင်လည်းကောင်း၊ နယ်မြေအခြေအနေအရ ကျေးရွာများသို့ လည်းကောင်း ကွင်းဆင်း၍ သင်ကြားပို့ချခြင်း၊ လိုက်နာစေခြင်းနှင့် စစ်ဆေးခြင်း၊

(ဈ) သက်ဆိုင်ရာ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်တွင် မြစိမ်းရောင်စာရင်းရှင်တစ်ရပ် ဖွင့်လှစ် ထားရှိပြီး သက်ဆိုင်ရာ (ဥပမာ-ရွာသာယာ...) ကျေးရွာမြစိမ်းရောင် ရန်ပုံငွေစာရင်းသို့ လွှဲပြောင်းပေးခြင်း၊

(ည) ကျေးရွာမြစိမ်းရောင် ရန်ပုံငွေစာရင်းရှင်များမှ ငွေထုတ်ယူမှုကြီးကြပ်နိုင်ရန် ချက် လက်မှတ်စာအုပ်များကို မြို့နယ်ကျေးလက်ဦးစီးဌာန၌ ထိန်းသိမ်းထားရှိရန်နှင့် ငွေ ထုတ်ယူရာတွင်ငွေပမာဏကို စစ်ဆေးရေးသားစေပြီး ချက်လက်မှတ်ထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ (မည်သည့်ငွေကြေးပတ်သက်မှုမှမရှိစေရ)

(ဋ) စီမံကိန်းရန်ပုံငွေများထုတ်ယူရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုစာပူးတွဲပါရှိမှသာ ငွေထုတ်ပေးနိုင်ရေး မြို့နယ်မြန်မာ့စီးပွားရေးဘဏ်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

(ဌ) စီမံကိန်းရန်ပုံငွေ (အရင်း/အတိုး) များကို ဘဏ်သို့ ပေးသွင်းခြင်း၊ ဘဏ်မှ ထုတ်ယူခြင်းတို့တွင် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်(၃)ဦး (အမျိုးသမီးတစ်ဦး အပါအဝင်) နှင့်အတူ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အနည်းဆုံးဝန်ထမ်း(၂)ဦးလိုက်ပါ ကြပ်မတ်ဆောင်ရွက်စေခြင်း၊

(ဍ) ငွေသွင်း/ ငွေထုတ်ပြုလုပ်ရာတွင် ဌာနပိုင် မော်တော်ယာဉ်ကိုအသုံးပြုရန်၊ ဌာနပိုင်မော်တော်ယာဉ် မရှိသောမြို့နယ်များအနေဖြင့် ငှားရမ်းအသုံးပြုရန် နှင့် ငှားရမ်းခများအားစီမံကိန်းကျေးရွာအုပ်ချုပ်မှုအသုံးစရိတ်မှ ကျခံသုံးစွဲစေခြင်း၊

(ဎ) မြို့နယ်အတွင်း စီမံကိန်းကျေးရွာများ၏ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေးတို့ကို ထည့်သွင်းစဉ်းစားပြီး ကျေးရွာတစ်ရွာချင်းအလိုက် အတိုးနှင့်အရင်း ပေးသွင်းရမည့်ကာလ၊ ဒဏ်ကြေး၊ ချေးငွေစည်းကမ်းများ စိစစ်ပေးခြင်း၊ ညွှန်ကြားခြင်း၊

(ဏ) ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီမှ တင်ပြလာသော ချေးငွေအဆိုပြုလွှာများအပေါ် ငွေချေးပေးမည့်အစီအစဉ်များကို စိစစ် သဘောထားမှတ်ချက်ပေးခြင်း၊ ချေးငွေပမာဏအား ဆုံးဖြတ်ပေးခြင်း၊ ကွင်းဆင်းစစ်ဆေး အတည်ပြုပေးခြင်း၊ ကြီးကြပ်ခြင်း၊ နည်းပညာပံ့ပိုးပေးခြင်း၊

(တ) မြစိမ်းရောင်ကျေးရွာစီမံကိန်း အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် မြို့နယ်အဆင့် လုပ်ငန်းကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ စောင့်ကြည့် ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊ စီမံကိန်းကျေးရွာများသို့ ပုံမှန်စစ်ဆေးခြင်းနှင့် အခါအားလျော်စွာရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊

(ထ) ကျေးရွာကော်မတီများ၏ ရငွေပေးငွေအသုံးစရိတ်များကို ဘဏ်ရှင်းတမ်းနှင့် တိုက်ဆိုင်စစ်ဆေးပြီး လချုပ်စာရင်းပြုစုခြင်း၊ ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်တွင် (စီမံကိန်းကျေးရွာများ၏ မတည်ငွေနှင့် အတိုးရငွေများ) နှစ်ချုပ်စာရင်းကို ပြုစု၍ သက်ဆိုင်ရာခရိုင်၊ ပြည်နယ်/ တိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီသို့ တင်ပြခြင်း၊

(ဒ) မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်အား ကြေညက်စွာဖတ်ရှုခြင်း၊ ရန်ပုံငွေနှင့်ပတ်သက်သော ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများအား ကျေးရွာရှိ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီသို့သိရှိလိုက်နာစေခြင်း၊

(ဓ) မြို့နယ်ဦးစီးမှူးများနှင့် တာဝန်ကျဝန်ထမ်းများမှ စီမံကိန်းကျေးရွာများသို့ ပုံမှန်ကွင်းဆင်းစစ်ဆေးခြင်းနှင့် မှတ်တမ်းထားရှိခြင်း၊ ကွင်းဆင်းဆောင်ရွက်သည့် ဝန်ထမ်း

များအတွက် ခရီးစရိတ်၊ ငှားရမ်းခ၊ စက်သုံးဆီကုန်ကျစရိတ်နှင့် စားသောက်စရိတ်များကို သတ်မှတ်နှုန်းထားအတိုင်း ဌာနရန်ပုံငွေမှထုတ်ပေးခြင်း ရန်ပုံငွေမလုံလောက်ပါကရုံးချုပ်သို့ တင်ပြတောင်းခံခြင်း၊

(န) မြစိမ်းရောင်ကျေးရွာစီမံကိန်း အောင်မြင်စေရန် မျက်ခြေမပြတ် ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊ နည်းပညာပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ အများပြည်သူ သိရှိလိုက်နာစေရန်အတွက် ပညာပေး ဗီနိုင်းပိုစတာများ ချိတ်ဆွဲစေခြင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆိုင်းဘုတ်များ စိုက်ထူစေခြင်း၊

(ပ) ဘာသာစကားနားလည်ရန် ခက်ခဲသော တိုင်းရင်းသားကျေးရွာများတွင် ဘာသာပြန်ဆိုပေးမည့်ပုဂ္ဂိုလ်များအား စီမံကိန်းဆိုင်ရာကိစ္စရပ်များ နားလည်အောင် သင်ကြားပေးခြင်း၊

(ဖ) မြို့နယ်မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ရုံးလုပ်ငန်းကိစ္စအဝဝအား သက်ဆိုင်ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများမှ တာဝန်ယူဆောင်ရွက်ခြင်း၊

(ဗ) စီမံကိန်းဆိုင်ရာအုပ်ချုပ်မှုကိစ္စရပ်များအတွက် အသုံးစရိတ်အား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေမှ ကျခံဆောင်ရွက်ခြင်း၊

(ဘ) မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ INGO များ၊ NGO များ၊ CSO များဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(မ) မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်း ကျေးရွာသူ/သားများ နားလည်သဘောပေါက်စေရေး ကျေးရွာကော်မတီဝင်များမှ ဆွေးနွေးပြောကြားရန် ညွှန်ကြားခြင်း၊

(ယ) မကျေနပ်မှုတိုင်ကြားချက်များအားစစ်ဆေးဖြေရှင်းပေးခြင်းနှင့်အဆင့်ဆင့်တင်ပြခြင်း၊

(ရ) ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူး (သို့မဟုတ်) အဖွဲ့ဝင်တစ်ဦးဦးမှ ရန်ပုံငွေအလွဲသုံးစားပြုလုပ်မှုများ၊ ငွေကြေး မသမာမှုများပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊ တရားစွဲဆိုသည့်ကုန်ကျစရိတ်များကို ဌာနရန်ပုံငွေမှ ကျခံသုံးစွဲခြင်း၊

(လ) စီမံကိန်းရန်ပုံငွေ (အရင်း/အတိုး) ပုံမှန်ပြန်လည်ပေးဆပ်ခြင်းမရှိသဖြင့် ကြွေးကျန်ဖြစ်ပေါ်နေသောကျေးရွာများအား ရန်ပုံငွေအပြေအကြေပေးသွင်း ပြီးမှသာ ပြန်လည်ထုတ်ချေးခွင့်ပြုခြင်း၊

(ဝ) စီမံကိန်းရန်ပုံငွေ အရင်း/အတိုး ပြန်လည်ပေးဆပ်ရန် ပျက်ကွက်သဖြင့် တရားဥပဒေနှင့်အညီ တရားစွဲဆိုခံရသည့်အသင်းသားများအား တရားစွဲဆိုသည့်ကာလမှစ၍ အတိုး ငွေ သတ်မှတ်ခြင်း မပြုရန်၊

(သ) ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူး (သို့မဟုတ်) ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌသည် ရာထူးတာဝန် ပြောင်းလဲ ထမ်းဆောင်ခြင်း၊ နုတ်ထွက်ခြင်း၊ သေဆုံးခြင်း၊ ဒေသပြောင်းရွှေ့ခြင်း၊ အပြစ်ပေးခံရခြင်းတို့ကြောင့်

လစ်လပ်သွားပါက ကော်မတီဝင်များ၏အများသဘော တူညီချက်ဖြင့် မူလရွေးချယ်ခံထားရသည့် ကော်မတီဝင်များအနက်မှ အစားထိုးရွေးချယ်တင်မြှောက်ပေးခြင်း၊

(ဟ) ကျေးရွာကော်မတီဝင်များမှ ရာထူးတာဝန် ပြောင်းလဲထမ်းဆောင်ခြင်း၊ နှုတ်ထွက်ခြင်း၊ သေဆုံးခြင်း၊ ဒေသပြောင်းရွှေ့ခြင်း၊ အပြစ်ပေးခံရခြင်းတို့ကြောင့် လစ်လပ်သွားသော ကော်မတီဝင်နေရာများအတွက် ကျေးရွာလုံးကျွတ် အစည်းအဝေးပွဲကျင်းပ၍ အစားထိုး ရွေးကောက် တင်မြှောက်ပေးခြင်း၊

(ဠ) စီမံကိန်းအကောင်အထည်ဖော်မှုအား သတင်းထုတ်ပြန်ခြင်း၊ ဘဏ္ဍာရေးနှစ်(၁)နှစ်အတွင်း စီမံကိန်းဆောင်ရွက်မှု ကျေးရွာအဆင့် ဆန်းစစ်သုံးသပ်ပွဲအား ကျင်းပပြုလုပ်ခြင်း၊

(အ) ပြည်သူလူထု၏စိတ်ဓါတ်ကို ပြုပြင်နိုင်ရန်အတွက် ရန်ပုံငွေပြန်လည်ပေးဆပ်ခြင်းမရှိ သော စီမံကိန်းကျေးရွာများအား ဖွံ့ဖြိုးရေးလုပ်ငန်းများ ထပ်မံ ဆောင်ရွက်ပေးခြင်း မပြုရန်နှင့် တက်ကြွစွာပူးပေါင်း ဆောင်ရွက်သော စီမံကိန်းကျေးရွာများအား ဆုပေးသည့် စနစ်ကို ကျင့်သုံးခြင်း၊

(ကက)ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီအသစ် ပြန်လည်ဖွဲ့စည်းသည့် အကြိမ်တိုင်း မြို့နယ် စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီနှင့် ကျေးရွာရန်ပုံငွေကြီးကြပ်မှု ကော်မတီတို့ချုပ်ဆိုသည့် အရင်းမပျောက်လည်ပတ်ရန်ပုံငွေပေးအပ်မှုသဘောတူ စာချုပ်အား အသစ်ပြန်လည်ချုပ်ဆိုခြင်း။

**ကျေးရွာအဆင့်ကော်မတီများဖွဲ့စည်းခြင်း**

၁၀။ ကျေးရွာအဆင့်တွင် မြစိမ်းရောင်ရန်ပုံငွေအား စီမံခန့်ခွဲ၍ ကြီးကြပ်ဦးဆောင်အကောင်အထည်ဖော်မည့် ကျေးရွာအဆင့် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ယင်းလက်အောက်တွင် မြစိမ်းရောင်ဘဏ္ဍာရေးဆပ်ကော်မတီကိုလည်းကောင်း ဖွဲ့စည်းဆောင်ရွက်သွားပါမည်။

၁၁။ ကျေးရွာအဆင့်တွင် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်ရေးကော်မတီသည် လည်ပတ်ရန်ပုံငွေကို အဓိက တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အဖွဲ့အစည်းဖြစ်ပါသည်။ ရန်ပုံငွေလည်ပတခြင်းဆိုင်ရာ အကြံဉာဏ်များ၊ အခက်အခဲများဖြေရှင်းပေးခြင်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပေါင်းစပ် ဆောင်ရွက်ပေးနိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး (သို့မဟုတ်) ရာအိမ်မှူးက ဤကော်မတီ၏ နာယကအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

**မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း**

၁၂။ ကျေးရွာ၏ အိမ်ခြေအနည်းအများနှင့် လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီအား အဖွဲ့ဝင်(၇)ဦး (သို့မဟုတ်) (၉)ဦး (သို့မဟုတ်) (၁၁)ဦး တို့ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်-

(က) ကျေးရွာလူထုမှ ရွေးချယ်သော ကိုယ်စားလှယ်(၁)ဦး ဥက္ကဋ္ဌ

(ခ) ကျေးရွာလူထုမှ ရွေးချယ်သော ကိုယ်စားလှယ်(၅)၊ (၇)၊ (၉)ဦး အဖွဲ့ဝင်များ

( ဂ ) ကျေးရွာလူထုမှ ရွေးချယ်သော ကိုယ်စားလှယ်(၁)ဦး အတွင်းရေးမှူး

**မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များ**

၁၃။ မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီသည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်-

(က) ကျေးရွာသူ/သားများ စီမံကိန်း၏ အနှစ်သာရကို သဘောပေါက်စေရန် ကျေးရွာလုံးကျွတ်အစည်းအဝေးများဖိတ်ခေါ်ပြီး အသေးစိတ်ရှင်းလင်းဆွေးနွေးခြင်း မှတ်တမ်းများနှင့် ကော်မတီ အစည်းအဝေးမှတ်တမ်းများ ပြုစုထိန်းသိမ်းခြင်း၊

(ခ) မြစိမ်းရောင်ရန်ပုံငွေ လျော့ပါးမှုမရှိစေရေးသည် ကော်မတီ၏ အဓိကတာဝန်ဖြစ်သဖြင့် လည်ပတ်ရန်ပုံငွေ ထုတ်ယူသုံးစွဲခြင်းအပေါ် စာရင်းဇယားများပြုစု၍ ထိန်းသိမ်းခြင်းနှင့် မတည်ရန်ပုံငွေ ထာဝရရှင်သန်တိုးပွားစေရန်အတွက် တာဝန်ခံ၍ ဆောင်ရွက်ခြင်း၊

( ဂ ) မြစိမ်းရောင်ရန်ပုံငွေ လည်ပတ်လုပ်ဆောင်နိုင်ရေးအတွက် ကော်မတီအစည်းအဝေးကျင်းပပြုလုပ်၍ လိုအပ်သော စည်းမျဉ်းစည်းကမ်းများ၊ ထုတ်ချေးနိုင်မည့် ချေးငွေပမာဏ၊ ထုတ်ချေးမည့်လူဦးရေ၊ လုပ်ငန်းအမျိုးအစားအလိုက်ချေးငွေပမာဏ၊ အတိုးနှုန်း၊ ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလနှင့် အတိုးပေးသွင်းရမည့် ကာလတို့ကို သတ်မှတ်ထုတ်ပြန် ကြေငြာပေးခြင်း၊

(ဃ) သတ်မှတ်ကာလအတွင်း အတိုးနှင့်အရင်းပေးသွင်းရန် ပျက်ကွက်ပါက အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ရက်လွန်ဒဏ်ကြေးငွေ (သတ်မှတ်ထားသော အတိုးနှုန်းထက် မပိုသောငွေ) သတ်မှတ်ခြင်း၊ ကောက်ခံခြင်း၊

( င ) မြစိမ်းရောင်ရန်ပုံငွေအား သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ချေးနိုင်ရန် တင်ပြလာသည့်ပုဂ္ဂိုလ်များအားစိစစ်ခြင်း၊ ချေးငွေအတည်ပြုလွှာပုံစံတွင် ထုတ်ချေးပေးရမည့် ငွေပမာဏအား ဆုံးဖြတ်ပေးခြင်း၊ ကော်မတီဝင်အားလုံးမှ လက်မှတ်ရေးထိုးခြင်း၊ ကော်မတီမှ အတည်ပြုဆုံးဖြတ်ထားသော ထုတ်ချေးမည့်ဦးရေ၊ တစ်ဦးချင်းထုတ်ချေးမည့် ငွေပမာဏ၊ စုစုပေါင်းထုတ်ချေးငွေတို့ကို မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီသို့ အတည်ပြုချက်ရရှိရန် တင်ပြခြင်း၊

( စ ) အဆိုပြုထုတ်ချေးငွေအပေါ် ကျေးရွာသူ/ သားများအနေဖြင့် လုပ်ငန်းအမှန်တကယ် လုပ်ကိုင်ခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်း၊ လုပ်ကိုင်ဆောင်ရွက်မှု အားနည်းပါက အမှန်တကယ်လုပ်ဆောင်ရန် တိုက်တွန်းခြင်း၊ လုပ်ဆောင်ခြင်းမရှိပါက ခေါ်ယူသတိပေးခြင်း၊ နောက်တစ်ကြိမ်တွင် ချေးငွေထုတ်ယူခွင့်မပြုကြောင်း အသိပေး ပြောကြားခြင်း၊

(ဆ) ပြန်ဆပ်ရန်အချိန်ကျရောက်သော်လည်း ပေးဆပ်ခြင်းမရှိသည့် ပုဂ္ဂိုလ်များ၏ စာရင်းများထုတ်ပြန်၍ အချိန်မီ ပြန်လည်ပေးဆပ်ရန် နှိုးဆော်ခြင်း၊ အသိပေးခြင်း၊ အာမခံထား

သည့် ပုဂ္ဂိုလ်(၂)ဦးအား ကျေးရွာကော်မတီဝင်များနှင့်အတူ အသိပေး နှိုးဆော်ခြင်း၊ ပြန်လည် ပေးဆပ်ရမည့်အချိန်ကာလသတ်မှတ်ပေးခြင်း၊ သတ်မှတ်ရက်အတွင်း ပေးဆပ်ခြင်းမရှိပါက နောက်တစ်ကြိမ် ထပ်မံထုတ်ချေးမှုမပြုခြင်း၊ ချေးငွေခံစားသည့် မိသားစုဝင်များမှ ပေးလျော်စေခြင်း(သို့မဟုတ်) အာမခံသည့်ပုဂ္ဂိုလ်(၂)ဦးမှ အချိုးကျပေးလျော်စေခြင်း၊

(ဇ) ဆုံးရှုံးနိုင်ခြေရှိသော ချေးငွေအတွက် အရေးယူအပြစ်ပေးခြင်းဆိုင်ရာ လုပ်ငန်းများ ဆုံးဖြတ် ဆောင်ရွက်ခြင်း၊ ပစ်ပယ်ထားသော အုပ်စုများမရှိစေရေး ဆောင်ရွက်ခြင်း၊ ရန်ပုံငွေဆိုင်ရာ အငြင်းပွားမှု၊ မကျေနပ်မှု၊ တိုင်ကြားမှုများအား ကော်မတီဝင်များအားလုံး၏ သဘောထားရယူ၍ ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ မြို့နယ်ကော်မတီသို့ တင်ပြခြင်း၊

(ဈ) စီမံကိန်းကျေးရွာများအနေဖြင့် သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ရသည့် လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေးအခက်အခဲများရှိပါက အတိုးနှင့်အရင်း ပေးသွင်းရမည့်ကာလအားသင့်လျော်သလို သတ်မှတ်ပေးနိုင်ရန် မြို့နယ်သို့ တင်ပြခြင်း၊

(ည) စီမံကိန်းရန်ပုံငွေအား ဘဏ်မှငွေထုတ်ယူခြင်း၊ ဘဏ်သို့ပေးသွင်းခြင်းတို့တွင် ချက်လက်မှတ်/ငွေထုတ်လွှာ၌ ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့် အခြားအဖွဲ့ဝင်တစ်ဦး၊ ၎င်း (၃)ဦးအနက် (၂)ဦးမှ လက်မှတ်ရေးထိုးပေးခြင်း၊

(ဋ) စီမံကိန်းရန်ပုံငွေအား ဘဏ်မှထုတ်ယူခြင်း၊ ဘဏ်သို့ပေးသွင်းခြင်းတို့တွင် မြို့နယ်ကျေးလက်မှ အနည်းဆုံးဝန်ထမ်း(၂)ဦးနှင့်အတူ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင် (၃) ဦး (အမျိုးသမီးတစ်ဦး အပါအဝင်) လိုက်ပါဆောင်ရွက်စေခြင်း၊

(ဌ) စီမံကိန်းရန်ပုံငွေအား ဘဏ်မှထုတ်ယူခြင်း၊ ဘဏ်သို့ ပေးသွင်းခြင်းပြုလုပ်ရာတွင် လုံခြုံမှုရှိစေရေးအတွက် သံသေတ္တာဖြင့် သယ်ဆောင်ခြင်း၊

(ဍ) အတိုးရငွေများတိုးပွားရေး၊ ထပ်မံထုတ်ချေးပေးနိုင်ရေးနှင့် ရန်ပုံငွေရေရှည်တည်တံ့လည်ပတ်နိုင်ရေးအတွက်မြို့နယ်လုပ်ငန်းကော်မတီသို့ တင်ပြစီစဉ်ဆောင်ရွက်ခြင်း၊

(ဎ) ဘဏ္ဍာရေးဆပ်ကော်မတီ၏ လက်ဝယ်တွင် ထိန်းသိမ်းထားခွင့်ရှိသော အများဆုံးရန်ပုံငွေပမာဏအား (၅ သိန်းထက်မကျော်လွန်ဘဲ) သတ်မှတ်ပေးခြင်း၊ ဘဏ်မှ ထုတ်ယူထားသော ရန်ပုံငွေနှင့်ဘဏ်သို့ ပေးသွင်းရန်ရှိသည့် ရန်ပုံငွေအား လက်ဝယ်တွင်ထားရှိစဉ် ပျက်စီးဆုံးရှုံးမှုမရှိစေရန် အဓိကတာဝန်ယူထိန်းသိမ်းခြင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေသေတ္တာတွင် ထိန်းသိမ်းထားရှိရန် အလေးထားဆောင်ရွက်စေခြင်း၊

(ဏ) ငွေသေတ္တာတွင် အသုံးပြုသည့် သော့(၃)လုံးနှင့်သက်ဆိုင်သည့် သော့တွဲများအား ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့ဝင် (၁)ဦးထံတို့တွင် ထိန်းသိမ်းထားရှိခြင်း၊

(တ) ဘဏ္ဍာရေးဆပ်ကော်မတီလက်ဝယ်ရှိ သတ်မှတ်ပမာဏထက်ပိုသော ရန်ပုံငွေအား မြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် အပ်နှံစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ထ) တိုးပွားလာသော အတိုးများအား ပြန်လည်ရင်းနှီးမြုပ်နှံ၍ ချေးငွေအဖြစ် ပြန်လည် ထုတ်ချေးပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း၊

( ဒ ) စီမံကိန်းနှစ် (၁)နှစ်အတွင်း ရန်ပုံငွေပမာဏ၏ အများဆုံး(၂%) ထက်မပိုသော ငွေအား အုပ်ချုပ်မှုစရိတ်များ ဥပမာ၊ (စာရေးကိရိယာ၊ စာရွက်စာတမ်း၊ တံဆိပ်တုံး၊ ပရိဘောဂ၊ သေတ္တာ၊ သော့များဝယ်ယူခြင်း၊ မိတ္တူကူးခြင်း၊ ချေးငွေ အရင်း/ အတိုးကောက်ခံသည့် ကာလများတွင် တာဝန်ထမ်းဆောင်သည့် ကော်မတီဝင်များအတွက် နေ့တွက်စရိတ်၊ ငွေသွင်းငွေထုတ်ပြုလုပ်ရန်မြို့နယ် ကျေးလက် ဦးစီးဌာနနှင့် မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ခြင်း ခရီးစရိတ်၊ ငှါးရမ်းခ၊ စက်သုံး ဆီကုန်ကျစရိတ်၊ သင်တန်းစရိတ်၊ တည်းခိုစရိတ်၊ စားသောက်စရိတ်၊ ဘဏ်ဆောင်ရွက်ခ၊ လုပ်အားခ၊ ဆိုင်းဘုတ်ပြုလုပ် ခြင်း၊ ဗွီနိုင်းပြုလုပ်ခြင်း၊ သယ်ယူပို့ဆောင်ခများအတွက် အသုံးစရိတ်များစသည်) သုံးစွဲ နိုင်ရန် ဆုံးဖြတ်ပေးခြင်းနှင့် ငွေသုံးစွဲခြင်းအား ပြေစာဘောင်ချာများဖြင့် ထုတ်ယူရန် ကြီးကြပ်ခြင်း၊ စည်းကမ်းသတ်မှတ်ပေးခြင်း၊ သက်ဆိုင်ရာ မြို့နယ်နှင့် သွားလာရေး ခက်ခဲသော အချို့ဝေးလံ ခေါင်ဖျားသည့် ဒေသများအတွက် အုပ်ချုပ်မှုစရိတ်အား ဒေသ အာဏာပိုင်များ၏ ခိုင်လုံသောထောက်ခံချက်ဖြင့်မူလ(၂%)အပြင် နောက်ထပ် သင့်တော် သည့် အုပ်ချုပ်မှုစရိတ် သတ်မှတ်တိုးမြှင့်ပေး နိုင်ရန် မြို့နယ်ကော်မတီသို့ တင်ပြခြင်း၊

( ဓ ) ချေးငွေအရင်း/အတိုးကောက်ခံသည့်ကာလများတွင် တာဝန်ထမ်းဆောင်သည့် ကော်မတီ ဝင်များအား သင့်တင့်လျော်ညီသော နေ့တွက်လုပ်အားခအား ကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် အုပ်ချုပ်မှုစရိတ်(၂%)အနက်မှ ထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း

( န ) လစဉ်ကော်မတီအစည်းအဝေးများ ပုံမှန်ကျင်းပပြုလုပ်၍ လုပ်ငန်းဆိုင်ရာအခြေအနေ များ ဆွေးနွေးညှိနှိုင်းခြင်း၊ အစည်းအဝေးမှတ်တမ်းများပြုစုခြင်းနှင့် အစီရင်ခံစာများကို ပြုစုခြင်း၊

( ပ ) ရန်ပုံငွေအခြေအနေနှင့် ထုတ်ချေးထားသည့် ပုဂ္ဂိုလ်အမည်စာရင်း၊ ချေးငွေပမာဏတို့ အား ပြုစု၍ မြို့နယ်လုပ်ငန်းကော်မတီသို့ လစဉ်အစီရင်ခံခြင်းနှင့် အများပြည်သူသိရှိ နိုင်ရန် ကြော်ငြာသင်ပုန်း၊ စာရွက်(သို့မဟုတ်) ဗီနိုင်းတို့ဖြင့် (၃)လ(သို့မဟုတ်) (၆)လ တစ်ကြိမ် အသိပေးကြေညာခြင်း၊

( ဖ ) စာရင်းစစ်ဆေးမှုခံယူခြင်း၊ ကန့်ကွက်အကြံပြုချက်များကို တာဝန်ယူဖြေရှင်းပေးခြင်း၊

( ဗ ) ရာထူးတာဝန်ပြောင်းလဲထမ်းဆောင်ခြင်း၊ နုတ်ထွက်ခြင်း၊ သေဆုံးခြင်း၊ ဒေသပြောင်းရွှေ့ ခြင်း၊ အပြစ်ပေးခံရခြင်းတို့ကြောင့် လစ်လပ်သွားသော ကော်မတီဝင်နေရာများတွင်

အစားထိုး ရွေးကောက်တင်မြှောက်နိုင်ရန် မြို့နယ်ကော်မတီသို့တင်ပြခြင်း၊ မြို့နယ်ကော်မတီ၏ဦးဆောင်မှုဖြင့်ကျေးရွာလုံးကျွတ်အစည်းအဝေးပွဲများကျင်းပရွေးချယ်ခြင်း၊

(ဘ) ကော်မတီသက်တမ်း(၃)နှစ် ပြည့်ချိန်တွင် ကော်မတီအသစ် ပြန်လည်ဖွဲ့စည်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်းနှင့်ကော်မတီအသစ်အား ရန်ပုံငွေနှင့်စာရင်းဇယားများ စနစ်တကျ လွှဲပြောင်းပေးအပ်ခြင်း၊

(မ) မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီမှ လမ်းညွှန်သော မြစိမ်းရောင်ရန်ပုံငွေနှင့် ပတ်သက်သည့် ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများအား လိုက်နာအကောင်အထည်ဖော်ခြင်း၊

(ယ) မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီသည် လုပ်ငန်းများ ဆုံးဖြတ်ဆောင်ရွက်ရန်အတွက် ကော်မတီဝင်များအားလုံး(သို့မဟုတ်)အနည်းဆုံး ကော်မတီဝင်ဦးရေ ထက်ဝက်ကျော် တက်ရောက်သော အစည်းအဝေးဆုံးဖြတ်ချက်များအရ ဆောင်ရွက်ခြင်း၊

(ရ) သဘာဝဘေးအန္တရာယ်ကြောင့် မဟုတ်သော ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီမှ အလေးထားဆောင်ရွက်စေခြင်း၊

(လ) သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ပါက ပျက်စီးဆုံးရှုံးမှုအခြေအနေအား ကွင်းဆင်းစစ်ဆေးခြင်း၊ စာရင်းကောက်ယူခြင်း၊ မြို့နယ်သို့တင်ပြခြင်း။

(ဝ) ကော်မတီအဆင့်ဆင့်နှင့်မြို့နယ်စာရင်းစစ်ရုံးတို့မှ ကွင်းဆင်းစစ်ဆေးသည့်အခါ စီမံကိန်းနှင့်သက်ဆိုင်သော ငွေစာရင်းပုံစံများ၊ ပြေစာဘောင်ချာများ စစ်ဆေးမှုကို ခံယူခြင်း၊ ကွင်းဆင်းစစ်ဆေးသည့်အခါ လိုက်လံရှင်းလင်း ပြသခြင်း၊

(သ) ချေးယူသူ(အသင်းသား)များမှ ချေးငွေအတွက် သတ်မှတ်ကာလအတွင်း ပေးသွင်းရမည့် အရင်း/အတိုးငွေ အားလုံး(သို့မဟုတ်) တစ်စိတ်တစ်ဒေသကို ပေးသွင်းရန်ပျက်ကွက်ပါက ကျေးရွာကော်မတီမှ ဦးဆောင်၍ တရားဥပဒေနှင့်အညီအရေးယူဆောင်ရွက်ခြင်း၊ တရားစွဲဆိုသည့်ကုန်ကျစရိတ်များကို စီမံကိန်းရန်ပုံငွေ အုပ်ချုပ်မှုအသုံးစရိတ်(၂%)မှ ကျခံသုံးစွဲခြင်း။

**မြစိမ်းရောင်ဘဏ္ဍာရေးဆပ်ကော်မတီဖွဲ့စည်းခြင်း**

၁၄။ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် သက်ဆိုင်သည့် ငွေကြေးကိုင်တွယ်သုံးစွဲခြင်း၊ ငွေစာရင်းထိန်းသိမ်းခြင်းနှင့်အစီရင်ခံခြင်း အစရှိသည့်ကိစ္စရပ်များအားလုံးကို ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်ဘဏ္ဍာရေးဆပ်ကော်မတီကို အဖွဲ့ဝင်(၃)ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(က) ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များမှရွေးချယ်ပေးသည့် ဥက္ကဋ္ဌ
ပုဂ္ဂိုလ်(၁)ဦး

(ခ) ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များမှ ရွေးချယ်ပေးသည့် ဘဏ္ဍာရေးမှူး ပုဂ္ဂိုလ်(၁)ဦး

(ဂ) ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များမှရွေးချယ်ပေးသည့် စာရင်းကိုင် ပုဂ္ဂိုလ်(၁)ဦး

**မြစိမ်းရောင်ဘဏ္ဍာရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များ**

၁၅။ မြစိမ်းရောင်ဘဏ္ဍာရေးဆပ်ကော်မတီသည် အောက်ဖော်ပြပါလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည် -

(က) စီမံကိန်းလည်ပတ်ရန်ပုံငွေနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများ၊ ထုတ်ချေးမည့် လူဦးရေ၊ ချေးငွေပမာဏ၊ လုပ်ငန်းအမျိုးအစားအလိုက် ချေးငွေပမာဏ၊ အတိုးနှုန်းနှင့် ချေးငွေကာလများ သတ်မှတ်ပေးခြင်း၊ အတိုးနှင့် အရင်းကောက်ခံမည့် နေ့ရက်များ ထုတ်ပြန်ကြေညာခြင်း၊

(ခ) ထုတ်ချေးငွေများ ပြန်လည်စုစည်းခြင်း၊ အတိုးရငွေများ ကောက်ခံခြင်း၊

(ဂ) ချေးငွေ အတိုး/အရင်း ပြန်လည်ကောက်ခံရာတွင် ဘဏ်သို့အချိန်မီပေးသွင်းနိုင်ရန် သောကြာ၊ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် ကောက်ခံမှု မပြုခြင်း၊

(ဃ) အတိုး/အရင်းကောက်ခံရမည့် နေ့ရက်သည် ရုံးပိတ်ရက်များနှင့် တိုက်ဆိုင်နေပါက ရုံးပိတ်ရက်မတိုင်မီ ကြိုတင်ကောက်ခံခြင်း (သို့မဟုတ်) ရုံးပိတ်ရက်ကျော်လွန်ပြီးမှ ကောက်ခံ၍ မြန်မာ့စီးပွားရေးဘဏ်သို့ အချိန်မီပေးသွင်းခြင်း၊

(င) ပြန်ဆပ်ရန်အချိန်ကျရောက်သော်လည်း ပေးဆပ်ခြင်းမရှိသူများ၏စာရင်းများ ထုတ်ပြန်၍ အချိန်မီပြန်လည်ပေးဆပ်ရန် နှိုးဆော်ခြင်း၊ အသိပေးခြင်းကို မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီထံ တင်ပြဆောင်ရွက်ခြင်း၊

(စ) သတ်မှတ်ကာလအတွင်း အတိုးနှင့် အရင်း ပေးသွင်းခြင်းမရှိသည့် ပုဂ္ဂိုလ်များအတွက် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဒဏ်ကြေးသတ်မှတ်ကောက်ခံ ခွင့်ပြုရန် တင်ပြခြင်း၊

(ဆ) ဘဏ္ဍာရေးဆပ်ကော်မတီသည် ရန်ပုံငွေလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များအားလုံး (သို့မဟုတ်) ကော်မတီဝင်ဦးရေထက်ဝက်ကျော် တက်ရောက်သော အစည်းအဝေးဆုံးဖြတ်ချက်များအရ ဆောင်ရွက်ခြင်းနှင့် ဘဏ္ဍာရေး ဆိုင်ရာလုပ်ငန်းများအား အကောင်အထည်ဖော်ပေးခြင်း၊

(ဇ) မြန်မာ့စီးပွားရေးဘဏ်နှင့် ဆက်စပ်သော စီမံကိန်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဈ) ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌအနေဖြင့် ဘဏ်တွင်အပ်နှံထားသော ရန်ပုံငွေ ထုတ်ယူ နိုင်ရေးအတွက် ချက်လက်မှတ်/ငွေထုတ်လွှာအား လက်မှတ်ရေးထိုးပေးခြင်း၊

(ည) မြစိမ်းရောင်ရန်ပုံငွေကို ငွေသေတ္တာတွင် လုံခြုံစွာထိန်းသိမ်းခြင်း၊ စီမံကိန်းဆိုင်ရာ ငွေစာရင်းစာအုပ်များ၊ ဘဏ်လက်ကျန်ရှင်းတမ်းများနှင့် ငွေလက်ခံဖြတ်ပိုင်း၊ ငွေရ ပြေစာ၊ ပြေစာဘောင်ချာများ ထိန်းသိမ်းခြင်း၊

(ဋ) ကော်မတီသည် ဘဏ်မှထုတ်ယူထားသော ရန်ပုံငွေနှင့် ဘဏ်သို့ ပေးသွင်းရန်ရှိသည့် ရန်ပုံငွေအားလက်ဝယ်တွင်ထားရှိစဉ် ငွေသေတ္တာတွင် သိမ်းဆည်းထားစေခြင်း၊ ပျက်စီး ဆုံးရှုံးမှုမရှိစေရန် အဓိက တာဝန်ယူထိန်းသိမ်းခြင်း၊

(ဌ) အုပ်ချုပ်မှုအသုံးစရိတ် ၂% အနက်မှ သုံးစွဲပြီးငွေ၊ သုံးစွဲရန်ကျန် ငွေစာရင်းတို့ကို မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း၊

(ဍ) ဘဏ္ဍာရေးဆပ်ကော်မတီ၏ လက်ဝယ်တွင် ထားရှိနိုင်သော အများဆုံးငွေပမာဏမှာ ကျပ်(၅)သိန်းဖြစ်ပါသည်။ သို့ရာတွင်ကျေးရွာ၏ (လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေး) လိုအပ်ချက်အရ လက်ဝယ်ထားရှိနိုင်သည့် ငွေပမာဏကို ကျေးရွာရန်ပုံငွေကြီးကြပ်မှု ကော်မတီမှ မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်နိုင်သည်။

(ဎ) လစဉ်ငွေစာရင်း မှတ်တမ်းများနှင့် အစီရင်ခံစာများကို ပြုစုခြင်း၊ မြစိမ်းရောင် ရန်ပုံငွေ ကြီးကြပ်မှုကော်မတီထံတင်ပြခြင်း၊ ကျေးရွာသူ/သားများမှ စီမံကိန်းနှင့်သက်ဆိုင်သော ငွေကြေးဆိုင်ရာကိစ္စရပ်များအား သိရှိလိုပါက လေ့လာခွင့်ရရှိရန် ဆောင်ရွက်ပေးခြင်း၊

(ဏ) မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီမှ လမ်းညွှန်သော မြစိမ်းရောင်ရန်ပုံငွေနှင့် ပတ်သက်သည့် ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများအား လိုက်နာအကောင်အထည်ဖော်ခြင်း။

၁၆။ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများ**

(၁) စီမံကိန်းနှင့်သက်ဆိုင်သော စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းနှင့် ငွေစာရင်း ထိန်းသိမ်းခြင်းသင်တန်းများ တက်ရောက်ခြင်း၊ စီမံကိန်းနှင့် ပတ်သက်၍ ကျေးရွာသူ/သားများသို့ ရှင်းလင်းဆွေးနွေးခြင်း၊

(၂) ကော်မတီဝင်များနှင့်အတူ ကျေးရွာသူ/သားများအား ဖိတ်ကြား၍ တစ်လ တစ်ကြိမ်(သို့မဟုတ်) အခါအားလျော်စွာအစည်းအဝေးအား ဦးဆောင်ကျင်းပ၍ ချေးငွေနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများ၊ အတိုးနှုန်း၊ ချေးငွေ ကာလ၊ အတိုး/အရင်းပေးသွင်းရမည့်ကာလ၊ ရက်လွန်ဒဏ်ကြေးများ၊ စီမံကိန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ပြင်ဆင်သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ ရှင်းလင်း ဆွေးနွေးခြင်း၊

(၃) ကျေးရွာသူ/သားများအား အဆိုပြုချေးငွေအပေါ် လုပ်ငန်းများ ဆောင်ရွက်ရန် ကိစ္စရပ်များ၊ စစ်ဆေးမည့်ကိစ္စရပ်များ၊ စည်းကမ်းနှင့် မညီညွတ်ပါက အရေးယူ ဆောင်ရွက်မည့်ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးခြင်း၊

(၄) ကျေးရွာသူ၊ ကျေးရွာသားများ၏ ချေးငွေဖြင့်ဆောင်ရွက်သည့် လုပ်ငန်းများ အား စောင့်ကြည့်လေ့လာသုံးသပ်ခြင်း၊ ကျေးရွာသူ/သားများ၏ ချေးငွေအပေါ် မကျေနပ်ချက်များ၊ အငြင်းပွားမှုများ၊ တိုင်ကြားချက်များအား ကော်မတီဝင်များ နှင့်အတူ ဖြေရှင်းပေးခြင်း၊

(၅) ကော်မတီ၏ လုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ တိုင်ကြားချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များက ရှေးဦးစုံစမ်းစစ်ဆေးမှုနှင့် ကွင်းဆင်း စစ်ဆေးမှု များရှိပါက အစစ်ဆေးခံခြင်း၊

(၆) မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်း ကော်မတီ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကော်မတီအကြား လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ညှိနှိုင်းပေးခြင်း၊

(၇) မြစိမ်းရောင်ရန်ပုံငွေအားအပ်နှံထားသောဘဏ်မှထုတ်ယူရာတွင် ချက်လက်မှတ်/ ငွေထုတ်လွှာ၌ ဘဏ္ဍာရေးဆပ် ကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်တစ်ဦးဦးနှင့်အတူ လက်မှတ်ရေးထိုးပေးခြင်း၊ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်၍ ငွေသွင်း/ငွေထုတ်ကိစ္စရပ်များ ဆောင်ရွက်ခြင်း၊

(၈) ကော်မတီမှ ထိန်းသိမ်းထားရှိရမည့် စာရင်းပုံစံများ၊ မှတ်တမ်းစာအုပ်များ၊ ငွေရ ငွေပေးအထောက်အထားစာရွက်စာတမ်းများ၊ ပြေစာဘောင်ချာများ၊ ဘဏ်ရှင်း တမ်းမိတ္တူများ၊ စာရေးကိရိယာများ၊ သော့နှင့် ငွေသေတ္တာများစနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊

(၉) အုပ်ချုပ်မှုဆိုင်ရာ ခွင့်ပြုထားသော ငွေသုံးစွဲရန် စည်းကမ်းသတ်မှတ်ခြင်း၊ ဘဏ္ဍာရေးဆပ်ကော်မတီ၏ လက်ဝယ်တွင် ထားရှိရမည့် ငွေပမာဏနှင့် သုံးစွဲ မည့်ငွေပမာဏကို အစည်းအဝေးမှတ်တမ်းတွင် အတည်ပြုမှတ်တမ်းတင်ခြင်း၊

(၁၀) ဘဏ်မှထုတ်ယူထားသောရန်ပုံငွေနှင့် ဘဏ်သို့ပေးသွင်းရန်ရှိသည့် ရန်ပုံငွေများ အားထိန်းသိမ်းထားရှိခြင်း၊ ပျက်စီးဆုံးရှုံးမှုမရှိစေရန် တာဝန်ယူထိန်းသိမ်းခြင်း၊

(၁၁) ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌသည် ဘဏ္ဍာရေးဆပ်ကော်မတီတွင် တာဝန် ယူဆောင်ရွက်ခွင့်မရှိခြင်း။

## (ခ) ရန်ပုံငွေကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး၏ တာဝန်ဝတ္တရားများ

(၁) စီမံကိန်းနှင့် သက်ဆိုင်သော စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းနှင့် ငွေစာရင်း ထိန်းသိမ်းခြင်းသင်တန်းများ တက်ရောက်ခြင်း၊

(၂) ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ကျေးရွာပြင်ပသို့ ခရီးထွက်ခွာသွားပါက ဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ခြင်း၊

(၃) စီမံကိန်း၏ ရည်မှန်းချက်၊ စည်းမျဉ်းစည်းကမ်းများကို ကျေးရွာသူ/ ကျေးရွာ သားများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ဥက္ကဋ္ဌကိုယ်စား ဆွေးနွေးခြင်း၊

(၄) ဘဏ္ဍာရေးဆပ်ကော်မတီ လက်ဝယ်တွင်ထားရှိသည့် ငွေပမာဏထက်ကျော်လွန် သော ငွေများအား ဘဏ်သို့ အပ်နှံစေရန် ကြီးကြပ်ခြင်း၊

(၅) ကော်မတီဝင်များအား တစ်လတစ်ကြိမ်(သို့မဟုတ်) အခါအားလျော်စွာ ချေးငွေနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများပြင်ဆင်ရန်၊ ညှိနှိုင်းရန်အတွက် ဖိတ်ကြား ဆောင်ရွက်ပေးခြင်း၊

(၆) အစည်းအဝေးအား ဥက္ကဋ္ဌနှင့်အတူ ဦးဆောင်ကျင်းပခြင်း၊ အစည်းအဝေးများ တွင် မှတ်တမ်းတင်ခြင်းနှင့် ပြုစုခြင်း၊ လက်မှတ်ရေးထိုး၍ အတည်ပြု ထုတ်ပြန်ခြင်း၊ အစီရင်ခံစာများပြုစု၍ မြို့နယ်သို့တင်ပြခြင်း၊

(၇) ကျေးရွာသို့ ကွင်းဆင်းစစ်ဆေးသည့် တာဝန်ရှိပုဂ္ဂိုလ်များ၏ ဧည့်မှတ်တမ်းများ ထိန်းသိမ်းထားရှိခြင်း၊ ငွေစာရင်းပုံစံများ စနစ်တကျရှိစေရေး ကြီးကြပ် ဆောင်ရွက်ခြင်း၊

(၈) စီမံကိန်းနှင့်သက်ဆိုင်သော မတည်ငွေ၊ ထုတ်ချေးငွေ၊ အတိုးရငွေ၊ ဒဏ်ကြေး ငွေများ စနစ်တကျထိန်းသိမ်းထားရှိခြင်း၊ အတိုးရငွေနှင့် အသုံးစရိတ်များကို ဘဏ္ဍာရေးမှူးနှင့် ပူးတွဲ၍ စစ်ဆေးမှတ်တမ်းပြုစုခြင်း၊

(၉) ကျေးရွာတွင်အများပြည်သူသိရှိစေရန်အတွက် ချေးငွေအောင်သူစာရင်း ကြေငြာ ဆိုင်းဘုတ်၊ စီမံကိန်းဆိုင်ရာငွေစာရင်းရှင်းတမ်းဆိုင်းဘုတ်များ၊ ကျေးရွာ စီမံကိန်း ဆိုင်းဘုတ်၊ ပညာပေးဗီနိုင်းပိုစတာများ စိုက်ထူရန် ကူညီဆောင်ရွက် ပေးခြင်း၊

(၁၀) ရန်ပုံငွေပမာဏ၏ အများဆုံး(၂)ရာခိုင်နှုန်းထက် မပိုသောငွေအား အုပ်ချုပ်မှု စရိတ်များ သုံးစွဲရာတွင် စနစ်တကျဖြစ်စေရန် ဆောင်ရွက်ခြင်း၊

(၁၁) မြစိမ်းရောင်ရန်ပုံငွေအား ဘဏ်မှ ငွေထုတ်ယူခြင်း၊ ဘဏ်သို့ ငွေပေးသွင်းခြင်း တို့တွင် ချက်လက်မှတ်/ ငွေထုတ်လွှာ၌ လက်မှတ်ရေးထိုးခွင့် မရှိခြင်း၊

(၁၂) မြို့နယ် စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်ကော်မတီအကြားလုပ်ငန်းများ ဆောင်ရွက်ရာတွင်အဆင်ပြေ ချောမွေ့စေရန် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(၁၃) ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးသည် ဘဏ္ဍာရေးဆပ် ကော်မတီတွင် တာဝန်ယူ ဆောင်ရွက်ခွင့်မရှိခြင်း၊

## (ဂ) ရန်ပုံငွေကြီးကြပ်မှုကော်မတီမှ အဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများ

(၁) စီမံကိန်းနှင့်သက်ဆိုင်သော စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများတက် ရောက်ခြင်း၊ ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာ ဆောင်ရွက်ခြင်း၊

(၂) ကော်မတီဝင်များနှင့် လစဉ်(သို့မဟုတ်) အခါအားလျော်စွာ ကျင်းပပြုလုပ်သည့် အစည်းအဝေးသို့ ကိုယ်တိုင်မပျက်မကွက် တက်ရောက်ခြင်း၊ အစည်းအဝေးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ ဆောင်ရွက်ပေးခြင်း၊ အစည်းအဝေးမှတ်တမ်းအား အတွင်းရေးမှူးနှင့်အတူ မှတ်တမ်းတင်ခြင်း၊

(၃) ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့မှ ပေးအပ်သည့် စီမံကိန်းဆိုင်ရာလုပ်ငန်းများ တာဝန်ယူဆောင်ရွက်ခြင်း၊

(၄) စီမံကိန်းရန်ပုံငွေအား ဘဏ်မှ ငွေထုတ်ယူခြင်း၊ ဘဏ်သို့ငွေပေးသွင်းခြင်းတို့ တွင် ချက်လက်မှတ်/ငွေထုတ်လွှာ၌ ကော်မတီ၏ သဘောတူညီချက်ဖြင့် အဖွဲ့ဝင်များအနက် တာဝန်ပေးအပ်ခံရသည့်အဖွဲ့ဝင်(၁)ဦးမှ လက်မှတ်ရေးထိုးခြင်း၊

(၅) စီမံကိန်းရန်ပုံငွေအား အပ်နှံထားသောဘဏ်မှ ထုတ်ယူရာတွင် ချက်လက်မှတ်/ ငွေထုတ်လွှာ၌ ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌတို့အနက် တစ်ဦးဦးမှ ခရီးလွန်ခြင်း (သို့မဟုတ်) မအားလပ်ခြင်းတို့ရှိပါ က ကော်မတီမှရွေးချယ်ထားသော အဖွဲ့ဝင်(၁)ဦးမှ လက်မှတ်ရေးထိုးပေးခြင်း၊ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်၍ ငွေသွင်း/ငွေထုတ် ကိစ္စရပ်များ ဆောင်ရွက်ခြင်း၊

## (ဃ) ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများ

(၁) ခရိုင်နှင့် မြို့နယ်အဆင့်တို့မှ ဖွင့်လှစ်သည့် ငွေစာရင်းထိန်းသိမ်းမှုဆိုင်ရာ သင်တန်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ တက်ရောက်ခြင်း၊

(၂) မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်မှုဖြင့် ချေးငွေလျှောက်လွှာ တင်သွင်းရမည့် နေ့ရက်များ သတ်မှတ်ပေးခြင်း၊ ချေးငွေချေးယူမည့် အဖွဲ့ဝင် များ၏ လျှောက်လွှာကို စိစစ်လက်ခံခြင်း၊

(၃) စီမံကိန်းရန်ပုံငွေ လည်ပတ်နိုင်ရေးအတွက် လိုအပ်သော စည်းမျဉ်း စည်းကမ်းများ သတ်မှတ်ရေးဆွဲနိုင်ရေး ဆောင်ရွက်ခြင်း၊

(၄) ချေးငွေအား ပြန်လည်ပေးဆပ်ရမည့် အချိန်ကာလ၊ အတိုးသွင်းရမည့်ကာလ သတ်မှတ်ပေးခြင်း၊ ချေးငွေများကောက်ခံခြင်း၊ အတိုးရငွေများ ကောက်ခံခြင်း၊

(၅) ချေးငွေလျှောက်လွှာပုံစံ၊ ချေးငွေသဘောတူစာချုပ်၊ အာမခံသည့်ပုဂ္ဂိုလ် သဘောတူညီချက်၊ ချေးငွေရယူသည့်ပုဂ္ဂိုလ်များ မှတ်တမ်းစာရင်းနှင့် အခြားငွေစာရင်း ပုံစံများ စနစ်တကျထိန်းသိမ်းထားရှိခြင်း၊ ငွေသေတ္တာနှင့် သော့ဝယ်ယူ၍ တာဝန်ရှိ ပုဂ္ဂိုလ်များအား လွှဲပြောင်းပေးအပ်ခြင်း၊

(၆) စီမံကိန်းရန်ပုံငွေအား အပ်နှံထားသောဘဏ်မှ ထုတ်ယူရာတွင် ချက်လက်မှတ်/ ငွေထုတ်လွှာ၌ ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်တစ်ဦးဦးတို့နှင့်အတူ လက်မှတ်ရေးထိုးပေးခြင်း၊ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်၍ ငွေသွင်း/ ငွေထုတ်ကိစ္စရပ်များ ဆောင်ရွက်ခြင်း၊

(၇) ငွေစာရင်းပုံစံများ၊ မှတ်တမ်းများတွင် တာဝန်ရှိပုဂ္ဂိုလ်များ လက်မှတ်ရေးထိုး စေခြင်း၊

(၈) ဘဏ္ဍာရေးဆပ်ကော်မတီ၏ လက်ဝယ်တွင်ထားရှိရမည့် ငွေပမာဏ(၅)သိန်း ထက် ကျော်လွန်သောငွေများအား ဘဏ်သို့အပ်နှံခြင်း၊ လက်ဝယ်ထားရှိရမည့်ငွေ အား ငွေသေတ္တာတွင် ထိန်းသိမ်းထားရှိစေခြင်း၊ ရန်ပုံငွေ၊ ပစ္စည်းပျောက်ဆုံးမှုမရှိ စေရန် တာဝန်ခံ ဆောင်ရွက်ခြင်း၊

(၉) ချေးယူထားသည့်ပုဂ္ဂိုလ်မှ ထွက်ပြေးတိမ်းရှောင်ခြင်း၊ ပြန်လည်ပေးဆပ်ရန် အခက်အခဲရှိခြင်း၊ ပြန်လည်ပေးဆပ်ရန် ငြင်းပယ်ခြင်းတို့ တွေ့ရှိရပါက အာမခံ ထားသည့် ပုဂ္ဂိုလ်(၂)ဦးအား ပေးဆပ်ရန်သတိပေးခြင်း၊

(၁၀) အုပ်ချုပ်မှုဆိုင်ရာ ခွင့်ပြုထားသောငွေမှ အသုံးစရိတ်များထုတ်ယူသုံးစွဲခြင်း၊ သုံးစွဲမည့်ငွေပမာဏကို အစည်းအဝေးမှတ်တမ်းတွင် အတည်ပြုမှတ်တမ်း တင်ရန် တင်ပြခြင်း၊

(၁၁) စာရင်းစစ်ဆေးမှုခံယူခြင်း၊ ကန့်ကွက်အကြံပြုချက်များကို တာဝန်ယူဖြေရှင်းပေး ခြင်း။

## (င) ဘဏ္ဍာရေးမှူး၏တာဝန်ဝတ္တရားများ

(၁) ခရိုင်နှင့် မြို့နယ်တို့မှ ဖွင့်လှစ်သည့် ငွေစာရင်းထိန်းသိမ်းမှုဆိုင်ရာ သင်တန်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ တက်ရောက်ခြင်း၊

(၂) မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီနှင့် လစဉ်(သို့မဟုတ်) လုပ်ငန်းလိုအပ်ချက်အရ ပြုလုပ်သောအစည်းအဝေးများတွင် မတည်ငွေမှထုတ်ချေးငွေ၊ အတိုးရငွေ၊ ဒဏ်ကြေးငွေများ၊ အုပ်ချုပ်မှုစရိတ်အတွက်ခွင့်ပြုငွေမှ သုံးစွဲငွေများကို သိရှိစေရန်တင်ပြခြင်း၊ အတည်ပြုချက်ရယူခြင်း၊

(၃) ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ငွေသွင်းငွေထုတ်ကိစ္စရပ်များကို ဆောင်ရွက်ခြင်း၊ ငွေစာရင်းပုံစံများ၊ ဘဏ်ရှင်းတမ်းများ၊ အသုံးစရိတ်ပြေစာ၊ ဘောင်ချာများ စနစ်တကျထိန်းသိမ်းထားရှိခြင်း၊ မတည်ရန်ပုံငွေ အရင်း မပျောက်စေရန် တာဝန်ယူ ဆောင်ရွက်ခြင်း၊

(၄) မြစိမ်းရောင်ဘဏ္ဍာရေးဆပ်ကော်မတီ လက်ဝယ်တွင်ထားရှိရမည့် ငွေပမာဏ(၅)သိန်းထက် ကျော်လွန်သော ငွေများအား ဘဏ်သို့အပ်နှံခြင်း၊ ကော်မတီ၏ လက်ဝယ်ထားရှိမည့် ငွေအား သေတ္တာတွင် သော့(၃)လုံးခတ်၍ ဘဏ္ဍာရေးမှူး၏ နေအိမ် တွင် လုံခြုံစွာ ထိန်းသိမ်းထားရှိခြင်း၊

(၅) ငွေသေတ္တာတွင် အသုံးပြုသည့် သော့(၃)လုံးနှင့်သက်ဆိုင်သည့် သော့တွဲများအား ရန်ပုံငွေကြီးကြပ်မှုကော်မတီဉက္ကဋ္ဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီ ဉက္ကဋ္ဌနှင့် တာဝန် ပေးအပ်ခြင်းခံရသည့် အဖွဲ့ဝင် (၁)ဦးထံ ပေးအပ်ခြင်း၊

(၆) ချေးငွေလျှောက်လွှာပုံစံ၊ ချေးငွေသဘောတူစာချုပ်၊ အာမခံသူ သဘောတူညီချက်၊ ချေးငွေရယူသူများ မှတ်တမ်းစာရင်းနှင့် အခြားငွေစာရင်းပုံစံများ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ထုတ်ချေးငွေအား ပြန်လည်စုစည်းခြင်း၊ အတိုးရငွေများ ကောက်ခံခြင်း၊ ဒဏ်ကြေးများကောက်ခံခြင်း၊

(၇) ပြန်ဆပ်ရန် အချိန်ကျရောက်သော်လည်း ပေးဆပ်ခြင်းမရှိသူများ၏ စာရင်းများ ထုတ်ပြန်၍ အချိန်မီပြန်လည်ပေးဆပ်ရန် နှိုးဆော်ခြင်း၊ အသိပေးခြင်း၊ အာမခံထားသည့် ပုဂ္ဂိုလ်(၂)ဦးအား အသိပေးနှိုးဆော်ခြင်း၊

**( စ ) စာရင်းကိုင်၏ တာဝန်ဝတ္တရားများ**

(၁) ခရိုင်နှင့် မြို့နယ်တို့မှ ဖွင့်လှစ်သော စီမံကိန်း ငွေစာရင်းထိန်းသိမ်းမှုဆိုင်ရာ သင်တန်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ တက်ရောက်ခြင်း၊

(၂) ချေးငွေအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ခြင်း၊ ချေးငွေအဆင့်များ ပြုစုထားခြင်း၊ အဆိုပြုချေးငွေအပေါ် အမှန်တကယ်ဆောင်ရွက်ခြင်းရှိ/မရှိ စိစစ်နိုင်ရန် ကော်မတီသို့တင်ပြခြင်း၊

(၃) အုပ်ချုပ်မှုအသုံးစရိတ်မှ သုံးစွဲမည့် အသုံးစရိတ်များအား သတ်မှတ်ကာလအတွင်း ထုတ်ယူရန် အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူခြင်းနှင့် ပြေစာ

ဘောင်ချာများ ပြည့်စုံစွာဖြင့် ထုတ်ယူခွင့်ရရှိရေး ဆောင်ရွက်ပေးခြင်း၊ အသုံးစရိတ် ပြေစာဘောင်ချာများ စနစ်တကျ ဖိုင်တွဲထားရှိခြင်း၊

(၄) ကော်မတီဝင်များအား တစ်လတစ်ကြိမ်(သို့မဟုတ်) အခါအားလျော်စွာ အစည်းအဝေးကျင်းပပြုလုပ်သည့်အခါ မတည်ငွေမှထုတ်ချေးငွေ၊ အတိုးရငွေ၊ ဒဏ်ကြေးငွေများရရှိမှုအခြေအနေ၊ အုပ်ချုပ်မှုစရိတ်သုံးစွဲမှု အခြေအနေ တင်ပြခြင်း၊

(၅) ငွေစာရင်းပုံစံများတွင်တာဝန်ရှိပုဂ္ဂိုလ်များလက်မှတ်ရေးထိုးမှုရှိ/မရှိ စစ်ဆေးခြင်း၊

(၆) ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ငွေသွင်းငွေထုတ် ကိစ္စရပ်များကို ဆောင်ရွက်ခြင်း၊ ငွေစာရင်းပုံစံများ စနစ်တကျပြုစုထိန်းသိမ်းခြင်း၊ ဘဏ်ရှင်းတမ်းများ၊ အသုံးစရိတ်ပြေစာ၊ ဘောင်ချာများစနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊

(၇) ရန်ပုံငွေအခြေအနေအား လစဉ်စာရင်းချုပ်ခြင်း၊ ကျေးရွာတွင် အများပြည်သူသိရှိစေရန်အတွက် စီမံကိန်းဆိုင်ရာ ငွေစာရင်းရှင်းတမ်းပြုစုခြင်းနှင့် ဆိုင်းဘုတ်များ စိုက်ထူရန် ကူညီဆောင်ရွက်ပေးခြင်း၊

(၈) စာရင်းစစ်ဆေးမှုခံယူခြင်း၊ ကန့်ကွက်အကြံပြုချက်များကို တာဝန်ယူဖြေရှင်းပေးခြင်း၊

## ကျေးရွာသူ/ကျေးရွာသားများ၏ တာဝန်ဝတ္တရားများ

၁၇။ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် ကျေးရွာများတွင်နေထိုင်သော ကျေးရွာသူ/ သားများအနေဖြင့် စီမံကိန်းရေရှည်တည်တံ့နိုင်စေရန်အတွက် အောက်ဖော်ပြပါ တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရမည်-

(က) မြို့နယ်စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီမှ ဖိတ်ကြားသည့် စီမံကိန်းမိတ်ဆက်ရှင်းလင်းပွဲနှင့် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီ ရွေးချယ်ပွဲများသို့ ကျေးရွာသူ/သားအားလုံး **(အိမ်ထောင်စု(၁)စုလျှင် ကိုယ်စားလှယ်(၁) ဦး)** တက်ရောက်ရမည်၊

(ခ) လည်ပတ်ရန်ပုံငွေ ရေရှည်တည်တံ့စေရန်အတွက် ကော်မတီမှ သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများအား လိုက်နာရမည်၊

(ဂ) ကော်မတီမှ လုပ်ငန်းလိုအပ်ချက်အရ လည်ပတ်ရန်ပုံငွေနှင့် ပတ်သက်သည့် အစည်းအဝေးများ၊ ကျေးရွာကော်မတီဝင်များ ရာထူးတာဝန်ပြောင်းလဲ ထမ်းဆောင်ခြင်း၊ သေဆုံးခြင်း၊ နုတ်ထွက်ခြင်း၊ ဒေသပြောင်းရွှေ့ခြင်း၊ အပြစ်ပေးအရေးယူခံရခြင်းတို့ကြောင့် လစ်လပ်သည့်နေရာများအတွက် ရွေးချယ်သည့်ရွေးချယ်ပွဲများသို့ ကျေးရွာသူ/သား (အသင်းဝင်များ) တက်ရောက်ရမည်၊

(ဃ) ကျေးရွာတွင် နေထိုင်သော်လည်း မြစိမ်းရောင်ရန်ပုံငွေ ချေးယူလိုခြင်းမရှိသည့် အိမ်ထောင်စုများအနေဖြင့် ကော်မတီမှဖိတ်ကြားသည့် အစည်းအဝေးသို့ တက်ရောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်၊ သို့သော်လည်း အဆိုပါအိမ်ထောင်စုများမှ ၎င်းတို့ဆန္ဒအရ အစည်းအဝေး တက်ရောက်လိုပါက တက်ရောက်ခွင့်ရှိသည်၊

( င) ကော်မတီမှ ချမှတ်ထားသော စည်းကမ်းချက်များ လိုက်နာမှုမရှိခြင်း၊ စည်းကမ်းဖောက်ဖျက်ခြင်း၊ အရင်းနှင့်အတိုးပေးဆပ်ရန်ကျန်ရှိခြင်း၊ ဒဏ်ကြေးငွေပေးသွင်းရန်ကျန်ရှိခြင်းတို့ကို ပျက်ကွက်သည့်အသင်းသားများအနေဖြင့် နောက်(၁)ကြိမ် ငွေထုတ်ချေးသည့်အခါတွင် ချေးယူခွင့်ပြုခြင်း၊ မပြုခြင်းတို့နှင့်စပ်လျဉ်း၍ ကော်မတီ၏ဆုံးဖြတ်ချက်ကို လိုက်နာရမည်၊

( စ) စီမံကိန်းကျေးရွာတွင် နေထိုင်သည့် အိမ်ထောင်ဦးစီး၊ အိမ်ထောင်ခွဲများအနေဖြင့် အဖွဲ့ဝင်ဖြစ်ခြင်းဆိုင်ရာစည်းကမ်းနှင့်ညီညွတ်ပါက လည်ပတ်ရန်ပုံငွေအား ခံစားခွင့်ရှိသည်၊

(ဆ) ချေးငွေချေးယူခြင်းမရှိသည့် ပုဂ္ဂိုလ်များအစား ၎င်းပုဂ္ဂိုလ်၏အမည်ခံ၍ လည်ပတ်ရန်ပုံငွေအား ခံစားခွင့်မရှိပါ။

( ဇ) ကျေးရွာသူ၊ ကျေးရွာသားအသင်းဝင်များအနေဖြင့် ကော်မတီ၏ ဆောင်ရွက်ချက်များ၊ စာရင်းပုံစံများနှင့်ပတ်သက်၍ ရှင်းလင်းမှုမရှိပါကကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီထံ တင်ပြ၍ ကြည့်ရှုလေ့လာနိုင်ပြီး ကျေနပ်မှုမရှိပါက မြို့နယ်/ ခရိုင်/ ပြည်နယ်/ တိုင်းဒေသကြီး နှင့် ဗဟိုစီမံကိန်းကော်မတီအဆင့်ဆင့်သို့ တင်ပြနိုင်သည်။

( ဈ) အဆိုပြုထုတ်ချေးငွေအပေါ် ဆောင်ရွက်မည့်လုပ်ငန်းများကို အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်ရမည်၊ ကော်မတီအဆင့်ဆင့်နှင့် မြို့နယ်စာရင်းစစ်ရုံးတို့မှ ချေးငွေဖြင့်ဆောင်ရွက်သည့် လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည့်အခါ ရှင်းလင်းပြသရမည်၊

(ည) ကော်မတီအဆင့်ဆင့်ကိုသော်လည်းကောင်း၊ ကျေးရွာကော်မတီများသို့ လည်းကောင်း၊ တိုင်ကြားသည့် ကိစ္စရပ်များအတွက် တာဝန်ရှိပုဂ္ဂိုလ်များမှ စစ်ဆေးရန် ဆင့်ခေါ်သည့်အခါ လာရောက်ရမည်၊

( ဋ) ကျေးရွာကော်မတီနှင့် ကော်မတီဝင်များအား ပုဂ္ဂိုလ်ရေးအရ မုန်းတီးခြင်း၊ အငြိုးထား၍ တိုင်ကြားမှုအပေါ် သက်ဆိုင်ရာမှ စစ်ဆေး၍ မှန်ကန်မှုမရှိပါက တိုင်ကြားသည့်ပုဂ္ဂိုလ်များသည် တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်၊

( ဌ) ကျေးရွာသူ/ကျေးရွာသားများအနေဖြင့် အစည်းအဝေးတွင် အများဆန္ဒအရ ဆောင်ရွက်သင့်သည့်လုပ်ငန်းများ၊ ထည့်သွင်းစဉ်းစားပေးရမည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြခွင့်ရှိသည်၊ အများသဘောတူညီချက်ဖြင့်(ဥပမာ-သက်ကြီးရွယ်အိုမိသားစု၊ မသန်စွမ်းမိသားစု၊ ဆင်းရဲချို့တဲ့သောမိသားစု၊ ကျောထောက်နောက်ခံ သား/သမီး မရှိသည့်မိသားစု၊ မြေ/ယာမဲ့ လက်လုပ်လက်စားများ) ခံစားခွင့်ပြုနိုင်ရေး စဉ်းစားနိုင်သည်။

## မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီရုံးဖွင့်လှစ်ခြင်း

၁၈။ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီရုံးကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံး (သို့မဟုတ်) ကျေးရွာပိုင်အဆောက်အဦးတွင် တွဲဖက်ဖွင့်လှစ်၍လည်းကောင်း၊ ကျေးရွာမှဆောက်လုပ်ပြီး မြစိမ်းရောင်ကော်မတီသို့ လွှဲပြောင်းပေးသည့် အဆောက်အဦတွင်လည်းကောင်း ဖွင့်လှစ်၍ ရန်ပုံငွေ လည်ပတ် အကောင်အထည်ဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်သည်။

## မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ၏ ခံစားပိုင်ခွင့်များ

၁၉။ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များသည်အောက်ဖော်ပြပါ ခံစားခွင့်များ ခံစားခွင့် ရရှိစေရမည်-

(က) စီမံကိန်းဆိုင်ရာ သင်တန်းများ တက်ရောက်ခွင့်ရရှိခြင်း၊ စီမံကိန်းဆိုင်ရာ လေ့လာရေး ခရီးများတွင် ပါဝင်လေ့လာခွင့်ရရှိခြင်း၊

(ခ) ပရဟိတစိတ်ဓာတ် အခြေခံဖြင့် ဆောင်ရွက်မှုဖြစ်ခြင်းကြောင့် ကျေးရွာ၏ လေးစား ကြည်ညိုမှုကို ရရှိခြင်း၊

(ဂ) မြစိမ်းရောင်ရန်ပုံငွေအား ကျေးရွာသူ/ကျေးရွာသားများနည်းတူ တစ်ပြေးညီ ချေးယူ ခံစားခွင့်ရှိခြင်း၊

(ဃ) ရန်ပုံငွေဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအတွက် အုပ်ချုပ်မှုစရိတ်များ (ခရီးစရိတ်၊ သင်တန်းစရိတ်၊ စာရေးကိရိယာဝယ်ယူခြင်း၊ မိတ္တူကူးယူခြင်း၊ လုပ်ငန်းသုံးပစ္စည်း ဝယ်ယူခြင်းစသည်)ကို ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ထုတ်ယူ သုံးစွဲခွင့်ရှိခြင်း၊

(င) ချေးငွေအရင်း/အတိုးကောက်ခံသည့်ကာလများတွင် တာဝန်ထမ်းဆောင်သည့် ကော်မတီ ဝင်များအနေဖြင့် သင့်တင့်လျော်ညီသော နေ့တွက်လုပ်အားခအား ကော်မတီ အစည်း အဝေးဆုံးဖြတ်ချက်ဖြင့် အုပ်ချုပ်မှုစရိတ် (၂%) အနက်မှ ထုတ်ယူခံစားခွင့်ရှိခြင်း၊

(စ) ဆန္ဒအလျောက် တာဝန်အား သက်တမ်းပြည့်ထမ်းဆောင်ခြင်း (သို့မဟုတ်) ကော်မတီ တာဝန်မှ နုတ်ထွက် အနားယူခွင့်ရှိခြင်း၊

(ဆ) မမျှော်လင့်နိုင်သော ဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ရန်သူမျိုး(၅)ပါးကြောင့် သော်လည်းကောင်း အထောက်အထားခိုင်လုံစွာ တင်ပြလာသည့် ပျက်စီးဆုံးရှုံးသွား သော ရန်ပုံငွေအတွက် စိုက်ထုတ်လျော်ကြေးပေးရမှုမှ ကင်းလွတ်ခွင့်ရရှိခြင်း၊

(ဇ) ကျေးရွာအဆင့် ကြီးကြပ်မှုကော်မတီဝင်များသည် စီမံကိန်းအောင်မြင်ရေးအတွက် မိမိ တို့၏ ကြိုးစားအားထုတ်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ ပြည်နယ်/ တိုင်းဒေသကြီး၊ ပြည်ထောင်စုအဆင့် ဗဟိုကော်မတီမှ ချီးမြှင့်သောဆုငွေ (သို့မဟုတ်) အထိမ်းအမှတ်ဂုဏ်ပြုလွှာ စသည်တို့ကို ခံစားခွင့်ရှိခြင်း။

# အခန်း(၄)

# ကော်မတီဝင်များရွေးချယ်ခြင်းနှင့် အစည်းအဝေးကျင်းပခြင်း

## ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များရွေးချယ်ခြင်း

၁။ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီ ဖွဲ့စည်းနိုင်ရေးအတွက် ကော်မတီဖွဲ့စည်းရေးဆိုင်ရာ အစည်းအဝေးကို မြို့နယ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီမှ ဦးဆောင်၍ စီမံကိန်း ကျေးရွာအတွင်းရှိ ကျေးရွာသူ/ သားများတက်ရောက်စေလျက် ကျင်းပရမည်။ အဆိုပါကျေးရွာရှိ အိမ်ထောင်စုများမှ တစ်အိမ်ထောင်လျှင်(၁)ဦး အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားရမည်။ ကော်မတီတွင် အမျိုးသမီးကော်မတီဝင်များ ပါဝင်ဖွဲ့စည်းနိုင်ရေးအတွက် အမျိုးသမီးအများစု အစည်းအဝေးတက်ရောက်နိုင်ရန် စီစဉ်ဖိတ်ကြားရမည်။

၂။ စီမံကိန်းဆောင်ရွက်မည့်ကျေးရွာရှိ ဖိတ်ကြားထားသည့် လူဦးရေ အလုံအလောက် တက်ရောက် နိုင်မည့်နေရာ(ဥပမာ-ဓမ္မာရုံ၊ ဇရပ်၊ ဘုန်းကြီးကျောင်း၊ ဘုရားရှိခိုးကျောင်း၊ စာသင်ကျောင်း၊ ကျေးရွာ ခန်းမစသည့်)များတွင် အစည်းအဝေး ကျင်းပရမည်။ အစည်းအဝေးသို့ ကျေးရွာ အိမ်ထောင်စုအားလုံး မှ တက်ရောက်နိုင်ရန် အဆင်ပြေသင့်လျော်သည့်အချိန် (ဥပမာ-အလုပ်အားလပ်သည့်အချိန်၊ အစိုးရ ရုံးပိတ်ရက်များစသည်)တွင် ကျင်းပရမည်။ အစည်းအဝေးကျင်းပ၍ ကျေးရွာရန်ပုံငွေကြီးကြပ်မှု ကော်မတီဖွဲ့စည်းနိုင်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးမှ ကူညီပံ့ပိုး ဆောင်ရွက်ပေးရမည်။

၃။ ကျေးရွာ(၂)ရွာနှင့်အထက် ဖွဲ့စည်းဆောင်ရွက်ရမည့် စီမံကိန်းအတွက် ကော်မတီဝင်များ ရွေးချယ်ရာ၌ သက်ဆိုင်ရာကျေးရွာများမှ အိမ်ထောင်စုများကို ဖိတ်ကြား၍ အစည်းအဝေးကို ပြုလုပ် ရမည်။ သို့သော်လည်း လမ်းပန်းဆက်သွယ်ရေးအရ စုပေါင်း၍ ကျင်းပပြုလုပ်ရန် အခက်အခဲရှိပါက ကျေးရွာ (၁)ရွာချင်းအလိုက် အချိုးကျရရှိမည့် ကော်မတီအရေအတွက်ကို မြို့နယ်မှ သတ်မှတ်ပေး ရမည်။ မြို့နယ်မှ သတ်မှတ်ပေးသည့် ကော်မတီအရေအတွက်အတိုင်း ကွင်းဆင်း၍ ရွေးချယ်ရမည်။ မြို့နယ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီမှ ကျေးရွာရှိအိမ်ခြေ၊ လမ်းပန်း ဆက်သွယ်ရေးနှင့် အုပ်ချုပ်မှု လွယ်ကူစေရေးတို့ကို ရှေးရှု၍ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ တာဝန်ပေးအပ်ရန်အတွက် ရွေးချယ်ခံထားသည့် ပုဂ္ဂိုလ်များနှင့် ညှိနှိုင်း ၍ ဆောင်ရွက်သွားရမည်။

၄။ မြို့နယ်စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များ ဦးဆောင်၍ ကျေးရွာကော်မတီ ရွေးချယ်ခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ရမည်။ အစည်းအဝေးတွင် မြို့နယ် စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ(သို့မဟုတ်) အတွင်းရေးမှူး(သို့မဟုတ်) အဖွဲ့ဝင်(၁)ဦးတို့မှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများနှင့် ကော်မတီများရွေးချယ်ရမည့် အချက်အလက်များကို ကျေးရွာသူ/ ကျေးရွာသားများ သိရှိနားလည်အောင် ရှင်းလင်းဆွေးနွေးရမည်။

၅။ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကြီးကြပ်အကောင်အထည်ဖော်နိုင်ရန်အတွက် ရန်ပုံငွေကြီးကြပ်မှုကော်မတီကို အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ပုဂ္ဂိုလ်များကို အများဆန္ဒဖြင့် မဲပေးရွေးချယ်ရမည် -

(က) အသက်(၁၈) နှစ် ပြည့်ပြီးသည့် ပုဂ္ဂိုလ်၊

(ခ) ငွေကြေးကိစ္စများတွင် ယုံကြည်စိတ်ချရပြီး ရပ်ရွာမှကြည်ညိုလေးစားခြင်းခံရသည့် ပုဂ္ဂိုလ်၊

(ဂ) သာသနာ့ဝန်ထမ်းမဟုတ်သူ၊

(ဃ) ကျေးရွာတွင် အခြေကျနေထိုင်သော အငြိမ်းစားဝန်ထမ်းများ၊ နုတ်ထွက်ခွင့်ရသည့် ဝန်ထမ်းများ၊ လက်ရှိတာဝန်ထမ်းဆောင်နေသော နိုင်ငံဝန်ထမ်းများ၊ INGO၊ NGO၊ CSO တို့တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသောပုဂ္ဂိုလ်များ ၊

(င) ကျေးရွာမှတာဝန်ရှိ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် ရပ်ရွာအကျိုးကို တက်တက်ကြွကြွဆောင်ရွက်လိုစိတ်ရှိသည့် ပုဂ္ဂိုလ်၊

(စ) ထိုက်သင့်သည့်စီးပွားလုပ်ငန်းရှိ၍ အများအကျိုးအတွက် အချိန်ပေးလုပ်ဆောင်နိုင်သည့် ပုဂ္ဂိုလ်၊

(ဆ) ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည့်ပုဂ္ဂိုလ်၊ အများနှင့် စုပေါင်းလုပ်ဆောင်နိုင်သည့်ပုဂ္ဂိုလ်များ၊

(ဇ) အစည်းအဝေးမှတ်တမ်းများနှင့် အစီရင်ခံစာပြုစုခြင်း၊ ငွေစာရင်းထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်၍ ပညာအရည်အချင်းအသင့်အတင့်ရှိပြီး၊ စာရင်းဇယားပြုစုထိန်းသိမ်းရာတွင် စိတ်ပါဝင်စားသည့် ပုဂ္ဂိုလ်။

၆။ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကြီးကြပ်အကောင်အထည်ဖော်နိုင်ရန်အတွက် ရန်ပုံငွေကြီးကြပ်မှုကော်မတီကို ရွေးချယ်ရာ၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ရွေးချယ်ခွင့်မရှိပါ-

(က) လက်ရှိတာဝန်ထမ်းဆောင်နေသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ စီမံကိန်းကျေးရွာတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကိုယ်စား တာဝန်ထမ်းဆောင်သည့် ရာအိမ်မှူး၊

(ခ) မြန်မာနိုင်ငံသားမဟုတ်သည့် ဧည့်နိုင်ငံသားလက်မှတ်ကိုင်ဆောင်ထားသည့်ပုဂ္ဂိုလ်၊

(ဂ) စာရိတ္တပိုင်းဆိုင်ရာနှင့်ပတ်သက်၍ ပြစ်ဒဏ်ကျခံခဲ့ဘူးသောပုဂ္ဂိုလ်များ၊

(ဃ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၊

(င) စိတ်ပေါ့သွပ်သည့်ပုဂ္ဂိုလ်၊ ကူးစက်ရောဂါရှိသည့်ပုဂ္ဂိုလ်၊ ကျန်းမာရေးမကောင်းသည့် ပုဂ္ဂိုလ်၊

(စ) အသက် (၁၈)နှစ် မပြည့်သေးသည့်ပုဂ္ဂိုလ်၊

(ဆ) သာသနာ့ဝန်ထမ်းများနှင့် ဘာသာရေးခေါင်းဆောင်များ၊

(ဇ) ကျေးရွာတွင် အိမ်ထောင်စုစာရင်းအမည်ပေါက်သော်လည်း အမြဲတမ်းအခြေချနေထိုင်ခြင်း မရှိသည့်ပုဂ္ဂိုလ်။

၇။ မြို့နယ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီမှ ကျေးရွာကော်မတီရွေးချယ်သည့် အခမ်းအနားတွင် ဆန္ဒမဲပေးသည့်အခါ မသမာမှုမဖြစ်စေရန် ကျေးရွာရှိ အိမ်ထောင်စုနှင့် တက်ရောက်လာသည့် အိမ်ထောင်စုများ ကွဲလွဲမှုမရှိစေရေး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး (သို့မဟုတ်) ရာအိမ်မှူး၏ အကူအညီဖြင့် စနစ်တကျစစ်ဆေးရမည်။ ဆန္ဒမဲပေးနိုင်ရန်အတွက် အမည်ရေးသားထားခြင်းမရှိသည့် အရွယ်တူ၊ ပုံစံတူ၊ အရောင်ကွဲ မဲလိပ်အလွတ်နှစ်လိပ်စီအား အစည်းအဝေး ဦးဆောင်ကျင်းပသည့် ပုဂ္ဂိုလ်များမှတာဝန်ယူ၍ အစည်းအဝေး တက်ရောက်လာသည့် ပုဂ္ဂိုလ်အားလုံးထံသို့ ဝေငှရမည်။ အစည်းအဝေး တက်ရောက်လာသည့် ပုဂ္ဂိုလ်များမှ အဆိုပါမဲလိပ်အလွတ်တစ်ခုတွင် မိမိဆန္ဒပြုလိုသူ အမျိုးသားတစ်ဦး၏ အမည်ကိုလည်းကောင်း၊ ကျန်မဲတစ်လိပ်တွင် မိမိဆန္ဒပြုလိုသူ အမျိုးသမီးတစ်ဦး၏ အမည်ကိုလည်းကောင်း သီးခြားစီရေးသား၍ ဝေငှသူထံ ပြန်လည်ပေးအပ်ရမည်။ အစည်းအဝေး တက်ရောက်လာသည့် ပုဂ္ဂိုလ်များမှ စာရေးသားရန် အခက်အခဲရှိပါက အစည်းအဝေး ဦးဆောင်ကျင်းပပေးသည့် ပုဂ္ဂိုလ်များမှ ၎င်းတို့ ဆန္ဒပြုလိုသည့် ပုဂ္ဂိုလ်၏အမည်ကို ကူညီရေးသားပေးရမည်။ (မှတ်ချက်။ စာတတ်မြောက်မှုနှုန်းနည်းပါးသော တိုင်းရင်းသားများ နေထိုင်ရာဒေသများ၌ မဲစနစ်ဖြင့်ရွေးချယ်ရန် အခက်အခဲရှိပါက ကျေးရွာသူ/သားများ၏ ရှေ့မှောက်တွင် ရပ်မိရပ်ဖများနှင့် ညှိနှိုင်းတိုင်ပင်၍ ကျေးရွာသူ/သားများ၏ဆန္ဒကို နှုတ်ဖြင့်လည်းကောင်း၊ ကိုယ်အမူအရာဖြင့်လည်းကောင်း ဖော်ထုတ်အတည်ပြုချက်ရယူ၍ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့ကို ရွေးချယ်ဖွဲ့စည်းရန်)

၈။ အစည်းအဝေး ဦးဆောင်ကျင်းပပေးသည့် ပုဂ္ဂိုလ်များမှ ရရှိသည့် ဆန္ဒပြုမဲလိပ်များကို ပွင့်လင်းမြင်သာမှုရှိစေရန် ကျေးရွာသူ/သားများ၏ ရှေ့မှောက်တွင်ဖွင့်၍ မဲပေးခံရသည့်ပုဂ္ဂိုလ် တစ်ဦးချင်းစီ၏ ရရှိသောမဲအရေအတွက်ကို စာရင်းပြုစုပြီး မဲအများဆုံးရရှိသည့် ပုဂ္ဂိုလ်(၇)ဦး(သို့မဟုတ်) (၉)ဦး (သို့မဟုတ်) (၁၁)ဦးကို ရွေးချယ်ရမည်။ အဆိုပါ မဲရေတွက်နေစဉ်ကာလအတွင်း ကျေးရွာသူ/ ကျေးရွာသားများအားလုံး အစည်းအဝေးကျင်းပသည့်နေရာတွင် စောင့်ဆိုင်းနေရမည်။ မဲရေတွက်ပြီးပါက ရွေးချယ်ခံရသည့် ပုဂ္ဂိုလ်များကို ကျေးရွာသူ/ ကျေးရွာသားများ အားလုံးသိရှိစေရန် ကြေငြာပေးရ မည်။ ထိုသို့ရွေးချယ်ရာတွင် ကျား၊ မ အချိုးတူညီစေရန် (၇)ဦးကော်မတီအတွက် (၄/၃)(သို့မဟုတ်) (၃/၄)၊ (၉)ဦး ကော်မတီအတွက် (၅/၄) (သို့မဟုတ်) (၄/၅)၊ (၁၁)ဦးကော်မတီအတွက် (၆/၅) (သို့မဟုတ်) (၅/၆) ရွေးချယ်ရမည်၊ ဥပမာ- (၇)ဦးကော်မတီအတွက် ကျား၊ မ အချိုးမှာ မဲအများဆုံး ကျား(၃)ဦး၊ မ(၃)ဦး ရွေးချယ်ပြီး (၇)ဦးမြောက် အများဆုံးသည် ကျား ဖြစ်ပါက (၄/၃)၊ မ ဖြစ်ပါက (၃/၄)ဖြင့် မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီအား ဖွဲ့စည်းရမည်။

၉။ ရွေးချယ်ခံရသော (၇)ဦး (သို့မဟုတ်) (၉)ဦး (သို့မဟုတ်) (၁၁)ဦးတို့၏ သဘောဆန္ဒဖြင့် ရန်ပုံငွေကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များကို ရွေးချယ်ရမည်။ ရွေးချယ်ခြင်းခံရသော ရန်ပုံငွေကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းကို ကျေးရွာသူ၊ ကျေးရွာသားများ သိရှိအောင် အသိပေးကြေငြာရမည်။

## ဘဏ္ဍာရေးဆပ်ကော်မတီဝင်များရွေးချယ်ခြင်း

၁၀။ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီတွင်ပါဝင်သည့် ပုဂ္ဂိုလ်(၇)ဦး (သို့မဟုတ်) (၉)ဦး (သို့မဟုတ်) (၁၁)ဦးတို့အနက် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့မှအပ ကျန်(၅)ဦး (သို့မဟုတ်) (၇)ဦး (သို့မဟုတ်) (၉)ဦးတို့ အထဲမှ (၃)ဦးအား ကော်မတီဝင်အားလုံး၏ ဆန္ဒဖြင့်ရွေးချယ်ပြီး ဘဏ္ဍာရေး ဆပ်ကော်မတီ(ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးမှူး၊ စာရင်းကိုင်)ကို ဖွဲ့စည်းရမည်။

၁၁။ ဘဏ္ဍာရေးဆပ်ကော်မတီကို ရွေးချယ်ရာတွင် -

(က) အထူးရိုးသားဖြောင့်မတ်ရမည်၊

(ခ) ရန်ပုံငွေသိမ်းဆည်းထားသည့် ငွေသေတ္တာအား ဘဏ္ဍာရေးမှူးအိမ်တွင် ထားရှိရမည် ဖြစ်သည့်အတွက် ဘဏ္ဍာရေးမှူးအဖြစ် ရွေးချယ်ခံရသည့်ပုဂ္ဂိုလ်၌ လုံခြုံသောနေအိမ် ရှိရမည်။ ငွေသေတ္တာသော့အား ဘဏ္ဍာရေးမှူးနှင့် စာရင်းကိုင်မှ ကိုင်တွယ်ထိန်းသိမ်း ခွင့်မရှိပါ၊

(ဂ) စာရင်းကိုင်သည် ပညာအရည်အချင်း အသင့်အတင့်ရှိပြီး စာရင်းဇယား ပြုစုတွက်ချက် တတ်ရမည်။ ငွေစာရင်းရေးသွင်းခြင်း၊ စာရင်းဇယားထိန်းသိမ်းခြင်းတို့တွင် စိတ်ပါဝင် စားသည့် ပုဂ္ဂိုလ်ဖြစ်ရမည်၊

(ဃ) ရန်ပုံငွေကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် ဘဏ္ဍာရေးဆပ် ကော်မတီတွင် ပါဝင်ခွင့်မရှိစေရပါ၊

(င) ဘဏ္ဍာရေးဆပ်ကော်မတီတွင် အနည်းဆုံးအမျိုးသမီး(၁)ဦးပါဝင်၍ ဖွဲ့စည်းဆောင်ရွက် ရမည်၊

(စ) မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ ငွေသွင်း၊ ငွေထုတ် ပြုလုပ်ရန်အတွက် ဘဏ္ဍာရေး ဆပ်ကော်မတီဥက္ကဋ္ဌသည် သွားလာနိုင်သည့်ပုဂ္ဂိုလ်ဖြစ်ရပါမည်။

## အစည်းအဝေးကျင်းပပြုလုပ်ခြင်း

၁၂။ စီမံကိန်းအစည်းအဝေးသည် ကော်မတီအချင်းချင်းနှင့် ကျေးရွာသူ၊ ကျေးရွာသားများအကြား အကျိုးရှိစွာ အပြန်အလှန်ပြောဆိုဆွေးနွေးနိုင်သည့် နေရာတစ်ခုဖြစ်သည်။ စီမံကိန်းဆိုင်ရာ လုပ်ငန်း များ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်နိုင်ရန်အတွက် အစည်းအဝေး ကျင်းပပြုလုပ်ခြင်းအား အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်-

### (က) အစည်းအဝေးကျင်းပမည့်အစီအစဉ်

(၁) အစည်းအဝေးကျင်းပပြုလုပ်မည့် နေ့ရက်၊ အချိန်၊ နေရာတို့ကိုသတ်မှတ်ခြင်း၊

(၂) အစည်းအဝေး ဦးဆောင်ကျင်းပမည့် ပုဂ္ဂိုလ်များနှင့် ကျေးရွာသူ၊ ကျေးရွာသား များအား ဖိတ်ကြားခြင်း၊ ဦးဆောင်ဆွေးနွေးမည့် ပုဂ္ဂိုလ်များ ရွေးချယ်ခြင်း၊

(၃) အစည်းအဝေးတက်ရောက်သည့်ပုဂ္ဂိုလ်များအား လက်မှတ်ရေးထိုး မှတ်တမ်း တင်ခြင်း၊

(၄) အစည်းအဝေး အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ခြင်း၊ ယခင်အစည်းအဝေး မှတ်တမ်းဆုံးဖြတ်ချက်များမှ ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြခြင်း၊ အစည်းအဝေးဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊

(၅) စီမံကိန်း စည်းမျဉ်းစည်းကမ်းများ၊ ကော်မတီမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ လည်ပတ်ရန်ပုံငွေ ဆုံးရှုံးမှုများမရှိစေရေး ဆွေးနွေးခြင်း၊

(၆) ထုတ်ချေးနိုင်သည့် ချေးငွေပမာဏ၊ ထုတ်ချေးမည့်ဦးရေ၊ ထုတ်ချေးမည့် လုပ်ငန်းအမျိုးအစားအလိုက် အများဆုံးချေးငွေပမာဏနှင့် ချေးငွေကာလ၊ အတိုးပေးသွင်းခြင်း ပျက်ကွက်မှုအပေါ် ဒဏ်ကြေးသတ်မှတ်မှု၊ ကော်မတီဝင်များမှ အချိုးကျ အိမ်ထောင်စုဦးရေအလိုက် ကြီးကြပ်မည့်ကိစ္စရပ်များကို ထုတ်ပြန်ကြေငြာခြင်း၊

(၇) စီမံကိန်းဆောင်ရွက်ရာတွင် တွေ့ရှိရသည့်အခက်အခဲများ၊ ဖြေရှင်းဆောင်ရွက်ချက်များ ဆွေးနွေးခြင်း၊ ကွင်းဆင်းစစ်ဆေးမည့် အစီအစဉ်များ ရှင်းလင်းခြင်း၊

(၈) အုပ်ချုပ်မှုဆိုင်ရာ အသုံးစရိတ်များမှ သုံးစွဲမည့် (ခရီးစရိတ်၊ စားစရိတ်တို့အား သတ်မှတ်အတည်ပြုခြင်း)၊ စာရေးကိရိယာဝယ်ယူခြင်း၊ မိတ္တူကူးခြင်း၊ ရုံးအသုံးအဆောင်ပစ္စည်းများ ဝယ်ယူခြင်းတို့အတွက် ကုန်ကျစရိတ်များ မှတ်တမ်းတင်ခြင်း၊

(၉) အစီရင်ခံကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုနှင့် ကော်မတီ၏ အသုံးစရိတ်များအား အတည်ပြုမှတ်တမ်းတင်ခြင်း၊

(၁၀) ကျေးရွာသူ/သားများမှ တင်ပြချက်များအား မှတ်တမ်းတင်ခြင်း၊ တင်ပြချက်များအပေါ် ဆောင်ရွက်ပေးမည့် အစီအစဉ်များ ရှင်းလင်းဆွေးနွေးခြင်း၊ အစည်းအဝေးမှတ်တမ်းအား အတွင်းရေးမှူးမှ အတည်ပြုထုတ်ပြန်ခြင်း။

## (ခ) အစည်းအဝေးကျင်းပပြုလုပ်မည့်နေရာ

(၁) ကျေးရွာသူ/သားများ သွားလာဆက်သွယ်မှု လွယ်ကူသော နေရာဖြစ်ရမည်၊

(၂) လုံလောက်သော အလင်းရောင်နှင့် ကျေးရွာသူ/သားများအားလုံး တက်ရောက်နိုင်သည့် နေရာအကျယ်အဝန်းရှိရမည် ၊

(၃) အစည်းအဝေးအတွက် လိုအပ်သည့်စားပွဲ၊ စကားပြောစင်၊ ဗွီနိုင်းပိုစတာများ၊ ကုလားထိုင်၊ ခုံတန်းရှည်၊ အခင်းများ၊ အသံချဲ့စက်များအသုံးပြုနိုင်သည်၊

(၄) အစည်းအဝေးနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ၊ စာအုပ်များ၊ အစည်းအဝေးမှတ်တမ်းများ ထားရှိရမည်။

## (ဂ) အစည်းအဝေးကျင်းပပြုလုပ်ရခြင်း၏ အကျိုးကျေးဇူးများ

(၁) ကော်မတီနှင့် ကျေးရွာသူ/ ကျေးရွာသားများအကြား စီမံကိန်းဆိုင်ရာကိစ္စရပ်များ ပွင့်လင်းမြင်သာစွာ ဆွေးနွေးနိုင်ခြင်း၊ စီမံကိန်း၏အကျိုးကျေးဇူးနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ဆောင်ရွက်သင့်သည့်လုပ်ငန်းများ ရှင်းလင်းဆွေးနွေးနိုင်ခြင်း၊

(၂) ကျေးရွာသူ/သားများအား စီမံကိန်း၏ စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းဆွေးနွေးနိုင်ခြင်း၊ ကျေးရွာသူ၊ ကျေးရွာသားများမှ သိရှိလိုသည့်ကိစ္စရပ်များ မေးမြန်းဆွေးနွေးနိုင်သဖြင့် ပွင့်လင်းမြင်သာမှုရှိခြင်း၊

(၃) အစည်းအဝေးမှတ်တမ်းအရ အတည်ပြုရမည့် အုပ်ချုပ်မှုအသုံးစရိတ်များ၊ လည်ပတ်ရန်ပုံငွေနှင့်ပတ်သက်သော ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးနိုင်ခြင်း၊

(၄) ကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ စွမ်းဆောင်ရည်မြင့်မားလာခြင်း၊ အများနှင့်ပူးပေါင်း ဆောင်ရွက်တတ်သော လုပ်ငန်းများအတွက် စဉ်းစားတွေးခေါ်မှု၊ ဆင်ခြင်သုံးသပ်မှု အရည်အသွေးတိုးတက်လာခြင်း၊

(၅) အမျိုးသမီးများ ပြောဆိုဆွေးနွေးနိုင်ခြင်း၊ စွမ်းဆောင်ရည် မြင့်မားလာခြင်း၊ ပစ်ပယ်ထားသော ကျေးရွာသူ၊ ကျေးရွာသားများအတွက် စဉ်းစားလာနိုင်ခြင်း၊

(၆) ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ ညှိနှိုင်းဆွေးနွေးနိုင်ခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေးရွေးချယ်မှု အစီအစဉ်များ ရွေးချယ်တတ်လာခြင်း။

# အခန်း(၅)

# စည်းကမ်းချက်များ

## ကော်မတီအဆင့်ဆင့်တွင်ပါဝင်ဆောင်ရွက်သည့် ပုဂ္ဂိုလ်များအားလုံးလိုက်နာရမည့်စည်းကမ်းများ

၁။ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီအဆင့်ဆင့်တွင် ပါဝင်ဆောင်ရွက်သည့်ပုဂ္ဂိုလ်များနှင့် ကျေးရွာအဆင့်တွင်ဖွဲ့စည်းထားသော မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ (ဘဏ္ဍာရေးဆပ်ကော်မတီဝင်များအပါအဝင်)အားလုံးသည် အောက်ပါကျင့်ဝတ်များကို လိုက်နာကြရပါမည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများကို လိုက်နာရမည်၊

( ခ) တာဝန်ဝတ္တရားများကို ရိုးသားစွာ ထမ်းဆောင်ရမည်၊

( ဂ) စီမံကိန်းအကျိုးခံစားခွင့်ရှိသူများ အားလုံးခံစားခွင့်ရရှိရေးနှင့် ၎င်းတို့၏ အကျိုးစီးပွားကို အလေးထားစဉ်းစားရမည်၊ ပစ်ပယ်ထားခြင်းမပြုရပါ၊

(ဃ) လုပ်ပိုင်ခွင့်ကိုအကြောင်းပြု၍ မိမိကိုယ်ကျိုးအတွက်လည်းကောင်း၊ ဆွေမျိုးကောင်းစားရေးကိုရှေးရှု၍ လည်းကောင်း၊ အဂတိလိုက်စားခြင်းနှင့် လိမ်လည်မှုပြုခြင်းများကို လည်းကောင်း ရှောင်ရှားရမည်၊

( င) ရန်ပုံငွေ၊ ရန်ပုံငွေနှင့်စပ်လျဉ်းသော စာရင်းဇယားများ၊ စာရွက်စာတမ်းများ၊ ရုံးသုံးတံဆိပ်တုံးများ လုံခြုံရေးကို တာဝန်ခံရမည်၊

( စ) စီမံကိန်းနှင့်ပတ်သက်သည့် လည်ပတ်ရန်ပုံငွေ၊ အတိုးရငွေနှင့် အခြားရငွေများကို မြန်မာ့စီးပွားရေးဘဏ်မှ လွှဲ၍ အခြားပုဂ္ဂလိကဘဏ်များတွင် စာရင်းဖွင့်လှစ်ခြင်း၊ အပ်နှံခြင်း မပြုလုပ်ရ၊

(ဆ) စီမံကိန်းအကောင်အထည်ဖော်ရေး လက်စွဲစာစောင်ပါ ပြဋ္ဌာန်းချက်များကို အလေးထားလိုက်နာအကောင်အထည်ဖော်ရမည်၊

( ဇ) ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ပေါ်ပေါက်လာသော မည့်သည့်ပြဿနာမျိုးကိုမဆို ကော်မတီဝင်များအားလုံးနှင့် ညှိနှိုင်းတိုင်ပင်ဖြေရှင်းရမည်။ ဆက်လက်ဆောင်ရွက်ရန်လိုအပ်ပါက မြို့နယ်စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီသို့ ဆက်လက်တင်ပြရမည်။

## စည်းကမ်းချက်သတ်မှတ်ခြင်း

၂။ စီမံကိန်းရည်ရွယ်ချက်နှင့် လုပ်ငန်းများ ရေရှည်တည်တံ့စေရန် စည်းမျဉ်း၊ စည်းကမ်းများအားကော်မတီ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း (သို့မဟုတ်) ပယ်ဖျက်ခြင်း ပြုနိုင်သည်။ စည်းမျဉ်းစည်းကမ်းများတွင် အကျိုးခံစားခွင့်ရှိသူအားလုံး လိုက်နာနိုင်ခြင်း၊ ပြင်ဆင်နိုင်ခြင်း၊ ပြောဆိုရှင်းလင်း

နိုင်ခြင်း၊ ပြစ်ဒဏ်သတ်မှတ်နိုင်ခြင်းနှင့် မျှတညီညွတ်ခြင်းတို့ ရှိရပါမည်။ ၎င်းစည်းကမ်းချက်များသည် ကျေးရွာသူ၊ ကျေးရွာသားများနှင့် ကော်မတီများလိုက်နာရမည့် အမြင့်ဆုံးသော စည်းကမ်းချက် ဖြစ်သည်။ စည်းကမ်းချက်များ ချမှတ်ရာတွင် အောက်ပါအချက်များ ပါဝင်ရမည်ဖြစ်ပါသည်-

(က) ကော်မတီများနှင့် အဖွဲ့ဝင်အားလုံးပါဝင်ဆုံးဖြတ်ပိုင်ခွင့်ရှိရမည်၊

(ခ) ကော်မတီများနှင့် အဖွဲ့ဝင်အားလုံး သဘောတူညီချက်ဖြင့် ပြင်ဆင်ပြောင်းလဲနိုင်သည်၊ စည်းကမ်းများပြောင်းလဲရာတွင် အကျိုးခံစားခွင့်ရှိသူအားလုံးအဆိုပြုနိုင်သည်၊ စည်းမျဉ်း စည်းကမ်းများ သတ်မှတ်ရာတွင် ပွင့်လင်းမြင်သာမှုရှိရမည်၊

(ဂ) သတ်မှတ်ထားသောစည်းကမ်းများနှင့်အညီ ဆောင်ရွက်မှုရှိ/မရှိ၊ အရေးယူဆောင်ရွက်မှု အခြေအနေတို့အား မှတ်တမ်းတင်ရန်လိုအပ်ပါသည်၊

(ဃ) ချမှတ်ထားသည့် စည်းကမ်းကို လိုက်နာဆောင်ရွက်ခြင်း၊ အရေးယူခြင်းနှင့် အပြစ်ပေး ခြင်းများသည် ကော်မတီနှင့်ကျေးရွာသူ/သားများ ဆောင်ရွက်ရမည့်ကိစ္စများဖြစ်ပါသည်၊

(င) ချမှတ်ထားသည့် စည်းကမ်းများအား အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ်ခန့် ပြန်လည် သုံးသပ်ရန် လိုအပ်ပါသည်။ ထို့သို့ပြန်လည်သုံးသပ်ရာတွင် ကော်မတီနှင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ အနည်းဆုံး (၇၅%) တက်ရောက် ဆုံးဖြတ်ရန် လိုအပ်ပါသည်။

**လည်ပတ်ရန်ပုံငွေစီမံခန့်ခွဲရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ**

၃။ မြစိမ်းရောင်လည်ပတ်ရန်ပုံငွေစီမံခန့်ခွဲရာတွင် အောက်ပါစည်းကမ်းချက်များအား လိုက်နာရမည် ဖြစ်ပါသည်-

(က) ပြည်ထောင်စုနယ်မြေ(နေပြည်တော်)/ပြည်နယ်/တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်ဦးစီးမှူး များ၊ စီမံကိန်းဝန်ထမ်းများ၊ ကျေးရွာကော်မတီဝင်များသည် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ရေး လက်စွဲစာစောင်ကို ကျေညက်စွာ နားလည်သဘော ပေါက်သည်အထိ ဖတ်ရှုလေ့လာ၍ ကျေးရွာသူ/ ကျေးရွာသားများအား နားလည် သဘောပေါက်အောင် ရှင်းလင်းဆွေးနွေးပေးရန်၊

(ခ) ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပြည်နယ်/ တိုင်းဒေသကြီး၊ ခရိုင်/ မြို့နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များစီမံကိန်းကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးရာတွင် လုပ်ငန်းဆောင်ရွက် မှုများအပြင် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ငွေစာရင်းထိန်းသိမ်းမှုပုံစံများ အဓိက ထား စစ်ဆေးကြပ်မတ်ပေးရန်နှင့် ပုံမှန်ကွင်းဆင်းစစ်ဆေးမှတ်တမ်းများ ထားရှိရန်၊

(ဂ) ငွေစာရင်းထိန်းသိမ်းမှုသင်တန်းများအား ကျေးရွာအရောက်ကွင်းဆင်းပို့ချရန်၊ အစည်း အဝေးမှတ်တမ်းတွင် တင်ပြအတည်ပြုချက်ရယူရမည့်ကိစ္စရပ်များ စနစ်တကျ မှတ်တမ်း တင်ထားရှိရေး ကြီးကြပ်သွားရန်၊

(ဃ) ချေးငွေဖြင့် (မီးသွေးဖုတ်ခြင်း၊ သစ်မာအရောင်းအဝယ်နှင့် သယ်ယူပို့ဆောင်ခြင်း၊ ကျွဲ၊ နွားမှောင်ခိုအရောင်းအဝယ်ပြုလုပ်ခြင်း၊ အရက်/ ဘီယာတင်သွင်းရောင်းချခြင်း၊ မူးယစ်စေသောအရည်များချက်လုပ်ရောင်းချခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ လောင်းကစားပြုလုပ်ခြင်း၊ ဘတ္တရီလျှော့တိုက်ငါးဖမ်းခြင်း၊ ပစ္စည်းအပေါင်ခံငွေတိုးချေးခြင်း) စသည့် လုပ်ငန်းများ ဆောင်ရွက်မှုမရှိစေရေး အလေးထား ကြပ်မတ်ဆောင်ရွက်ပေးရန်၊

( င ) ချေးငွေဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သည့် ကျေးရွာများတွင် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းနှင့် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီမှ လိုအပ်သည်များ ချိတ်ဆက်ဆောင်ရွက်ပေးရန်၊

( စ ) စီမံကိန်းတစ်ယူနစ်လျှင် ကျေးရွာ(၂)ရွာ(သို့မဟုတ်) (၂)ရွာနှင့်အထက် ခံစားရပါက ချေးငွေထုတ်ချေးမှု၊ အတိုးရငွေအပေါ် သုံးစွဲမှု သင့်တင့်မျှတမှုရှိစေရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေး အလေးထား ညှိနှိုင်းဆောင်ရွက်ရန်၊

(ဆ) ချေးငွေထုတ်ချေးရာတွင် ရန်ပုံငွေနှင့်ပတ်သက်သော ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်သွားရန်၊

( ဇ ) ကျေးရွာများတွင် ငွေစာရင်းပုံစံများကို စနစ်တကျပြုစုထိန်းသိမ်းထားရန်၊ အစည်းအဝေး မှတ်တမ်းများတွင် အတည်ပြုဆုံးဖြတ်ရမည့် ကိစ္စရပ်များအား ရေးသားဖော်ပြထားရန်၊

( ဈ ) အုပ်ချုပ်မှုစရိတ်အတွက် ခွင့်ပြုထားသည့် အသုံးစရိတ်များအား ထုတ်ယူသုံးစွဲခွင့်ပြုရန်နှင့် အသုံးစရိတ်ပြေစာဘောင်ချာများအား စနစ်တကျ ဖိုင်တွဲထိန်းသိမ်းထားရှိရန်၊

(ည) ကျေးရွာများအနေဖြင့် မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီသို့ ငွေထုတ်ချေးမည့် အစီအစဉ်အား တင်ပြအတည်ပြုချက် ရယူပြီးမှသာ ချေးငွေထုတ်ချေးပေးရန်၊

( ဋ ) အတိုး/ အရင်းရငွေများအား မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းပြီး မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီသို့ ငွေထုတ်ချေးမည့် အစီအစဉ်အား တင်ပြအတည်ပြုချက်ရယူ၍ ပြန်လည်ထုတ်ချေးပေးရန်၊

( ဌ ) လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် မြန်မာ့စီးပွားရေးဘဏ်သို့ လစဉ်အတိုး/အရင်းပေးသွင်းနိုင်ခြင်းမရှိသော စီမံကိန်းကျေးရွာများအနေဖြင့် အတိုး/အရင်းရငွေများကို ငွေသားလက်ကျန်စာရင်း ပုံစံ(၇-ခ)ရှိ စာတိုင်(၃)တွင် ရငွေအဖြစ် လည်းကောင်း၊ စာတိုင်(၄)တွင် ပေးငွေအဖြစ်လည်းကောင်း စာရင်းရေးသွင်းပြုစုပြီးမှသာ ပြန်လည်ထုတ်ချေးပေးရန်၊

(ဍ) ကျေးရွာကော်မတီ၏လက်ဝယ်တွင် အများဆုံးငွေကျပ်(၅)သိန်းထက် ပိုမို၍ကိုင်ဆောင်ထားခြင်းမပြုရန်၊

(ဎ) ကျေးရွာကော်မတီနှင့် ကျေးရွာသူ/သားများ လစဉ်အစည်းအဝေး ကျင်းပပြုလုပ်ပြီး စီမံကိန်း ဆိုင်ရာကိစ္စရပ်များ ဆွေးနွေးရန်၊ ကော်မတီမှ အချိုးကျလူဦးရေ ခွဲဝေတာဝန်ယူပြီး ချေးငွေအပေါ် အကောင်အထည်ဖော်မှုများအား ကွင်းဆင်းစစ်ဆေးရန်၊

(ဏ) ကျေးရွာကော်မတီအနေဖြင့် ကျေးရွာသူ/သားများထံမှ ပိုင်ဆိုင်မှု အာမခံအထောက်အထား စာရွက်စာတမ်းများရယူ၍ ငွေချေးပေးခြင်း မပြုလုပ်ရန်၊

(တ) အတိုးရငွေများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၏ ခွင့်ပြုချက်မရှိဘဲ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သုံးစွဲခြင်းမပြုလုပ်ရန်၊

(ထ) အတိုး၊ အရင်း ပြန်လည်ပေးဆပ်ရမည့်ကာလအား လစဉ်၊ နှစ်စဉ်စသည်ဖြင့် တပြေးညီသတ်မှတ်ခြင်းမပြုဘဲ ကျေးရွာတစ်ရွာချင်းအလိုက်(လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေးစသည့်) အခြေအနေအပေါ် မူတည်၍ သတ်မှတ်စေရန်၊

(ဒ) ကျေးရွာသူ/သားများမှ အမြင်မှားမှု မဖြစ်စေရေးအတွက် ကျေးရွာကော်မတီဝင်များအနေဖြင့်ချေးငွေအား ကျေးရွာသူ/သားများနည်းတူ တစ်ပြေးညီချေးယူရန်၊

(ဓ) ချေးငွေဖြင့်အဆိုပြုထားသည့် လုပ်ငန်းများအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြပ်မတ်သွားရန်နှင့် တစ်ချိန်တည်းတွင် လုပ်ငန်းအောင်မြင်မှု ပြသနိုင်သောလုပ်ငန်းများအား အလေးထားချေးငွေထုတ်ချေးပေးရန်၊

(န) အစုအဖွဲ့များဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ (မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ မီးလင်းရေး၊ စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ ကျေးရွာ(၁)ရွာ ထုတ်ကုန်(၁)မျိုးလုပ်ငန်း၊ လယ်ယာသုံးစက်ကိရိယာဝယ်ယူခြင်း) စသည့်လုပ်ငန်းများ ဆောင်ရွက်လိုကြောင်း တင်ပြလာပါက ထည့်သွင်းစဉ်းစားပေးရန်၊

(ပ) ချေးငွေထုတ်ချေးရာတွင် အတိုးကျသင့်ငွေများအား ကြိုတင်နှုတ်ယူထားခြင်း မပြုရန်၊ ချေးငွေပေးဆပ်ကာလနှင့် အတိုးပေးသွင်းကာလ (၁)နှစ်နှင့်အထက် သတ်မှတ်၍ ချေးငွေနှင့် အတိုးအား တစ်ကြိမ်တည်း ပေးသွင်းခြင်း မပြုလုပ်ရန်၊

(ဖ) ချေးငွေထုတ်ချေးရာတွင် ဆင်းရဲသားပြည်သူများကိုပါ ထည့်သွင်းစဉ်းစားထုတ်ချေးပေးရန်၊ (ဆင်းရဲသားပြည်သူများအား ငွေထုတ်ချေးရန် ယုံကြည်စိတ်ချရမှု မရှိပါက ကော်မတီမှ ဦးဆောင်၍ ဥပမာ- ဝက်၊ ကျွဲ၊ နွား၊ ဆိတ် စသည့် တိရစ္ဆာန်များ ဝယ်ယူဖြန့်ဝေပေးခြင်း၊ မွေးမြူမှုကို စောင့်ကြည့်ခြင်း၊ စိုက်ပျိုးရေးနှင့် သက်ဆိုင်သော ဓါတ်မြေဩဇာ၊ မျိုးစေ့၊ လယ်ယာသုံးကိရိယာဝယ်ယူပေးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အသုံးပြုမည့် အသုံးအဆောင်ပစ္စည်းများ ဝယ်ယူခြင်းတို့ကိုဆောင်ရွက်ခြင်း)

( ဗ) ကျေးရွာသူ/သားများ၏ ဥစ္စာဓနပိုင်ဆိုင်မှု၊ လုပ်ငန်းလည်ပတ်မှု၊ အကျင့်စာရိတ္တ ကောင်းမွန်မှုအပေါ် မူတည်၍ ငွေထုတ်ချေးရာ၌ ချေးငွေပမာဏ ကွာဟချက်မများစေရေး အလေးထားဆောင်ရွက်သွားရန်၊ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်တည်းအား ချေးငွေ အများအပြား ထုတ်မချေးရန်၊

(ဘ) အိမ်ခြေများသည့်ကျေးရွာတွင် ချေးငွေများအညီအမျှ ထုတ်ချေးခြင်းမပြုရန်၊ ကျေးရွာသူ/ သားများ၏ ဆန္ဒရယူ၍ ဦးစားပေးအစီအစဉ် (သို့မဟုတ်) လုပ်ငန်းအပေါ်မူတည်၍ ထုတ်ချေးသည့်အတွက် အကျိုးသက်ရောက်မှု ရှိ/မရှိ ထည့်သွင်းစဉ်းစားထုတ်ချေးရန်၊

( မ) မလိုလားအပ်သော ပြဿနာများ မဖြစ်ပေါ်စေရန်အတွက် ကျေးရွာသူ/သားများထံမှ လျှောက်လွှာကြေးကောက်ခံခြင်း မပြုလုပ်ရန်၊ မြစိမ်းရောင် လည်ပတ်ရန်ပုံငွေဖြင့် ဆက်စပ်ပြီး အခြားသောလုပ်ငန်းများ (ဥပမာ-ကိုယ်ထူကိုယ်ထ မီးလင်းရေး၊ ကျေးရွာဖွံ့ဖြိုးရေးနှင့် သာရေး/နာရေးရန်ပုံငွေများ)အတွက် ငွေဖြတ်တောက်ယူခြင်း၊ အလှူခံခြင်း၊ ထည့်ဝင်စေခြင်းတို့ကို မပြုလုပ်ရန်။

# အခန်း(၆)


# ရန်ပုံငွေစီမံခန့်ခွဲခြင်း

## မြစိမ်းရောင်ရန်ပုံငွေများအား စီမံကိန်းကျေးရွာသို့ လွှဲပြောင်းပေးအပ်ခြင်း

၁။ မြစိမ်းရောင်ရန်ပုံငွေအား သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် နိုင်ငံတော်အရ အသုံးငွေစာရင်းမှ ခွင့်ပြုပေးနိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးဗဟိုကော်မတီမှ ခန့်မှန်းခြေ စာရင်းရေးဆွဲ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ပုံငွေစာရင်းတွင် ထည့်သွင်းပြီး ပြည်ထောင်စုအစိုးရနှင့် လွှတ်တော်သို့ တင်ပြတောင်းခံသွားမည်ဖြစ်သည်။ ခွင့်ပြုဘဏ္ဍာငွေ ရရှိပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် စီမံကိန်းအကောင်အထည်ဖော်မည့် ကျေးရွာများရှိရာ မြို့နယ်များ၏ မြန်မာ့စီးပွားရေးဘဏ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင် စီမံကိန်း ငွေစာရင်းရှင်သို့ ရန်ပုံငွေများ လွှဲပြောင်းပေးမည်။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်းငွေစာရင်းရှင်မှ စီမံကိန်းကျေးရွာများသို့ ငွေလွှဲပြောင်းပေးနိုင်ရန် စီမံကိန်း ကျေးရွာအလိုက် မြို့နယ်မြန်မာ့စီးပွားရေးဘဏ်တွင် မြစိမ်းရောင်ရန်ပုံငွေစာရင်းရှင် ဖွင့်လှစ်ရမည်။

၂။ ကျေးရွာသူ/ ကျေးရွာသားအားလုံးတို့သည် ကျေးရွာအရင်းမပျောက် လည်ပတ်ရန်ပုံငွေကို အပြည့်အဝပိုင်ဆိုင်ခွင့်ရှိပြီး ရန်ပုံငွေစီမံခန့်ခွဲခြင်းနှင့် ကျေးရွာနှင့်ကျေးရွာလူထု၏ အကျိုးစီးပွား ရေရှည်တည်တံ့စွာ ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းကူညီပေးရမည်ဖြစ်သည်။ စီမံကိန်းကျေးရွာတိုင်းတွင် ငွေကြေး ဆိုင်ရာစီမံခန့်ခွဲခြင်း၊ ချေးငွေအတည်ပြုခြင်း၊ ချေးငွေအတိုးတွက်ချက်ခြင်း၊ ထုတ်ချေးငွေ ပြန်လည်ကောက်ခံခြင်း၊ ငွေစာရင်းရှင်းလင်းခြင်းနှင့် ငွေစာရင်းစစ်ဆေးခြင်းတို့ကို မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် မြစိမ်းရောင်ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ တာဝန်ယူဆောင်ရွက် ပေးသွားမည်ဖြစ်သည်။ သက်ဆိုင်ရာ ကျေးရွာရှိ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှု ကော်မတီတို့မှ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကျေးရွာအလိုက် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေများကို အဆိုပါ စာရင်းရှင်မှ ထုတ်ယူ၍ ကျေးရွာသူ/ ကျေးရွာသားများအား ငွေထုတ်ချေးပေးနိုင်ရန် စီစဉ်သွားမည် ဖြစ်သည်။

**မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစီးဆင်းမှုပုံစံ**




**ဘဏ်စာရင်းဖွင့်ခြင်း**

၃။ အရင်းမပျောက်လည်ပတ်ရန်ပုံငွေပေးအပ်ရန် ရွေးချယ်ခံရသော စီမံကိန်းကျေးရွာအနေဖြင့် ရရှိသော မြစိမ်းရောင်ရန်ပုံငွေကို -

(က) မိမိမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်တွင်စာရင်းရှင် (Current Account) ဖွင့်လှစ်၍ ထားရှိရမည်။ အဆိုပါငွေစာရင်းရှင်သို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ရန်ပုံငွေ လွှဲပြောင်းပေးအပ်ရမည်။

(ခ) သို့သော် မိမိမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်သည် သွားရောက်ရန် ဝေးလံခက်ခဲခြင်း၊ အခြားမြို့နယ်မှတစ်ဆင့် သွားရောက်ရခြင်းများရှိပါက စီမံကိန်းကျေးရွာနှင့် နီးစပ်ရာ မြို့နယ်ရှိ မြန်မာစီးပွားရေးဘဏ်တွင် စာရင်းရှင်(Current Account)ကို ဖွင့်လှစ် နိုင်သည်။

(ဂ) မြစိမ်းရောင်ရန်ပုံငွေ အမည်စာရင်းကို ကျေးရွာအမည်ဖြင့်တွဲ၍ ဖွင့်ရမည်၊(ဥပမာ၊ ရွာသာယာ ကျေးရွာအတွက် ရန်ပုံငွေအမည်စာရင်း ဖွင့်ပါက "ရွာသာယာကျေးရွာ မြစိမ်းရောင် ရန်ပုံငွေ" ဟု အမည်ပေး၍ စာရင်းဖွင့်အပ်နှံရမည်။)

(ဃ) ဘဏ်စာရင်းရှင်တွင်လက်မှတ်ရေးထိုးပိုင်ခွင့်ရှိသူ(၃)ဦးမှာ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြစိမ်းရောင်ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီအဖွဲ့ဝင်(၁)ဦး (ဘဏ္ဍာရေးမှူးနှင့်စာရင်းကိုင် မဟုတ်သည့် ပုဂ္ဂိုလ်) တို့ဖြစ်သည်၊

(င) ဘဏ်စာရင်းရှင်မှ ငွေထုတ်ယူရာတွင် ချက်လက်မှတ်/ ငွေထုတ်လွှာ၌ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ချက်လက်မှတ်ရေးထိုးခွင့်ရှိသည့် အဖွဲ့ဝင် (၁)ဦး(ဘဏ္ဍာရေးမှူးနှင့် ငွေစာရင်းကိုင် မဟုတ်သည့် ပုဂ္ဂိုလ်)၊ စုစုပေါင်း(၃)ဦးအနက် (၂)ဦး လက်မှတ်ရေးထိုးပြီး ငွေထုတ်ယူနိုင်သည်၊

(စ) မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၌ ဘဏ်စာရင်းရှင်ဖွင့်ခြင်း လုပ်ငန်းများကို စတင်ဆောင်ရွက်ရာတွင် မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှင့် မြို့နယ်ကျေးလက်ဦးစီးဌာနတို့၏ အကူအညီဖြင့် ဆောင်ရွက်ရမည်။

## ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှုစနစ်

၄။ အရင်းမပျောက် လည်ပတ်ရန်ပုံငွေဆိုသည်မှာ ကျေးရွာတွင် ကော်မတီမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသော ငွေကြေးများဖြစ်သည့် ရန်ပုံငွေမှ ထုတ်ချေးငွေ၊ ပြန်ဆပ်ငွေ၊ ဘဏ်အပ်ငွေ၊ အတိုးရငွေ၊ ဒဏ်ကြေးငွေ၊ အခြားရငွေနှင့် အုပ်ချုပ်မှုအသုံးစရိတ်ငွေများ ပါဝင်ပါသည်။ ကျေးရွာကော်မတီသည် အောက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

### (က) အရင်းမပျောက် လည်ပတ်ရန်ပုံငွေနှင့်ပတ်သက်သောစည်းကမ်းချက်များ

(၁) ချေးငွေထုတ်ချေးရာတွင် ချေးငွေနှင့် အတိုးထက်ပိုသော အကျိုးအမြတ်ရှိသည့် ကိစ္စရပ်များအတွက်သာ ထုတ်ချေးရန်၊ (ဝင်ငွေပြန်လည်မရနိုင်သော လုပ်ငန်းများအတွက် ထုတ်မချေးရန်)

(၂) အတိုးနှုန်းသတ်မှတ်ခြင်း၊ အတိုးနှုန်းကို ကော်မတီအနေဖြင့် သတ်မှတ်ထားသော ငွေတစ်ရာကျပ်အတွက် တစ်လလျှင် (၅ဝ) ပြားနှုန်းမှ (၁) ကျပ်(၅ဝ)ပြားနှုန်းထက် ကျော်လွန်သတ်မှတ်ခြင်း၊ အတိုးမယူဘဲ ထုတ်ချေးခြင်းများမပြုရ၊

(၃) အရင်းငွေ/ အတိုးပေးသွင်းရန် ပျက်ကွက်ပါက ဒဏ်ကြေးသတ်မှတ်ခြင်း၊

(၄) ချေးငွေ၊ ပြန်ဆပ်ငွေ၊ အုပ်ချုပ်မှုအသုံးစရိတ်နှင့် ပတ်သက်သော စည်းကမ်းများ သတ်မှတ်ခြင်း၊

(၅) လည်ပတ်ရန်ပုံငွေအားဘဏ်သို့ ငွေသွင်း၊ ငွေထုတ်ပြုလုပ်ခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ခြင်း၊ ငွေကြေးထုတ်ယူသုံးစွဲခြင်းနှင့် စာရင်းဇယား ထိန်းသိမ်းခြင်းဆိုင်ရာ စည်းကမ်းများသတ်မှတ်ခြင်း၊

(၆) တိုးပွားလာသော အတိုးများအား ပြန်လည်ရင်းနှီးမြုပ်နှံ၍ ချေးငွေအဖြစ် ပြန်လည် ထုတ်ချေးပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း၊

(၇) စီမံကိန်းနှစ် (၁)နှစ်အတွင်း ရန်ပုံငွေပမာဏ၏ အများဆုံး(၂%)ထက် မပိုသော ငွေအား အုပ်ချုပ်မှုစရိတ်များ ဥပမာ၊ (စာရေးကိရိယာ၊ စာရွက်စာတမ်း၊ တံဆိပ်တုံး၊ ပရိဘောဂ၊ သေတ္တာ၊ သော့များဝယ်ယူခြင်း၊ မိတ္တူကူးခြင်း၊ ချေးငွေ အရင်း/အတိုးကောက်ခံသည့် ကာလများတွင် တာဝန်ထမ်းဆောင်သည့် ကော်မတီဝင်များအတွက် နေ့တွက်စရိတ်၊ ငွေသွင်းငွေထုတ်ပြုလုပ်ရန် မြို့နယ်ကျေးလက် ဦးစီးဌာနနှင့် မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ခြင်း ခရီးစရိတ်၊ ငှါးရမ်းခ၊ စက်သုံးဆီကုန်ကျစရိတ်၊ သင်တန်းစရိတ်၊ တည်းခိုစရိတ်၊ စားသောက်စရိတ်၊ ဘဏ်ဆောင်ရွက်ခ၊ လုပ်အားခ၊ ဆိုင်းဘုတ် ပြုလုပ်ခြင်း၊ ဗီနိုင်း ပြုလုပ်ခြင်း၊ သယ်ယူပို့ဆောင်ခများအတွက် အသုံးစရိတ်များစသည်) သုံးစွဲနိုင်ရန် ဆုံးဖြတ်ပေးခြင်းနှင့် ငွေသုံးစွဲခြင်းအား ပြေစာ ဘောင်ချာများဖြင့် ထုတ်ယူရန် ကြီးကြပ်ခြင်း၊ စည်းကမ်းသတ်မှတ်ပေးခြင်း၊

(၈) သက်ဆိုင်ရာမြို့နယ်နှင့် သွားလာရေး ခက်ခဲသော အချို့ဝေးလံခေါင်ဖျားသည့် ဒေသများအတွက် အုပ်ချုပ်မှုစရိတ်အား ဒေသအာဏာပိုင်များ၏ ခိုင်လုံသော ထောက်ခံချက်ဖြင့် မူလ(၂%)အပြင် နောက်ထပ် သင့်တော်သည့် အုပ်ချုပ်မှုစရိတ် သတ်မှတ်တိုးမြှင့်ပေးနိုင်ရန် မြို့နယ်ကော်မတီမှ ဗဟိုကော်မတီသို့ အဆင့်ဆင့် တင်ပြ၍ ခွင့်ပြုပေးနိုင်သည်၊

(၉) ဘဏ္ဍာရေးဆပ်ကော်မတီ၏လက်ဝယ်တွင်ထားရှိနိုင်သော အများဆုံးငွေပမာဏမှာ ကျပ်(၅)သိန်းဖြစ်ပါသည်။ သို့ရာတွင်ကျေးရွာ၏ (လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေး) လိုအပ်ချက်အရ လက်ဝယ်ထားရှိနိုင်သည့် ငွေပမာဏကို ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီမှ မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်နိုင်သည်။

( ခ) **ငွေစာရင်းပုံစံများပြုစုထိန်းသိမ်းခြင်း။** မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် သက်ဆိုင်သော ငွေစာရင်းပုံစံများ၊ ချေးငွေနှင့် သက်ဆိုင်သောပုံစံများ၊ ငွေစာရင်း စာအုပ်များ၊ စာရင်းဇယားများအား စာရင်းကိုင်မှ ရေးသွင်းပြုစုရမည်-

(၁) **လည်ပတ်ရန်ပုံငွေထုတ်ချေးမှုစာရင်းပုံစံ(၁)။** ကျေးရွာကော်မတီမှ ချေးငွေအောင်သူများအား ထုတ်ချေးသည့်အခါတွင် စာရင်းဇယားတိကျ မှန်ကန်စေရန် လအလိုက် ပြုစုရသော ပုံစံဖြစ်ပါသည်။ ဖြည့်သွင်းပုံ နည်းလမ်းမှာ **စာတိုင်(၁)**တွင် အမှတ်စဉ်အလိုက် ရေးသွင်းခြင်း၊ **စာတိုင်(၂)**တွင် ချေးငွေအောင်သူအမည် (အမည်တူပါက နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အဖအမည်ဖော်ပြရန်)၊ **စာတိုင်(၃)** တွင် အဖွဲ့ဝင်အမှတ် (ဥပမာ ဂ၁၊ ဂ၂၊ ဂ၃၊ ...) **စာတိုင်(၄)တွင်** ယခုလတွင် ချေးငွေ

အောင်သူများ၏ ချေးငွေပမာဏ၊ **စာတိုင်(၅)**တွင် ယခင်လအထိ ထုတ်ချေးငွေပမာဏနှင့် ယခုလ ထုတ်ချေးငွေပမာဏ စုစုပေါင်းကို ဖြည့်သွင်းရမည် ဖြစ်ပါသည်။ ယခင်လအထိ ထုတ်ချေးငွေစုစုပေါင်းကို စာတိုင်(၅)တွင် ဖြည့်သွင်းရပါသည်၊

(၂) **လည်ပတ်ရန်ပုံငွေ ပြန်လည်ပေးဆပ်မှုစာရင်း ပုံစံ (၂)။** လည်ပတ်ရန်ပုံငွေမှ ထုတ်ချေးငွေများ ပြန်လည်ပေးဆပ်ပါက လအလိုက် ဖြည့်သွင်းရသောပုံစံ ဖြစ်ပါသည်။ ဖြည့်သွင်းပုံနည်းလမ်းမှာ **ယခင်လအထိ** ပြန်ဆပ်ပြီးငွေ စုစုပေါင်းအား စာတိုင်(၅)တွင် ဖြည့်သွင်းရပါမည်။ **စာတိုင်(၂)**တွင် ယခုလ ပြန်လည်ပေးဆပ်သည့် အဖွဲ့ဝင်အမည် (အမည်တူပါက နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အဖအမည်ဖော်ပြရန်)၊ **စာတိုင်(၃)**တွင် ထုတ်ချေးစဉ်က ကော်မတီက သတ်မှတ်ထားသည့် အဖွဲ့ဝင်အမှတ် ဖြည့်သွင်းရန်၊ **စာတိုင်(၄)**တွင် ယခုလတွင် ပေးဆပ်သည့် အဖွဲ့ဝင်များမှ ပြန်လည်ပေးဆပ်ငွေ၊ **စာတိုင် (၅)တွင်** ယခင်လအထိ ပေးဆပ်ပြီးငွေနှင့် ယခုလပေးဆပ်ငွေ စုစုပေါင်းကို ဖြည့်သွင်းရန်ဖြစ်ပါသည်၊

(၃) **လုပ်ငန်းအမျိုးအစားအလိုက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးစာရင်းပုံစံ(၃)။** လည်ပတ်ရန်ပုံငွေမှ လအလိုက်၊ လုပ်ငန်းအလိုက် ထုတ်ချေးငွေများအား ပြုစုရသောပုံစံ ဖြစ်ပါသည်။ (ဥပမာ စိုက်ပျိုးရေး ( ) ဦးရေ/ ထုတ်ချေးငွေ ( )၊ မွေးမြူရေး ( ) ဦးရေ/ထုတ်ချေးငွေ ( )၊ ....)

(၄) **အတိုးရငွေစာရင်းပုံစံ (၄)။** အဖွဲ့ဝင်များ ထုတ်ချေးငွေအပေါ် ပေးသွင်းသည့် အတိုးရငွေများကို လအလိုက် ပြုစုရသောပုံစံ ဖြစ်ပါသည်။ **ယခင်လအထိ** ဆိုသည်မှာ ပြုစုသည့်လမတိုင်မီထိ အတိုးရငွေ စုစုပေါင်းကို စာတိုင်(၅)တွင် ဖြည့်သွင်းရပါမည်။ **စာတိုင်(၂)**တွင် အတိုးပေးသွင်းသည့် အဖွဲ့ဝင်အမည် (အမည်တူပါက အဖအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ဖော်ပြရန်)၊ **စာတိုင်(၃)**တွင် ထုတ်ချေးစဉ်က အဖွဲ့ဝင်အမှတ်၊ **စာတိုင်(၄)**တွင် ယခုလတွင် ပေးသွင်းသည့် အတိုးရငွေကို ဖြည့်သွင်းရပါမည်။ **စာတိုင်(၅)**၏ လအထိ တိုးတက်မှုပေါင်းဆိုသည်မှာ ယခင်လအထိ အတိုးရငွေနှင့် ယခုလအတိုးရငွေ စုစုပေါင်းကို ရေးသွင်းရန် ဖြစ်ပါသည်၊

(၅) **အခြားရငွေစာရင်း ပုံစံ (၅)။** နိုင်ငံတော် မတည်ရန်ပုံငွေမှအပ မြစ်မ်းရောင် ကျေးရွာကော်မတီသို့ လှူဒါန်းငွေ၊ အသေးသုံးစရိတ်များ ပိုမိုသုံးစွဲထားပါက ပြန်ပေးသွင်းငွေ၊ စီမံကိန်းစတင်စဉ်က ဘဏ်စာရင်းဖွင့်လှစ်ရန် ခေတ္တစိုက်ထားငွေ၊ ဒဏ်ကြေးငွေများကို **ပုံစံ (၅)**တွင် ဖြည့်သွင်းရမည်ဖြစ်ပါသည်၊

(၆) **အထွေထွေအသုံးစရိတ်စာရင်းပုံစံ(၆)။** အုပ်ချုပ်မှုအသုံးစရိတ်(အသေးသုံးစရိတ်) ကျပ်(၆)သိန်းအား သုံးစွဲမည့်အသုံးစရိတ်များ (ခရီးစရိတ်၊ စားစရိတ်၊ ဧည့်ခံ

ကျွေးမွေးစရိတ်၊ စာရေးကိရိယာ၊ မိတ္တူကူးခြင်း၊ ဘဏ်လုပ်အားခ၊ အခြား အသုံးစရိတ်)ကို အစည်းအဝေးမှတ်တမ်း၊ ဆုံးဖြတ်ချက်ဖြင့်သုံးစွဲပြီး အသုံးစရိတ် ပြေစာပါ ငွေပမာဏကို ဖြည့်သွင်းရသောပုံစံဖြစ်ပါသည်။ ဖြည့်သွင်းပုံမှာ ယခင်လထိ အသုံးစရိတ်စုစုပေါင်းကို **စာတိုင်(၄)** တွင် ဖြည့်သွင်းရန်၊ **စာတိုင် (၂)** တွင် ယခုလအတွင်းသုံးစွဲသည့် အသုံး စရိတ်များကို ခေါင်းစဉ်ဖော်ပြရန်၊ **စာတိုင် (၃)** တွင် သုံးစွဲသည့်ငွေပမာဏကို ဖော်ပြရန်၊ **စာတိုင်(၄)**တွင် ယခင်လထိ အသုံး စရိတ်နှင့် ယခုလအသုံးစရိတ် စုစုပေါင်းကို ဖြည့်သွင်းရပါမည်၊

(၇) **ဘဏ်လက်ကျန် စာရင်း ပုံစံ (၇-က)။** မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက် သည့် ကျေးရွာအမည်ဖြင့် ဘဏ်စာရင်း ဖွင့်လှစ်ထားသည့်ဘဏ်တွင် ငွေမည်မျှ ပေးသွင်းပြီး၊ ငွေမည့်မျှထုတ်ယူကြောင်းနှင့် ဘဏ်စာရင်းပိတ်လက်ကျန်ငွေ မည်မျှ ရှိကြောင်း ဖော်ပြသည့်ပုံစံ ဖြစ်ပါသည်။ ဘဏ်ရှင်းတမ်း (Bank Statement) ၏ စာရင်းပိတ် လက်ကျန်ငွေနှင့် ကိုက်ညီရပါမည်၊

(၈) **ငွေသားလက်ကျန်စာရင်း ပုံစံ(၇-ခ)။** ကျေးရွာကော်မတီမှ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် လိုအပ်သည့်အသေးသုံးစရိတ်များသုံးစွဲရန် ဘဏ်မှ ထုတ်ယူ သုံးစွဲပြီးငွေ(ငွေသား)လက်ကျန်မည်မျှကျန်ရှိသည်ကို စနစ်တကျ ရေးသွင်းရသော ပုံစံဖြစ်ပါသည်။ ငွေသားလက်ကျန်ငွေကို ငွေသေတ္တာတွင် သော့ခတ် ထိန်းသိမ်းရန် လိုအပ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် မြန်မာ့စီးပွားရေးဘဏ်သို့ လစဉ်အတိုး/အရင်း ပေးသွင်းနိုင်ခြင်းမရှိသော စီမံကိန်းကျေးရွာများအနေဖြင့် အတိုး/အရင်းရငွေများကို ငွေသားလက်ကျန်စာရင်း ပုံစံ(၇-ခ)ရှိ စာတိုင်(၃)တွင် ရငွေအဖြစ်လည်းကောင်း၊ စာတိုင်(၄)တွင် ပေးငွေအဖြစ်လည်းကောင်း စာရင်း ရေးသွင်းပြုစုပြီးမှသာ ထုတ်ချေးပေးရမည်၊

(၉) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအသုံးစရိတ်(ပုံစံ-၈)။** စီမံကိန်း ကာလ (၃)နှစ် ပြည့် မြောက်ပြီး စတုတ္ထနှစ် (သို့မဟုတ်) အတိုးရငွေ စုစုပေါင်းကျပ်သိန်း (၁၀၀) ရရှိသော ကျေးရွာများမှ အတိုးရငွေ၏(၅၀%)ဖြင့် ဆောင်ရွက်သည့် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်း၏အသုံးစရိတ်များကို လအလိုက်စာရင်း ပြုစုရသည့် ပုံစံဖြစ်ပါ သည်။ အသုံးစရိတ်ပြေစာ၊ ဘောင်ချာများကို စနစ်တကျ ထိန်းသိမ်းထားရှိရမည်။

(ဂ) **ငွေကြေးထိန်းသိမ်းခြင်း။** မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်သက်ဆိုင်သော (သတ်မှတ် ကာလ (သို့မဟုတ်) ကာယကံရှင်၏ ဆန္ဒအရ ပေးသွင်းလာသည့် ထုတ်ချေးငွေနှင့် အတိုးတို့ကို ကောက်ခံနေစဉ်) ငွေကြေးများအား သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ် သို့ ပေးသွင်းခြင်းမပြုမီ (သို့မဟုတ်) ကျေးရွာသူ၊ကျေးရွာသားများအား ငွေမထုတ်ချေး မီ ဘဏ္ဍာရေးမှူး၏ နေအိမ်တွင်ထားရှိသော ငွေသေတ္တာတွင် ယာယီထိန်းသိမ်းထား ရှိရမည်၊ ယင်းသို့ထိန်းသိမ်းရာတွင် ငွေလက်ကျန် (ငွေစက္ကူတန်ဖိုးနှင့် ရွက်ရေ) ဖော်ပြ

သည့်စာရင်း ပြုစုထားရှိရမည်။ ငွေသေတ္တာသော့အား ဘဏ္ဍာရေးမှူးနှင့် စာရင်းကိုင်မှ ကိုင်တွယ် ထိန်းသိမ်းခြင်းမပြုရ။

(ဃ) **အဖွဲ့ဝင်များသို့ရှင်းလင်းဆွေးနွေးခြင်း။** မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် သက်ဆိုင်သော ငွေစာရင်း၊ ထုတ်ချေးငွေ၊ အတိုးရငွေ၊ ဒဏ်ကြေးငွေ၊ အခြားရငွေများနှင့် အုပ်ချုပ်မှု စရိတ်အတွက် ကုန်ကျငွေများကို ဘဏ္ဍာရေးမှူးမှ လစဉ်ကျင်းပပြုလုပ်သည့် ကော်မတီ အစည်းအဝေးတွင် တင်ပြအတည်ပြုချက်ရယူရမည်။ ဘဏ္ဍာရေးဆပ်ကော်မတီ၏ လက်ဝယ်တွင်ထားရှိသော ငွေကြေးကိစ္စရပ်များတင်ပြခြင်း၊ လက်ဝယ်ကိုင်ဆောင် ထားသော ငွေသားအား ထုတ်ဖော်ပြသခြင်း၊ ဘဏ်လက်ကျန်နှင့် ဘဏ်လက်ကျန် ရှင်းတမ်းတို့ကိုလည်း ရှင်းလင်းဆွေးနွေးပေးရမည်၊

(င) **ကျေးရွာသူ၊ ကျေးရွာသားသို့ ရှင်းလင်းဆွေးနွေးခြင်း။** ကျေးရွာကော်မတီနှင့် ကျေးရွာ သူ၊ ကျေးရွာသားများတို့အကြား ပုံမှန်(သို့မဟုတ်) အခါအားလျော်စွာ ကျင်းပပြုလုပ်သည့် အစည်းအဝေးတွင် စီမံကိန်းနှင့် သက်ဆိုင်သော ထုတ်ချေးငွေ၊ ထုတ်ချေးသည့်ပုဂ္ဂိုလ် အရေအတွက်၊ လုပ်ငန်းအလိုက်ထုတ်ချေးသည့်ငွေပမာဏ သတ်မှတ်ချက်၊ စုစုပေါင်း ထုတ်ချေးငွေ၊ အတိုးနှုန်း၊ အတိုးပေးသွင်းရမည့် ကာလသတ်မှတ်ချက်၊ သတ်မှတ်ရက် အတွင်း ပေးသွင်းခြင်းမရှိပါက ထုတ်ချေးငွေနှင့် အတိုးအတွက် ဒဏ်ကြေးသတ်မှတ် ချက်၊ အခြားရငွေများ၊ အုပ်ချုပ်မှုစရိတ်မှ သုံးစွဲပြီးငွေနှင့် လက်ကျန်ငွေ စသည်တို့ကို လုပ်ငန်း လိုအပ်ချက်အပေါ်မူတည်၍ ကော်မတီမှ ရှင်းလင်းဆွေးနွေးပေးရမည်။ ထို့အပြင် ကော်မတီအဆင့်ဆင့်နှင့် မြို့နယ်စာရင်းစစ်ရုံးတို့မှ စစ်ဆေးအကြံပြုချက်များ အပေါ် လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးပေးရမည်။

## ချေးငွေလျှောက်လွှာတင်ပြခြင်း

၅။ ကျေးရွာသူ/ ကျေးရွာသားများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေ ရရှိရန်အတွက် ချေးငွေလျှောက်လွှာကို ပြည့်စုံစွာရေးသွင်းပြီး သတ်မှတ်သည့်ရက်အတွင်း ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီသို့ လျှောက်ထားရမည်။ ကျေးရွာသူ/ ကျေးရွာသားများမှ ချေးငွေလျှောက်လွှာကို ဖြည့်သွင်းရန် အခက်အခဲရှိပါက ကျေးရွာကော်မတီမှ ကူညီရေးသွင်းပေးရမည်။

## ဦးစားပေးစနစ်ဖြင့်ရွေးချယ်ခြင်းနှင့်ဆုံးဖြတ်ခြင်း

(က) **ချေးငွေများကိုဆုံးဖြတ်ခြင်း။** ကော်မတီ၏စည်းကမ်းချက်များ ပျက်ကွက်ခဲ့မှု ရှိ/မရှိ၊ ကော်မတီဦးစားပေးစနစ်နှင့် ကိုက်ညီမှုရှိ/မရှိ၊ ကော်မတီမှ ဆောင်ရွက်ခွင့်ပြုသည့် လုပ်ငန်းများ ဆောင်ရွက်ခြင်းရှိ/မရှိ။ အတိုး/အရင်းပေးသွင်းမှုပျက်ကွက်မှု ရှိ/မရှိ၊ အစည်းအဝေး တက်ရောက်မှုပျက်ကွက်ခြင်း ရှိ/မရှိတို့ကို လေ့လာသုံးသပ်ပြီး ချေးငွေ ထုတ်ချေးရန်အတွက် ဆုံးဖြတ်ချက် ချမှတ်ရမည်၊

(ခ) **ပြန်လည်ပေးဆပ်မည့် ကာလသတ်မှတ်ခြင်း။** ချေးငွေပြန်လည်ပေးဆပ်ရန်ကာလ သတ်မှတ်ရာ၌ ချေးငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းနှင့် လိုက်လျောညီထွေသည့် အခြေ အနေအပေါ်မူတည်၍ကော်မတီမှသတ်မှတ်ရမည်။ အတိုးပေးသွင်းကာလကို ယေဘုယျ အားဖြင့် သုံးလလျှင်တစ်ကြိမ် ပြန်လည်ပေးဆပ်ရန် လိုအပ်ပါသည်။ (သို့ရာတွင် ကျေးရွာကော်မတီမှ လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ နယ်မြေဒေသနှင့် လိုက်လျော ညီထွေစွာ သတ်မှတ်နိုင်ရန် မြို့နယ်သို့တင်ပြရမည်။)

(ဂ) **သဘောတူလက်မှတ်ရေးထိုးခြင်းနှင့် ချေးငွေထုတ်ချေးခြင်း။** ကော်မတီမှ သတ်မှတ် ထားသော သတ်မှတ်ချက်များအတိုင်း ချေးငွေရရှိမည့်ပုဂ္ဂိုလ်သည် အာမခံသည့် ပုဂ္ဂိုလ် (၂)ဦးနှင့်အတူ စာချုပ်တွင် လက်မှတ်ရေးထိုးပြီးမှသာ ချေးငွေကို ကော်မတီမှ ချေးငွေ အောင်သည့်ပုဂ္ဂိုလ်ထံသို့ ထုတ်ချေးပေးရမည်။ အာမခံလက်မှတ် ရေးထိုးပေးသည့် ပုဂ္ဂိုလ်(၂)ဦးအား ချေးငွေအောင်သည့်ပုဂ္ဂိုလ်သေဆုံးခြင်း၊ ချေးငွေမဆပ်ဘဲ တိမ်းရှောင် ခြင်း၊ ဒေသမှ ပြောင်းရွှေ့ သွားခြင်းစသည့်အကြောင်းအမျိုးမျိုးကြောင့် ချေးငွေမပေးဆပ် နိုင်ပါက အာမခံသည့်ပုဂ္ဂိုလ်(၂)ဦးမှ ပေးလျော်ရမည်ဖြစ်ကြောင်း ကော်မတီမှ အသိပေး ထားရမည်။ ကော်မတီအနေဖြင့် ငွေထုတ်ချေးပြီး နောက်ပထမလအတိုး (သို့မဟုတ်) ချေးငွေကာလတစ်ဝက် (သို့မဟုတ်) ချေးငွေသက်တမ်းကာလအထိ အတိုးငွေများကို ကြိုတင်ဖြတ်တောက်ခြင်းမပြုရန်၊ ထို့ပြင် ကော်မတီမှ ချေးငွေကာလ(၁)နှစ် (သို့မဟုတ်) (၁)နှစ်အထက် သတ်မှတ်ခြင်း၊ ချေးငွေနှင့်အတိုးကို တစ်ပေါင်းတည်းပေးသွင်းပါက ကျေးရွာသူ၊ ကျေးရွာသားများ ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့်အတွက် ရှောင်ကြဉ်ရမည်။

(ဃ) **ကော်မတီနှင့်စာချုပ်ချုပ်ဆိုခြင်း။** မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနနှင့် ရန်ပုံငွေကြီးကြပ်မှုကော်မတီတို့အကြား စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်မှု သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရမည် ဖြစ်ပါသည်။ သဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များကို ကျေးရွာသူ/ သားများအားလုံး သိရှိ လိုက်နာစေရန် ရန်ပုံငွေကြီးကြပ်မှုကော်မတီမှ အသိပေးကြေငြာထားရမည်။ ရန်ပုံငွေ လွှဲပြောင်းပေးအပ်မှုသဘောတူစာချုပ်ကို **နောက်ဆက်တွဲ(က)** ဖြင့် ဖော်ပြထားပါသည်။

၆။ ကျေးရွာရန်ပုံငွေကြီးကြပ်မှု ကော်မတီသည် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ခြင်း မရှိသည့်အပြင် ကျေးရွာသူ/သား တစ်ဦးဦး(သို့မဟုတ်) အစုအဖွဲ့တစ်ခု၏ လုပ်ဆောင်ချက်သည် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိခိုက်ပျက်ပြားစေခြင်း၊ စည်းလုံးညီညွတ်မှုကို ထိခိုက်ပျက်ပြားစေခြင်း၊ ရန်ပုံငွေအလွဲသုံးစားမှုနှင့် ငွေကြေးမသမာမှု ဖြစ်ပေါ် ခြင်း၊ သတ်မှတ်ကာလအတွင်း ထုတ်ချေးငွေကို ပြန်လည်မပေးဆပ်နိုင်ခြင်း၊ ကျေးရွာသူ/ သားများ၏ အများဆန္ဒအရ စီမံကိန်းကို ဆက်လက်ဆောင်ရွက်လိုမှု မရှိခြင်းတို့ ဖြစ်ပေါ်လာပါက စီမံကိန်း ရန်ပုံငွေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ပြန်လည်ရုပ်သိမ်းခြင်း၊ ရပ်တန့်ခြင်း၊

သိမ်းဆည်းခြင်းနှင့် သက်ဆိုင်ရာ တရားဥပဒေနှင့်အညီ အရေးယူခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်သည်။

## ရန်ပုံငွေထုတ်ချေးပေးမည့်လုပ်ငန်းစဉ်များ

၇။ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီသည် ကျေးရွာသူ/ ကျေးရွာသားများ အားလုံးအား ဖိတ်ကြား၍ ရန်ပုံငွေအသင်းဝင်လျှောက်ထားခြင်း၊ မြစိမ်းရောင်ရန်ပုံငွေအကြောင်း ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ကျင်းပရမည်။ အဆိုပါအခမ်းအနားတွင် ကျေးရွာရန်ပုံငွေကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌမှ ဦးဆောင်၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) မြစိမ်းရောင်ကျေးရွာစီမံကိန်းအနေဖြင့် ကျေးရွာသူ/သားများအတွက် လည်ပတ်ရန်ပုံငွေမှ အတိုးနှုန်းသက်သာစွာ ချေးယူနိုင်ပြီး ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်းများနှင့် အသက်မွေး ဝမ်းကျောင်းလုပ်ငန်းစသည့် ဝင်ငွေတိုးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်းနားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားရမည်၊

(ခ) မြစိမ်းရောင်ရန်ပုံငွေမှ ငွေချေးယူလိုသော ကျေးရွာသူ/သားများအား မြစိမ်းရောင်ရန်ပုံငွေ အသင်းသားအဖြစ် လျှောက်လွှာတင်သွင်းစေရမည်။ အသင်းဝင်အမှတ်များ သတ်မှတ်ပေးရမည်၊

(ဂ) မြစိမ်းရောင်ရန်ပုံငွေမှ ချေးငွေရယူလိုသည့်ပုဂ္ဂိုလ်များ၏ အသင်းဝင်အမှတ်များကို အစည်းအဝေးအပြီးတွင် လည်းကောင်း(သို့မဟုတ်) သင့်လျော်သည့်နေ့ရက်တွင် ကြေငြာအသိပေးရမည်။

## ချေးငွေလျှောက်လွှာခေါ်ယူခြင်းနှင့် စိစစ်အတည်ပြုခြင်း

၈။ မြစိမ်းရောင်ရန်ပုံငွေ လျှောက်ထားရယူသုံးစွဲရာတွင် ချေးငွေပမာဏနှင့် လုပ်ငန်းအမျိုးအစားပေါ် မူတည်၍ တစ်မိသားစုချင်း (သို့မဟုတ်) အိမ်ထောင်စုများစုပေါင်းလျှောက်ထား၍ ရယူသုံးစွဲနိုင်သည်။ အစုအဖွဲ့ဖြင့် ဆောင်ရွက်လိုသော လုပ်ငန်းများအတွက် ချေးငွေရယူလိုပါက မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီမှ ထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရမည်။ စီမံကိန်းရန်ပုံငွေဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ငွေထုတ်ချေးခြင်းလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်သည် -

(က) ချေးယူလိုသော အသင်းသားသည် မြစိမ်းရောင်ရန်ပုံငွေ ချေးငွေလျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။ ချေးငွေလျှောက်လွှာပုံစံများ ဖြည့်စွက်ရာတွင် လိုအပ်ပါက ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီမှ ကူညီဆောင်ရွက်ပေးရမည်ဖြစ်သည်၊ ချေးငွေလျှောက်လွှာပုံစံ အား **နောက်ဆက်တွဲ(ခ)** တွင် ဖော်ပြထားပါသည်၊

(ခ) ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ချေးငွေ လျှောက်လွှာများ လက်ခံရန်၊ ချေးငွေလျှောက်လွှာတင်ပြသည့် ကျေးရွာသူ/သားများနှင့် တွေ့ဆုံရန် သင့်လျော်မည့်နေ့ရက်ကို သတ်မှတ်ပေးမည်ဖြစ်ပြီး ကျေးရွာသူ/သားများ သိရှိစေရန် ကြေငြာပေးရမည် ဖြစ်သည်၊

(ဂ) ချေးငွေလျှောက်လွှာအား စိစစ်ရာတွင် ချေးငွေတင်ပြလာသည့် ကျေးရွာသူ/သားများ၏ ဆောင်ရွက်မည့်လုပ်ငန်းနှင့်ပတ်သက်၍ အကျိုးအကြောင်း ခိုင်လုံမှုရှိ/မရှိ၊ လျှောက်ထား သည့် ကျေးရွာသူ၊ ကျေးရွာသားများ၏ အကျင့်စာရိတ္တနှင့် ချေးငွေထုတ်ပေးရန် သင့်/ မသင့်အား ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီမှ ဆုံးဖြတ်ရမည်၊

(ဃ) ချေးငွေလျှောက်ထားသည့်ပုဂ္ဂိုလ်များ၏ လျှောက်လွှာများအရ လူတွေ့မေးမြန်းပြီး နောက် ချေးငွေပေးသင့်၊ မသင့်နှင့် ချေးငှားသင့်သောပမာဏကို ချေးငွေအတည်ပြုလွှာ ပုံစံတွင် ဖြည့်စွက်၍ ကျေးရွာရန်ပုံငွေကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်အားလုံးမှ လက်မှတ် ရေးထိုးရမည်။ စီမံကိန်း ချေးငွေအတည်ပြုလွှာပုံစံအား **နောက်ဆက်တွဲ (ဂ)** ဖြင့် ဖော်ပြပါသည်။ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီသည် ချေးငွေအတည်ပြုလွှာများ အား စုစည်း၍ မြို့နယ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီသို့ အတည်ပြုချက်ရရှိရန် ဆက်လက်တင်ပြရမည်။

(င) ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီမှ တင်ပြလာသော ချေးငွေအတည်ပြုလွှာ ပုံစံ များကို မြို့နယ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီမှ စိစစ်ပြီး လုပ်ငန်းအမျိုးအစားအလိုက် ထုတ်ချေးငွေသတ်မှတ်ချက်၊ ထုတ်ချေးငွေပမာဏတို့ကို အတည်ပြုပေး ရမည်ဖြစ်ပြီး အတည်ပြုပြီးသော ချေးငွေအောင်သူအမည်စာရင်းအား ကြော်ငြာဆိုင်းဘုတ်ဖြင့် ကြေညာထားရှိရမည်၊

(စ) မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီသည် စီမံကိန်းကျေးရွာများတွင် ငွေထုတ်ချေးခြင်းမပြုမီ ကွင်းဆင်း၍ ကျေးရွာကော်မတီနှင့် ကျေးရွာသူ/ကျေးရွာသားများအား ချေးငွေနှင့်ပတ်သက်၍ ရှင်းလင်းအတည်ပြုပြီးမှသာ ငွေထုတ်ချေးခြင်းအား ခွင့်ပြုဆောင်ရွက်သွားရမည်။

**ချေးငွေထုတ်ချေးခြင်းနှင့် ပြန်လည်ကောက်ခံခြင်း**

၉။ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီမှ ချေးငွေ အဆိုပြုလွှာများကို စိစစ်အတည်ပြုပြီးပါက ကျေးရွာကော်မတီသည် အောက်ဖော်ပြပါအတိုင်း ဆောင် ရွက်ရမည်-

(က) ချေးငွေချေးယူခွင့်ရရှိသည့်ပုဂ္ဂိုလ်သည် (ချေးငွေအောင်သည့် ပုဂ္ဂိုလ်ဟု သုံးနှုန်းမည်) ကျေးရွာ ကော်မတီနှင့် ချေးငွေသဘောတူစာချုပ်ကို ချုပ်ဆိုရမည်။ ချေးငွေသဘောတူ စာချုပ်ကို **နောက်ဆက်တွဲ(ဃ)** ဖြင့် ဖော်ပြထားပါသည်၊

(ခ) ချေးငွေအောင်သည့်ပုဂ္ဂိုလ်သည် ချေးငွေသဘောတူစာချုပ်နှင့်အတူ အာမခံသူ(၂)ဦး၏ သဘောတူညီချက်ကိုပါ တင်ပြရန်လိုအပ်သည်။ သဘောတူညီချက်ပေးသည့် ပုဂ္ဂိုလ်သည် ချေးငွေအောင်မြင်သည့် ပုဂ္ဂိုလ်ဖြစ်ရမည် ဖြစ်သော်လည်းတစ်မိသားစုချင်းထဲမှ မိသားစုအချင်းချင်း ထောက်ခံချက်မပေးနိုင်ပါ။ ခြွင်းချက်အနေဖြင့် တစ်မိသားစုချင်း ဖြစ်သော်လည်း စီးပွားကွဲဖြစ်ပါက သဘောတူညီချက်ပေးနိုင်သည်၊

(ဂ) ဘဏ္ဍာရေးဆပ်ကော်မတီသည် စီမံကိန်းလည်ပတ်ရန်ပုံငွေနှင့်ပတ်သက်သည့် စည်းမျဉ်း စည်းကမ်းများ၊ ထုတ်ချေးမည့် လူဦးရေ၊ ချေးငွေပမာဏ၊ လုပ်ငန်းအမျိုးအစားအလိုက် ချေးငွေပမာဏ၊ အတိုးနှုန်းနှင့် ချေးငွေကာလများ သတ်မှတ်ပေးခြင်း၊ အတိုးနှင့် အရင်းကောက်ခံမည့် နေ့ရက်များ ထုတ်ပြန်ကြေညာပေးရမည်၊

(ဃ) အဆိုပြုထုတ်ချေးငွေအပေါ် ကျေးရွာသူ/ သားများအနေဖြင့် လုပ်ငန်းအမှန်တကယ် လုပ်ကိုင်ခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်း၊ လုပ်ကိုင်ဆောင်ရွက်မှု အားနည်းပါက အမှန်တကယ်လုပ်ဆောင်ရန် တိုက်တွန်းခြင်း၊ လုပ်ဆောင်ခြင်းမရှိပါက ခေါ်ယူသတိ ပေးခြင်း၊ နောက်တစ်ကြိမ်တွင်ချေးငွေထုတ်ယူခွင့်မပြုကြောင်း အသိပေးပြောကြားရမည်၊

(င) ဘဏ္ဍာရေးဆပ်ကော်မတီသည် ထုတ်ချေးငွေများ ပြန်လည်စုစည်းခြင်း၊ အတိုးရငွေများ ကောက်ခံခြင်းတို့ကို ဆောင်ရွက်ရမည်၊

(စ) ချေးငွေ အတိုး/အရင်း ပြန်လည်ကောက်ခံရာတွင် ဘဏ်သို့အချိန်မီပေးသွင်းနိုင်ရန် သောကြာ၊ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် ကောက်ခံမှု မပြုရ၊

(ဆ) အတိုး/အရင်းကောက်ခံရမည့် နေ့ရက်သည် ရုံးပိတ်ရက်များနှင့် တိုက်ဆိုင်နေပါက ရုံးပိတ်ရက်မတိုင်မီ ကြိုတင်ကောက်ခံခြင်း (သို့မဟုတ်) ရုံးပိတ်ရက်ကျော်လွန်ပြီးမှ ကောက်ခံ၍ မြန်မာ့စီးပွားရေးဘဏ်သို့ အချိန်မီပေးသွင်းရမည်၊

(ဇ) သတ်မှတ်ကာလအတွင်း အတိုးနှင့် အရင်း ပေးသွင်းခြင်းမရှိသည့် ပုဂ္ဂိုလ်များအတွက် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဒဏ်ကြေးသတ်မှတ်ကောက်ခံရန် အတည်ပြုရမည်၊

(ဈ) ချေးငွေရယူသည့်ပုဂ္ဂိုလ်မှ ချေးငွေပြန်ဆပ်ရမည့်နေ့ရက်တွင် ပေးဆပ်နိုင်ချေမရှိပါက ခိုင်လုံသော အကြောင်းပြချက်ဖြင့် မြစိမ်းရောင် ဘဏ္ဍာရေးဆပ်ကော်မတီသို့ (၂)ပတ် ကြိုတင် အကြောင်းကြားရမည်၊

(ည) ပြန်ဆပ်ရန်အချိန်ကျရောက်သော်လည်း ပေးဆပ်ခြင်းမရှိသူများ၏စာရင်းများ ထုတ်ပြန် ၍ အချိန်မီပြန်လည်ပေးဆပ်ရန် နှိုးဆော်ခြင်း၊ အသိပေးခြင်း၊ ချေးငွေပေးဆပ်ရန် ပျက်ကွက်ပါက ချေးငွေခံစားသည့် မိသားစုဝင်များမှ ပေးလျော်စေခြင်း(သို့မဟုတ်) အာမခံသည့်ပုဂ္ဂိုလ်(၂)ဦးမှ အချိုးကျပေးလျော်စေရန် အသိပေးခြင်း၊ ပြန်လည်ပေးဆပ် ရမည့် အချိန်ကာလသတ်မှတ်ပေးခြင်း၊ သတ်မှတ်ရက်အတွင်း ပေးဆပ်ခြင်းမရှိပါက နောက်တစ်ကြိမ်ထုတ်ချေးမှုမပြုခြင်း၊

(ဠ) ချေးငွေဆုံးရှုံးမှုမရှိစေရန် ငွေချေးသည့် ပုဂ္ဂိုလ်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေအား ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီမှ စဉ်ဆက်မပြတ် စောင့်ကြည့်နေရမည်၊

(ဍ) မမျှော်လင့်သော သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့ပါက ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီသို့ ချက်ချင်းတင်ပြရမည်၊ ကော်မတီ မှ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ရှိ/ မရှိကို ကွင်းဆင်းစိစစ်၍ မြို့နယ် ကော်မတီသို့ ဆက်လက်တင်ပြရမည်။

## ငွေစာရင်းပုံစံများ၊ ချေးငွေမှတ်တမ်းများ ထိန်းသိမ်းခြင်း

၁၀။ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ ကျေးရွာများတွင် ချေးငွေမှတ်တမ်းများ ငွေစာရင်းပုံစံများကို အောက်ဖော်ပြပါအတိုင်း ပြုစုထိန်းသိမ်းရမည်-

(က) ချေးငွေချေးယူရာတွင် လိုအပ်သော စာရွက်စာတမ်းများဖြစ်သည့် ကျေးရွာသူ၊ ကျေးရွာသားတစ်ဦးချင်းနှင့်သက်ဆိုင်သော ချေးငွေလျှောက်လွှာ၊ ချေးငွေအတည်ပြုလွှာ၊ ချေးငွေသဘောတူစာချုပ်၊ ချေးငွေပေးအပ်ခြင်း၊ ချေးငွေပြန်လည်လက်ခံခြင်းဆိုင်ရာ ချေးငွေမှတ်တမ်းများ၊ တစ်ဦးချင်းချေးငွေမှတ်တမ်း၊ ငွေစာရင်းပုံစံများ၊ ဘဏ်ရှင်းတမ်းများ၊ ဘဏ်ငွေသွင်းချလံမိတ္တူများ အစည်းအဝေးမှတ်တမ်းများ၊ အသုံးစရိတ်ဘောင်ချာပြေစာများ၊ ငွေပေး၊ ငွေရပြေစာများကို ဖိုင်တွဲ၍ စနစ်တကျ မြစိမ်းရောင်ဘဏ္ဍာရေးဆပ်ကော်မတီမှ စုစည်းထားရှိခြင်းနှင့် ထိန်းသိမ်းခြင်း၊

(ခ) ချေးငွေအောင်သူများ၏ ချေးယူငွေ၊ ပြန်လည်ပေးဆပ်ငွေ၊ အတိုးပေးသွင်းငွေများကို တစ်ဦးချင်း ချေးငွေမှတ်တမ်းစာအုပ်ဖြင့် ရေးသွင်းပြုစုထိန်းသိမ်းခြင်း၊

(ဂ) မြစိမ်းရောင်စီမံကိန်းရန်ပုံငွေနှင့်ပတ်သက်၍ ကျေးရွာများတွင် အသုံးပြုရမည့်ပုံစံများကို နောက်ဆက်တွဲများဖြင့် ဖော်ပြထားပါသည်-

- တစ်ဦးချင်းချေးငွေမှတ်တမ်း - **နောက်ဆက်တွဲ(င)**
- လည်ပတ်ရန်ပုံငွေထုတ်ချေးမှုစာရင်း ပုံစံ (၁) - **နောက်ဆက်တွဲ(စ)**
- လည်ပတ်ရန်ပုံငွေပြန်လည်ပေးဆပ်မှုစာရင်း ပုံစံ (၂) - **နောက်ဆက်တွဲ(ဆ)**
- လုပ်ငန်းအမျိုးအစားအလိုက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးမှုစာရင်း ပုံစံ (၃) - **နောက်ဆက်တွဲ (ဇ)**
- အတိုးရငွေစာရင်း ပုံစံ (၄) - **နောက်ဆက်တွဲ(ဈ)**
- အခြားရငွေစာရင်း ပုံစံ (၅) - **နောက်ဆက်တွဲ (ည)**
- အထွေထွေအသုံးစရိတ်စာရင်း ပုံစံ (၆) - **နောက်ဆက်တွဲ (ဋ)**
- ဘဏ်လက်ကျန်စာရင်း ပုံစံ (၇-က) - **နောက်ဆက်တွဲ (ဌ)**
- ငွေသားလက်ကျန်စာရင်း ပုံစံ (၇-ခ) - **နောက်ဆက်တွဲ (ဍ)**
- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအသုံးစရိတ်စာရင်းပုံစံ(၈) - **နောက်ဆက်တွဲ (ဎ)**

▪ အစည်းဝေးတက်ရောက်မှု မှတ်တမ်းပုံစံ - **နောက်ဆက်တွဲ (ဏ)**

(ဃ) မြို့နယ်စီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီသည် စီမံကိန်းကျေးရွာများ၏ လစဉ်လည်ပတ်ရန်ပုံငွေ ရငွေ/ ပေးငွေ အသုံးစရိတ်စာရင်းများ၏ လချုပ်စာရင်းပုံစံကို **နောက်ဆက်တွဲ(တ)**ဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် မတည်ငွေနှင့် အတိုးရငွေစာရင်းများကို နှစ်ချုပ်စာရင်းပုံစံ **နောက်ဆက်တွဲ(ထ)** ဖြင့်လည်းကောင်းပြုစု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြသွားရမည်၊

(င) ချေးငွေလည်ပတ်မှုအခြေအနေ၊ အတိုး၊ အရင်း ပြန်လည်ပေးဆပ်နိုင်မှု ရာခိုင်နှုန်း၊ သင်တန်းပို့ချမှုနှင့် ကော်မတီအစည်းအဝေး ကျင်းပနိုင်မှု၊ ကွင်းဆင်းစစ်ဆေးမှုနှင့် တွေ့ရှိချက်၊ သုံးသပ်ချက်များသိရှိစေရန်အတွက် အကောင်အထည်ဖော်မှုစစ်ဆေးချက် မှတ်တမ်းအား **နောက်ဆက်တွဲ(ဒ)** ဖြင့်လည်းကောင်း၊ မြို့နယ်အဆင့်မှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်မှု လစဉ်(သို့မဟုတ်) (၃)လပတ် အစီရင်ခံစာအား **နောက်ဆက်တွဲ(ဓ)** ဖြင့် ခရိုင်အဆင့်သို့ တင်ပြရပါသည်၊

(စ) ခရိုင်အဆင့်တွင် အစီရင်ခံသည့်ကာလအတွင်း ဆောင်ရွက်ပြီးစီးမှုနှင့် ချေးငွေလည်ပတ်မှုဆိုင်ရာ အကျဉ်းချုပ်များ သိရှိစေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်မှု လစဉ် (သို့မဟုတ်) (၃) လပတ် အစီရင်ခံစာအား **နောက်ဆက်တွဲ(န)** ဖြင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပြည်နယ်/ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြသွားရမည်ဖြစ်ပါသည်၊

(ဆ) ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပြည်နယ်/ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ခရိုင်များမှတင်ပြလာသော အစီရင်ခံစာများ စုစည်း၍ စီမံကိန်းအကောင်အထည်ဖော်မှု လစဉ် (သို့မဟုတ်) သုံးလပတ် အစီရင်ခံစာအား **နောက်ဆက်တွဲ (ပ)** ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြသွားရမည်ဖြစ်ပါသည်။

# အခန်း(၇)

# အစီရင်ခံခြင်း

## ဆက်သွယ်ဆောင်ရွက်ခြင်း

၁။ မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူလူထု ဦးဆောင်သည့် နည်းလမ်းဖြင့် ဆောင်ရွက်သည့်စီမံကိန်းဖြစ်သော်လည်း အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် အရပ်ဘက် လူမှုအဖွဲ့ အစည်းများမှ ပူးပေါင်းကူညီဆောင်ရွက်ရန် လိုအပ်သည့်အတွက် အကောင်အထည်ဖော် ဆောင်ရွက်သည့် အဖွဲ့အစည်းနှင့် ကူညီပံ့ပိုးပေးသည့် အဖွဲ့အစည်းများအကြား အပြန်အလှန်ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ရန် အရေးကြီးပါသည်။ ထို့အပြင်ပွင့်လင်းမြင်သာမှု ရှိစေရန်အတွက် လုပ်ငန်းအကောင် အထည်ဖော် ဆောင်ရွက်မှု၊ တိုးတက်မှုအခြေအနေများကို ကျေးလက်နေပြည်သူလူထုအား ရှင်းလင်း တင်ပြရန် လိုအပ်ပါသည်။

၂။ ဗဟိုကော်မတီ၊ ပြည်နယ်/ တိုင်းဒေသကြီးကော်မတီ၊ ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီနှင့် ကျေးရွာကော်မတီများအကြား ဆက်သွယ်ဆောင်ရွက်မှုများကို လစဉ်ပုံမှန် အစည်းအဝေးများ ကျင်းပ၍ ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ ဖက်စ်၊ တယ်လီဖုန်း၊ လူကိုယ်တိုင် ဆက်သွယ်မှုများကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ပွင့်လင်းမြင်သာမှုရှိစေရန် အတွက် ကျေးရွာ အတွင်း ဈေးငွေထုတ်ချေးမှု၊ အတိုး၊ အရင်းရရှိမှု အခြေအနေများကို ဆိုင်းဘုတ်များ၊ ဗီနိုင်းများဖြင့် ကျေးရွာ၌ အများမြင်သာသောနေရာများတွင် ပြသထားရမည် ဖြစ်ပါသည်။

## အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၃။ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းလည်ပတ်နိုင်ရန် ကျွမ်းကျင်မှု စွမ်းရည်လိုအပ်သည့်အတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ပြည်နယ်/ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် အရာထမ်း၊ အမှုထမ်းများအား ပြည်တွင်း၊ ပြည်ပရှိ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ၊ ငွေစာရင်း ထိန်းသိမ်းမှု သင်တန်းများ၊ စီမံကိန်းစီမံခန့်ခွဲမှုသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက် ရှိပါသည်။

၄။ စီမံကိန်းအကောင်အထည်ဖော်မှုဆိုင်ရာ အထောက်အကူပြုသင်တန်းများ၊ နည်းပညာဖြန့်ဖြူး ရေး ဆိုင်ရာကိစ္စရပ်များ၊ လူထုစည်းရုံးရေးဆိုင်ရာကိစ္စရပ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)သည် ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း များနှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

## အစီရင်ခံစာများ ပြုစုတင်ပြခြင်း

၅။ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေသော ကျေးရွာများနှင့် သက်ဆိုင်သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် စီမံကိန်းအကောင်အထည် ဖော်မှုအခြေအနေများကို လစဉ်၊ သုံးလပတ်နှင့် နှစ်စဉ်အစီရင်ခံစာများအား ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြသွားရမည်။ မြို့နယ်များမှတင်ပြလာသည့် စီမံကိန်း အကောင်

အထည်ဖော်မှုအခြေအနေများကို ခရိုင်များမှ စုစည်း၍ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ပြည်နယ်/တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြသွားရမည်။

၆။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သည် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပြည်နယ်/ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ စုစည်း တင်ပြလာသော စီမံကိန်းလချုပ်စာရင်းများကိုစိစစ်ပြီး ဘဏ္ဍာရေးနှစ်(၁)နှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ အကျိုးသက်ရောက်မှုများ လေ့လာသုံးသပ်နိုင်ရန် ပြည်ထောင်စုအဆင့် လေ့လာသုံးသပ်ခြင်း အစည်းအဝေး ကျင်းပပြုလုပ်သွားရပါမည်။

# အခန်း(၈)
# လေ့လာသင်ယူခြင်းနှင့် အကဲဖြတ်ခြင်း

## မြစိမ်းရောင်ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စဉ်ဆက်မပြတ်လည်ပတ်စေရန် စီမံခန့်ခွဲခြင်း

၁။ အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြစ်သည့် မြစိမ်းရောင်ရန်ပုံငွေမတည်ပေးရန် ရည်ရွယ်ဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအောင်မြင်စေရန် အဓိကလိုအပ်ချက်(၄)ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ရန်ပုံငွေပိုင်ဆိုင်မှုပမာဏ၊

(ခ) မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့၏ စွမ်းဆောင်ရည်၊ ကျေးရွာသူ/သားများ၏ ချေးငွေအပေါ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊

(ဂ) ချေးငွေချေးပေးနိုင်မှုပမာဏနှင့် ချေးပေးနိုင်မှုစွမ်းရည်၊

(ဃ) ပွင့်လင်းမြင်သာမှုနှင့် သာတူညီမျှရှိမှုတို့ ဖြစ်ပါသည်။

၂။ မြစိမ်းရောင်ရန်ပုံငွေလည်ပတ်လုပ်ငန်းစဉ်တွင် အစိုးရမှမည့်သည့်အရာကိုမှ ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ အစိုးရမှ ပံ့ပိုးကူညီပေးခြင်းသာဖြစ်ပါသည်။ သို့ဖြစ်ရာတွင် ကျေးရွာရန်ပုံငွေလည်ပတ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောအကြံဉာဏ်များပေးခြင်း၊ ပြဿနာ အခက်အခဲများကြုံပါက ဝိုင်းဝန်းဖြေရှင်းပေးခြင်း၊ စီမံကိန်းတွင်ပါဝင်ပတ်သက်သူအားလုံး သက်ဆိုင်ရာလုပ်ငန်းစဉ်များတွင် ဂရုတစိုက် လုပ်ဆောင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီအဆင့်ဆင့်နှင့် ကျေးရွာအဆင့်ရှိ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ၊ မြစိမ်းရောင်ဘဏ္ဍာရေးဆပ်ကော်မတီတို့မှအဆင့်ဆင့် တာဝန်ယူကြီးကြပ်၍ ဆောင်ရွက်သွားရမည်ဖြစ်သည်။ တိုးပွားလာသောရန်ပုံငွေများအား အဆက်မပြတ် လည်ပတ်နေစေရန် ထပ်ခါထပ်ခါ ချေးပေးခြင်းအားဖြင့် မြစိမ်းရောင်ရန်ပုံငွေမတည်ပေးခြင်း၏ ရည်ရွယ်ချက်များအောင်မြင် လာမည်ဖြစ်ပါသည်။ မြစိမ်းရောင်ရန်ပုံငွေမှ အကျိုးအမြတ်သည် ကျေးရွာသူ/သားများ ကိုယ်တိုင်ရရှိခံစားရမည်ဖြစ်သောကြောင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေရေရှည်တည်တံ့ရေးသည် စီမံကိန်းကျေးရွာရှိ ရွာသူရွာသားများအားလုံးအပေါ်တွင် မူတည်လျက်ရှိနေပါသည်။

## လုပ်ငန်းချိတ်ဆက်ဆောင်ရွက်ခြင်း

၃။ ကော်မတီများနှင့် အဖွဲ့ဝင်များအစည်းအဝေးပြုလုပ်၍ စီမံကိန်းလုပ်ငန်းများ အောင်မြင်စေရေးအတွက် လိုအပ်ချက်များကို ကြိုတင်ဖော်ထုတ်ရမည်ဖြစ်ပါသည်။ ထွက်ပေါ်လာသည့် ဆောင်ရွက်ရန်ကိစ္စရပ်များအတွက် မည်သူ့တွင် တာဝန်ရှိသည်၊ မည်သူမှ ဆောင်ရွက်မည်တို့ကို သတ်မှတ်ထားရမည်ဖြစ်သည်။ ထို့နောက် ကော်မတီမှ အစည်းအဝေးတွင် ပြန်လည်တင်ပြပြီး မှတ်တမ်းများ ရေးသွင်းခြင်း၊ ဆက်လက်လုပ်ငန်းဆောင်ရွက်စေခြင်းများကို အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) **ပုံမှန်လုပ်ငန်းကြီးကြပ်ခြင်းများ။** ပုံမှန်လုပ်ငန်းကြီးကြပ်ခြင်းဆိုသည်မှာ ဗဟို၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ပြည်နယ်/ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ကော်မတီများနှင့် တာဝန်ပေးအပ်ထားသောဝန်ထမ်းများမှ ကျေးရွာကော်မတီ၏ လုပ်ငန်း

များကို ပုံမှန်စစ်ဆေးကြီးကြပ်ရမည့်အပြင် ဆွေးနွေးပွဲများတွင်လည်း တင်ပြခြင်းနှင့် အကြံပြုခြင်းများကို ဆောင်ရွက်ရမည်၊

(ခ) **ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်မှုများ။** ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်လည်းပတ်ရန်ပုံငွေမှ ပြန်လည်ရရှိသောအတိုးငွေကို ရာခိုင်နှုန်းသတ်မှတ်ချက်ပြုလုပ်ရမည်ဖြစ်ပါသည်။ ရာခိုင်နှုန်းသတ်မှတ်ရာတွင် ကျေးရွာသူ/သားအားလုံးပါဝင်ရမည်ဖြစ်ပြီး အဖွဲ့၏စည်းကမ်းချက်များတွင်လည်း ပါဝင်ဖော်ပြရမည်ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းရွေးချယ်ရာတွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အရ ဆောင်ရွက်ရမည်ဖြစ်ပြီး တစ်နှစ်တာလုပ်ငန်းအစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်ပါသည်။

**လေ့လာသင်ယူခြင်းနှင့်အကဲဖြတ်ခြင်း**

၄။ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ ကော်မတီအဆင့်ဆင့်တို့မှ စီမံကိန်းဆိုင်ရာ လေ့လာသင်ယူခြင်းနှင့် အကောင်အထည်ဖော်မှု အကဲဖြတ်ခြင်းတို့ကို အောက်ပါအတိုင်း စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်-

(က) **စွမ်းဆောင်ရည်မြှင့်တင်ရမည့်အချက်များဖော်ထုတ်ခြင်း။** ကော်မတီများအတွက် လိုအပ်သော စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ရန် လိုအပ်ပါသည်။ ထို့အပြင် ဖွင့်လှစ်ရမည့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမျိုးအစားများ၊ သင်တန်း ကာလ၊ သင်တန်းသား အရည်အချင်းသတ်မှတ်ချက်၊ ဖွင့်လှစ်ပို့ချရမည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်၊

(ခ) **လုပ်ငန်းများအပေါ် စောင့်ကြည့်လေ့လာခြင်းနှင့်မှတ်တမ်းတင်ခြင်း။** ကော်မတီသည် ကျေးရွာသူ/သားများမှဆောင်ရွက်သောလုပ်ငန်းများအပေါ် အကဲဖြတ်မှုမှ ရရှိလာသော ရလဒ်များအား လပတ်အစည်းအဝေးတွင်လည်းကောင်း၊ အခါအားလျော်စွာ ကျင်းပပြုလုပ်သည့် အစည်းအဝေးတွင်လည်းကောင်း တင်ပြခြင်းနှင့် အကြံပေးခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး အစည်းအဝေးတွင် မှတ်တမ်းတင်ရမည် ဖြစ်သည်။ အစည်းအဝေးတွင် မှတ်တမ်းတင်ထားသော ကိစ္စရပ်များအတွက် အမှန်တကယ် ဆောင်ရွက်နိုင်ခြင်းရှိ/မရှိနှင့် အကျိုးသက်ရောက်မှုရှိ/မရှိတို့ကို ပြန်လည်သုံးသပ်ရမည်၊

(ဂ) **လုပ်ငန်းဆောင်ရွက်မှုအပေါ်အကဲဖြတ်ခြင်း။** လုပ်ငန်းဆောင်ရွက်မှုအပေါ် ကွင်းဆင်းလေ့လာပြီးပြန်လည်သုံးသပ်ရာတွင် ကော်မတီဝင်များအားလုံးမှပါဝင်ဆောင်ရွက်ရမည်၊

(ဃ) **စာရင်းစစ်ဆေးခြင်း။** မြို့နယ်နှင့် ကျေးရွာအဆင့် အရင်းမပျောက်လည်ပတ်ရန်ပုံငွေစီမံခန့်ခွဲမှု၊ ချေးငွေထုတ်ချေးမှု၊ အတိုး/အရင်း ပြန်လည်ကောက်ခံမှု၊ စာရင်းထိန်းသိမ်းမှု၊ ချေးငွေလည်ပတ်မှုအခြေအနေများအား မြို့နယ်စာရင်းရုံးမှ စာရင်းစစ်ဆေး သွားမည်ဖြစ်ပါသည်။ မြို့နယ်ကော်မတီ (သို့မဟုတ်) ကော်မတီအဆင့်ဆင့်မှ တာဝန်ပေးအပ်သော အဖွဲ့အစည်းများမှလည်း စာရင်းစစ်ဆေးနိုင်ပါသည်။

## ကွင်းဆင်းစစ်ဆေးခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်း

၅။ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်တကျ ရှိစေရန်နှင့် ထိရောက်အောင်မြင်စေရန် ရည်ရွယ်၍ ကွင်းဆင်းစစ်ဆေးခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်း လုပ်ငန်းစဉ်များကို အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်မည် ဖြစ်ပါသည်-

(က) စီမံကိန်းကျေးရွာများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ စောင့်ကြည့်ကြပ်မတ်စစ်ဆေးခြင်း၊ ပြည်နယ်/ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၅% မှ ၁၅%၊ ခရိုင်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၁၀% မှ ၂၀%၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၁၀၀% ကွင်းဆင်း စစ်ဆေးခြင်း၊

(ခ) ကျေးလက်ဦးစီးဌာန (ရုံးချုပ်)သည် ပြည်နယ်/တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပေးပို့လာသော အရင်းငွေပြန်လည် ပေးဆပ်မှု အခြေအနေ ပုံစံ(၁) ကို **နောက်ဆက်တွဲ (ဖ)**ဖြင့်လည်းကောင်း၊ အတိုးငွေပြန်လည်ပေးဆပ်မှု အခြေအနေ ပုံစံ (၂) ကို **နောက်ဆက်တွဲ(ဗ)**ဖြင့် လည်းကောင်း၊ အရင်း/အတိုး ပြန်လည်ပေးဆပ်မှုစာရင်းပုံစံ(၃)အား **နောက်ဆက်တွဲ(ဘ)**ဖြင့်လည်းကောင်းပြုစု၍ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂ) ပြည်နယ်/တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပေးပို့လာသော အရင်းငွေ ပြန်လည်ပေးဆပ်မှုအခြေအနေ ပုံစံ(၁)ကို **နောက်ဆက်တွဲ (မ)** ဖြင့် လည်းကောင်း၊ အတိုးငွေပြန်လည်ပေးဆပ်မှုအခြေအနေပုံစံ (၂) ကို **နောက်ဆက်တွဲ(ယ)**ဖြင့် လည်းကောင်း၊ အရင်း/အတိုး ပြန်လည်ပေးဆပ်မှုစာရင်းပုံစံ(၃)အား **နောက်ဆက်တွဲ(ရ)**ဖြင့် လည်းကောင်း မှန်ကန်စွာပြုစု၍ ဦးစီးဌာန(ရုံးချုပ်)သို့ ပေးပို့တင်ပြခြင်း၊

(ဃ) ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပေးပို့လာသော အရင်းငွေ ပြန်လည်ပေးဆပ်မှု အခြေအနေ ပုံစံ(၁)ကို **နောက်ဆက်တွဲ(လ)**ဖြင့် လည်းကောင်း၊ အတိုးငွေ ပြန်လည် ပေးဆပ်မှု အခြေအနေ ပုံစံ(၂) ကို **နောက်ဆက်တွဲ (ဝ)** ဖြင့် လည်းကောင်း၊ အရင်း/ အတိုး ပြန်လည်ပေးဆပ်မှု စာရင်းပုံစံ (၃)အား **နောက်ဆက်တွဲ (သ)** ဖြင့်လည်းကောင်း မှန်ကန်စွာပြုစု၍ ပြည်နယ်/ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ပေးပို့တင်ပြခြင်း၊

(င) မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် စီမံကိန်းကျေးရွာများမှ လအလိုက် အရင်းငွေပြန်လည်ပေးဆပ်မှုအခြေအနေ ပုံစံ (၄) ကို နောက်ဆက်တွဲ (ဟ) ဖြင့်လည်းကောင်း၊ အတိုးငွေပြန်လည်ပေးဆပ်မှု အခြေအနေပုံစံ(၅)ကို နောက်ဆက်တွဲ (ဠ)ဖြင့် လည်းကောင်း၊ အရင်း/ အတိုးပြန်လည်ပေးဆပ်မှု စာရင်းပုံစံ(၆) အား

နောက်ဆက်တွဲ(အ)ဖြင့် လည်းကောင်း မှန်ကန်စွာပြုစု၍ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနသို့ ပေးပို့တင်ပြခြင်း၊

(စ) မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်း/အတိုးပြန်လည်ပေးဆပ်မှု စောင့်ကြည့် ကြီးကြပ် အကဲဖြတ်ခြင်းပုံစံ(၁)၊ ပုံစံ(၂)၊ ပုံစံ(၄)၊ ပုံစံ(၅) တို့ကို မှန်ကန်စွာ ဖြည့်သွင်း၍ ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက် (၁) ကြိမ်သာ ပေးပို့ရန်နှင့် အရင်း/ အတိုး ပြန်လည် ပေးဆပ်မှုစာရင်း ပုံစံ (၃)၊ ပုံစံ(၆)တို့ကို မှန်ကန်စွာ ပြုစု၍ လစဉ်ပေးပို့တင်ပြခြင်း။

# အခန်း(၉)

# ဆုံးရှုံးနိုင်မှု လျော့နည်းရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း

## ဆုံးရှုံးနိုင်မှု လျော့နည်းရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ

၁။ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲအဟန့်အတားများ၊ ဆုံးရှုံးနိုင်ခြေ (Risk) များရှိလာ နိုင်ပါသည်။ ထိုကဲ့သို့ ကြုံတွေ့လာပါက ဖြေရှင်းနိုင်ရန်အတွက် ဖြစ်နိုင်ချေရှိသော အောက်ဖော်ပြပါ ဆုံးရှုံးမှုများကို ပူးတွဲ ဖော်ပြထားသည့် စီမံခန့်ခွဲမှုနည်းများအတိုင်း ဖြေရှင်းသွားပါမည်-

**လုပ်ငန်းအကောင်အထည်ဖော်ခြင်းဆိုင်ရာ Risk ဆန်းစစ်လေ့လာမှု**

| စီမံကိန်း Stakeholder Risks | Risk စီမံခန့်ခွဲမှု |
|---|---|
| ဤစီမံချက်ကို ယခင်ကဆောင်ရွက်ခဲ့ဖူးခြင်း မရှိသဖြင့် တာဝန်ယူ အကောင်အထည်ဖော်သည့်ဌာနနှင့် စီမံကိန်းဒေသများရှိ State-holders များတွင်အဖွဲ့အစည်းဆိုင်ရာအားနည်းမှုများရှိနေပါသည်။ | တာဝန်ယူ အကောင်အထည်ဖော်မည့် ဝန်ကြီးဌာန၊ မြို့နယ်တာဝန်ခံ အရာထမ်း၊ အမှုထမ်းများမှ ဝန်ကြီးဌာနကိုယ်စားတာဝန်ယူ၍လည်းကောင်း၊ ကျေးရွာအုပ်စုကော်မတီများအား ဖွဲ့စည်း၍ လိုအပ်သည့် စွမ်းဆောင်ရည်မြှင့်သင်တန်းများ ပို့ချခြင်းဖြင့်လည်းကောင်း အဖွဲ့အစည်းဆိုင်ရာ အားနည်းမှုများအား လျော့နည်းစေပါမည်။ |
| ဝန်ကြီးဌာနအနေဖြင့် အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့်လုပ်ငန်းဆောင်ရွက်ဖူးခြင်းမရှိသေးသဖြင့်လုပ်ငန်းအတွေ့အကြုံလိုအပ်လျက်ရှိသည်။ | အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့်ဆောင်ရွက်ဖူးသည့်အဖွဲ့အစည်းများနှင့်ဆက်သွယ်၍အတွေ့အကြုံရယူခြင်း၊ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများအား သင်တန်းပို့ချပေးခြင်းများဆောင်ရွက်ပါမည်။ |
| ဆင်းရဲမှုလျော့ချရေး အစီအစဉ်အရ ဆောင်ရွက်ခြင်းကြောင့် ဝင်ငွေနည်း အိမ်ထောင်စုများအားဦးစားပေးအာရုံစိုက်ဆောင်ရွက်နေစဉ်တွင် သာမန်ပြည့်စုံမှု ရှိသော အိမ်ထောင်စုများမှ အခွင့်အရေး ရယူခြင်းမျိုးရှိပါက စီမံကိန်း၏ ရည်ရွယ်ချက်ဖြစ်သော ဆင်းရဲသူများ အကျိုးခံစား ခွင့်ရရေးကို ထိခိုက်နိုင်ပါသည်။ | သာမန်ပြည့်စုံမှုရှိသော အိမ်ထောင်စုများမှ အခွင့်အရေးရယူခြင်းမျိုးမရှိစေရန်ကျေးရွာကော်မတီမှ ကျေးရွာအတွင်းရှိ အိမ်ထောင်စုတစ်ခုချင်းစီ၏ ခန့်မှန်းဝင်ငွေအခြေအနေနှင့် စီးပွားရေးပြည့်စုံမှု ရှိ/မရှိ အကြမ်းဖျင်းအခြေအနေကိုလေ့လာထားရှိပြီး၊အဆိုပါ လေ့လာမှုအပေါ်မူတည်၍ အမှန်လိုအပ်သူများကိုသာစီမံကိန်းဦးစားပေးအစီအစဉ်များတွင်ထည့်သွင်း စဉ်းစားဆုံးဖြတ်သွားနိုင်ရေးစီစဉ် ထားရှိပါမည်။ |
| ကော်မတီမှ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ပေးရန် အိမ်ထောင်စုရွေးချယ်ရာတွင်သက်ဆိုင်ရာအသက်မွေးဝမ်းကျောင်း | သက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းအလိုက် လုပ်ငန်းအမှန် တကယ်လုပ်လိုသူများ၊ လုပ်ငန်းအတွက် အမှန်တကယ် အရင်းအနှီးနှင့် |

| စီမံကိန်း Stakeholder Risks | Risk စီမံခန့်ခွဲမှု |
|---|---|
| လုပ်ငန်းအလိုက်လုပ်ငန်းအမှန်တကယ်လုပ်လိုသူများ၊ လုပ်ငန်းအတွက် အမှန်တကယ်အရင်းအနှီးနှင့် နည်းပညာလိုအပ်နေသူများမှ စီမံချက်၏ ထောက်ကူပေးမှုများကို ရရှိရန်လိုအပ်သည်။ | နည်းပညာလိုအပ်နေသူများကို ကော်မတီဝင်များ မှဘက်လိုက်မှု၊ အဂတိလိုက်စားမှု မရှိဘဲ ရွေးချယ်ပေးရပါမည်။ ထို့အတွက်ရန်ပုံငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များအား ကော်မတီဝင်အများစု၏စုပေါင်းအကြံပြုချက်ဖြင့်သတ်မှတ်ပါမည်။ ထို့နောက် ထိုသတ်မှတ်ချက်များနှင့်အညီလိုက်နာဆောင်ရွက်ပါမည်။ ရွေးချယ်မှု လုပ်ငန်းစဉ်တိုင်းတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့အခြေခံဖြင့်ရွေးချယ်ပါမည်။<br>ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုတိုင်းအတွက် သတင်းထုတ်ပြန်ပေးခြင်း၊မေးမြန်းစုံစမ်းမှုများအား ပြန်လည် ဖြေကြားရှင်းလင်းရေး အစီအစဉ်များကို ကျေးရွာကော်မတီမှတာဝန်ယူဆောင်ရွက်ပေးပါမည်။ |
| ထုတ်ပေးထားသော အရင်းမပျောက်လည်ပတ်ရန်ပုံငွေအားထုတ်ချေးထားသူများမှသတ်မှတ်ကာလတွင် သတ်မှတ်သည့် နှုန်းထားများအတိုင်း ပြန်လည် ပေးအပ်လာစေရန် လိုအပ်ပါသည်။ | ထုတ်ပေးထားသောအရင်းမပျောက်လည်ပတ်ရန်ပုံငွေအားသတ်မှတ်ကာလတွင်ပြန်လည်ပေးအပ်လာစေရေးအတွက်စောင့်ကြည့်ကြီးကြပ်မှုပြုလုပ်ခြင်း၊ သတ်မှတ်ချိန် နီးကပ်လာပါက ကြိုတင် နှိုးဆော်မှုပြုခြင်း၊ ဦးတည်လုပ်ငန်းတွင် သုံးစွဲမှုမရှိဘဲအလေအလွင့်ဖြစ်စေမည့်လုပ်ငန်းများတွင် သုံးစွဲမှုမရှိစေရန်ဝိုင်းကြီးချုပ်စနစ်ဖြင့်သတိပေးခြင်း၊ မလွန်ဆန်နိုင်သောသဘာဝဘေးအန္တရာယ်မှအပ လူကြောင့်ဖြစ်သောဆုံးရှုံးမှုများကြောင့်ရန်ပုံငွေပြန်လည်ပေးဆပ်နိုင်ခြင်းမရှိပါကသတ်မှတ်ဒဏ်ကြေးများထပ်ပေါင်းထည့်၍ပေးဆပ်စေခြင်းမျိုးကိုဆောင်ရွက်နိုင်စေရန်စီစဉ်ထားရှိပါမည်။ |
| နိုင်ငံတစ်ဝှမ်းရှိ ကျေးလက်ဒေသ များတွင် တစ်ပြေးညီ ဖွံ့ဖြိုးရေးအတွက် စီမံချက်အားဖြန့်ကျက် ဆောင်ရွက်မည်ဖြစ်သဖြင့် ထိရောက်စွာပံ့ပိုးအားဖြည့်ပေးရန် လိုအပ်ပါမည်။ | ရှေ့ပြေးစီမံချက် အောင်မြင်စေရေးအတွက် စီမံချက်ဒေသရွေးချယ်ရာတွင် အုပ်ချုပ်မှုကိစ္စနှင့်ထောက်ပံ့ပို့ဆောင်ရေးကိစ္စအဆင်ပြေမည့်ဒေသများရွေးချယ်နိုင်ရေးအတွက်စံသတ်မှတ်ချက်ထားရှိဆောင်ရွက်ပါမည်။ ရှေ့ပြေးစီမံချက် အောင်မြင်ပြီး နောက်ပိုင်းအကောင်အထည်ဖော်မည့်ဒေသများအတွက်လိုအပ်သည့် ထောက်ပံ့ပို့ဆောင်ရေး အထောက်အကူပြု |

| စီမံကိန်း Stakeholder Risks | Risk စီမံခန့်ခွဲမှု |
|---|---|
| | အခြေခံအဆောက်အအုံများအား စီမံချက် ရေးဆွဲ၍ နိုင်ငံတော်ဘတ်ဂျက်၊ အလှူရှင် ထည့်ဝင်ငွေ၊ နိုင်ငံတကာ ချေးငွေများဖြင့် ဆောင်ရွက်သွားပါမည်။ |
| အရင်းမပျောက် လည်ပတ်ရန်ပုံငွေ သုံးစွဲမှု အား အလေ့အလွင့်နှင့် ကိုယ်ကျိုးရှာမှု မပြု နိုင်ရန် စီစဉ်ထားရှိရန် လိုအပ်ပါသည်။ | အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သုံးစွဲမှုအတွက် ခိုင်မာသောစည်းကမ်းသတ်မှတ်ချက်များဖြင့်မြို့နယ်တာဝန်ခံတို့အားတာဝန်ယူစေမှုပြုပါမည်။ပြန်လည်မရနိုင်သောဆုံးရှုံးနိုင်ခြေရှိသည့် ရန်ပုံငွေအတွက် ဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များအားလည်းကြိုတင်သတ်မှတ်ပေးထားခြင်းအားဖြင့် မရိုးမသား ဆောင်ရွက်မှုများမှကင်းဝေးစေရေး စီစဉ်ဆောင်ရွက်ထားပါမည်။ |
| စီမံ**ကိန်း**လုပ်ငန်းများတွင် အလွဲသုံးစားမှု မရှိစေရေး၊ အကျင့်ကိုယ်ကျိုးရှာမှု မရှိစေရေး အတွက် စီစဉ်ဆောင်ရွက် ထားရှိရန် လိုအပ်ပါသည်။ | ဝန်ကြီးဌာနမှ တာဝန်ပေးအပ်သော စာရင်းစစ်ဆေးရေးအဖွဲ့မှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေစာရင်း၊ ရငွေ/ သုံးငွေစာရင်း၊ စီမံချက်နှင့် သက်ဆိုင်သည့် စာရင်းဇယားများအား အခါအားလျော်စွာ စစ်ဆေးအတည်ပြုပေးခြင်းဖြင့် အလွဲသုံးမှုနှင့် လုပ်ငန်းမကျွမ်းကျင်မှုကြောင့်ဖြစ်သော အမှားများအား တည့်မတ်ပေးနိုင်မှုနှင့်အတူစီမံကိန်း အောင်မြင်စေရေးအတွက်အထောက်အကူများစွာ ဖြစ်စေပါမည်။ အလွဲသုံးစားပြုသည့် ငွေကြေးအပြည့်အဝကို ယင်းပုဂ္ဂိုလ်မှ ပြန်လည် အပြည့်အဝပေးလျော်စေပါမည်။ ပြန်လည်မရရှိနိုင်သော ငွေကြေးအတွက် တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားပါမည်။ ထို့ပြင်အလွဲသုံးစားမှုဖြစ်ပွားသောကျေးရွာအတွက်ပေးအပ်ပြီးအကူအညီများကိုပြန်လည်ရုတ်သိမ်းခြင်း (သို့မဟုတ်) ထပ်မံပေးအပ်မှု မပြုခြင်းတို့ကို ဆောင်ရွက်သွားပါမည်။ |
| ကျေးလက်ဒေသများရေရှည်ဖွံ့ဖြိုးရေးအတွက် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများရေရှည်ဆောင်ရွက်နိုင်ရန်လိုအပ်ပါသည်။ | ရေရှည်ဖွံ့ဖြိုးရေးအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုသည်အခရာဖြစ်သည့်အတွက် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်ပျက်စီးစေမည့် ဆောင်ရွက်ချက်မျိုး(ဥပမာ ဓာတ်မြေဩဇာအလွန် အကျွံသုံးစွဲ |

| စီမံကိန်း Stakeholder Risks | Risk စီမံခန့်ခွဲမှု |
|---|---|
| | ခြင်းမျိုး)ကို ပညာပေးစည်းရုံးခြင်း၊ လိုက်နာမှုမရှိပါက တည်ဆဲစည်းမျဉ်းစည်းကမ်းများအရ အရေးယူခြင်းတို့ကိုစီမံချက်တွင် ထည့်သွင်းဆောင်ရွက်သွားပါမည်။ |
| စီမံကိန်းကြောင့် လူမှုရေး ထိခိုက်နစ်နာမှု မရှိစေရေးစီစဉ်ဆောင်ရွက်သွားရန်လိုအပ်ပါသည်။ | စီမံကိန်းသည် ဆင်းရဲမှုလျော့ကျရေးအတွက် ဦးတည်အုပ်စုများတွင် ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်သောကြောင့် လူမျိုး၊ ဘာသာ၊ ကျား၊ မ ခွဲခြားမှုမရှိဘဲတစ်ပြေးညီ အကျိုးခံစားခွင့်ရရန်စီစဉ်ဆောင်ရွက်ပါမည်။စီမံကိန်းလုပ်ငန်းများကြောင့် လူမှုရေးဆိုင်ရာ ထိခိုက်နစ်နာမှုများရှိခဲ့ပါက ကျေးရွာကော်မတီထံ တရားဝင်တင်ပြ၍ ကော်မတီမှ နစ်နာမှုများအား ပြေလည်အောင် ဖြေရှင်းပေးနိုင်ရေး အစီအစဉ်များ စီစဉ်ဆောင်ရွက် သွားပါမည်။ |
| စီမံကိန်းကိုကျေးရွာသူ/သားများမှလည်းကောင်း ကော်မတီဝင်များမှလည်းကောင်း စိတ်ပါဝင်စားစွာ ဆောင်ရွက်ရန် လိုအပ်ပါသည်။ | ကျေးရွာကော်မတီသည် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များကိုလိုက်နာဆောင်ရွက်မှုမရှိခြင်း၊ ကျေးရွာသူ/သား တစ်ဦးဦး(သို့မဟုတ်) အစုအဖွဲ့တစ်ခု၏ လုပ်ဆောင်ချက်သည် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိခိုက်ပျက်ပြားစေခြင်း၊ ကျေးရွာမှ စီမံကိန်းအပေါ် စိတ်ဝင်စားမှုမရှိခြင်း၊ စည်းလုံးညီညွတ်မှုကို ထိခိုက် ပျက်ပြားစေခြင်း၊ ရန်ပုံငွေအလွဲသုံးစားမှုနှင့် ငွေကြေး မသမာမှုဖြစ်ပေါ်ခြင်း၊ သတ်မှတ်ကာလအတွင်း ထုတ်ချေးငွေကို ပြန်လည်မပေးဆပ်နိုင်ခြင်း၊ ကျေးရွာသူ/သားများ၏ ဆန္ဒအရ စီမံကိန်းကို ဆောင်ရွက်လိုမှုမရှိခြင်းတို့ ဖြစ်ပေါ်လာပါက **စီမံကိန်းရန်ပုံငွေအားလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ ပြန်လည်ရုတ်သိမ်းခြင်း၊ ရပ်တန့်ခြင်း၊ သိမ်းဆည်းခြင်းနှင့် သက်ဆိုင်ရာ တရားဥပဒေနှင့်အညီ အရေးယူခြင်းတို့ကို ဆောင်ရွက်သွားမည်။** |

## သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်လာပါက ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများ

၂။ မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ပြည်နယ်/ တိုင်းဒေသကြီး (၁၄)ခု နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများရှိ ကျေးရွာများတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အတွက် မမျှော်မှန်းနိုင်သောသဘာဝဘေးအန္တရာယ်များ အချိန်မရွေး ကျရောက် နိုင်ပါသည်။ သဘာဝဘေးအန္တရာယ် (ဥပမာ- မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီး ရေလျှံမှု၊ လေပြင်းတိုက်ခတ်မှု၊ မြေပြိုမှု၊ မီးလောင်မှု၊ လျှပ်စီးပြက်ခြင်း၊ မိုးခေါင်ခြင်း၊ သီးနှံဖျက်ပိုးများ ကျရောက်ခြင်း) ကျရောက်ခဲ့ပါက သဘာဝဘေးဒဏ်သင့် စီမံကိန်းကျေးရွာများရှိ ချေးငွေရယူထားသည့် အိမ်ထောင်စု (၁)စုချင်း အလိုက် ပျက်စီးဆုံးရှုံးမှုများအခြေအနေများကို ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီမှ သတ်မှတ်ပုံစံဖြင့် စနစ်တကျ စစ်တမ်းကောက်ယူ၍ မြို့နယ်ကော်မတီသို့ တင်ပြရမည်။

၃။ ကျေးရွာသူ/ သားများအနေဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်သည့်အချိန်၌ ကြိုတင်ပြင်ဆင်မှု ရရှိနိုင်သကဲ့သို့ ကြိုတင်ပြင်ဆင်ချိန်မရရှိ၍ ပျက်စီးဆုံးရှုံးမှုများပေါ်ပေါက်ပါက အောက်ဖော်ပြပါ နည်းလမ်းများအနက်မှ သင့်လျော်ရာနည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်-

(က) ချေးငွေ ပြန်လည်ပေးဆပ်ရမည့်ကာလကို သတ်မှတ်အတိုးနှုန်းအတိုင်း အများဆုံး (၁)နှစ် သက်တမ်းတိုးမြှင့်ပေးခြင်း၊

(ခ) ချေးငွေ ပြန်လည်ပေးဆပ်ရမည့်ကာလကို အတိုးမဲ့ အများဆုံး (၁)နှစ် သက်တမ်းတိုးမြှင့်ပေးခြင်း၊

(ဂ) ချေးငွေ လက်ကျန်ရှိပါက ပျက်စီးဆုံးရှုံးသွားသော အိမ်ထောင်စုများအား ငွေကျပ် (၁)သိန်း ထက်မပိုသော ထပ်တိုးချေးငွေ (Supplementary Loan) ချထားပေးခြင်း၊

(ဃ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် အခြားဖွံ့ဖြိုးရေးလုပ်ငန်း/စီမံကိန်းနှင့် ချိတ်ဆက်ပေးခြင်း၊

(င) ချေးယူသည့်ပုဂ္ဂိုလ် သေဆုံးခြင်း (သို့မဟုတ်) ပျက်စီးဆုံးရှုံးမှုများသော အိမ်ထောင်စု၏ ချေးငွေအား ပြည်ထောင်စုအဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးဗဟိုကော်မတီသို့တင်ပြခြင်း။

၄။ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့် စီမံကိန်းကျေးရွာများတွင် ချေးငွေရယူထားသည့် အိမ်ထောင်စု(၁)စုချင်းအလိုက် ပျက်စီးဆုံးရှုံးမှုများအပေါ်အထက်ဖော်ပြပါ နည်းလမ်းများဖြင့် ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် စီမံကိန်းကျေးရွာများ၌ ပျက်စီးဆုံးရှုံးမှုနှင့် ရန်ပုံငွေလည်ပတ်မှုအခြေအနေအား **နောက်ဆက်တွဲ (ကက)**ဖြင့်လည်းကောင်း၊ သဘာဝဘေးဒဏ်ကြောင့် စီမံကိန်းကျေးရွာများ၌ ငွေချေးယူခဲ့သူများ၏ ပျက်စီးဆုံးရှုံးမှုအခြေအနေကို **နောက်ဆက်တွဲ(ခခ)** ဖြင့်လည်းကောင်း၊ သဘာဝဘေးဒဏသင့် စီမံကိန်းကျေးရွာများ ပျက်စီးမှုအပေါ် စုံစမ်းစစ်ဆေးပြီး ဖြေရှင်းဆောင်ရွက်ပေးမည့် နည်းလမ်းများ သုံးသပ်တင်ပြမှုကို **နောက်ဆက်တွဲ(ဂဂ)** ဖြင့်လည်းကောင်း ကောက်ယူရမည် ဖြစ်ပါသည်။

# အခန်း(၁၀)
# အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

## ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း

၁။ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သန်း(၃၀) မတည်ပေးပြီး ကျေးရွာနေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းစတုတ္ထနှစ်မှ စတင်၍ ယခင်နှစ်များမှ ရရှိခဲ့သည့် အတိုးရငွေများကို ရန်ပုံငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သကဲ့သို့ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း သုံးစွဲနိုင်ပါသည်။ မြစိမ်းရောင်စီမံကိန်း၏ အဓိကစည်းမျဉ်းမှာ မတည်ပေးထားသည့် အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သန်း(၃၀) မပျောက်ပျက်၊ မလျော့နည်းစေရေးဖြစ်သည့်အတွက် အတိုးရငွေကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းထက် မူလလည်ပတ်ရန်ပုံငွေ လျော့နည်းသွားပါက ပြန်လည်ဖြည့်တင်းရေးကို အဓိကစဉ်းစားရန်ဖြစ်ပါသည်။ အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းညွှန်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

## အတိုးရငွေ သုံးစွဲမည့်အစီအစဉ်

၂။ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေမှ တိုးပွားလာသော အတိုးရငွေများအား အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၏ အတည်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည် ဖြစ်ပါသည်-

(က) စီမံကိန်းကာလ (၃)နှစ်ပြည့်မြောက်ပြီး စတုတ္ထနှစ်(သို့မဟုတ်) အတိုးရငွေ စုစုပေါင်း ကျပ်သိန်း (၁၀၀)ရရှိမှသာ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

( ခ) အတိုးရငွေ၏ (၅၀%)ကို ပြန်လည်ထုတ်ချေးပြီး (၅၀%)ကို ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်။

## အကျုံးဝင်သော စီမံကိန်းလုပ်ငန်းများ

၃။ အတိုးရငွေဖြင့် ကျေးရွာလုံးကျွတ်အစည်းအဝေးမှ အများသဘောတူဆုံးဖြတ်ချက်အရ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါလုပ်ငန်းများကိုသာ ဆောင်ရွက်ခွင့်ရှိပါသည်-

(က) ကျေးရွာအခြေခံအဆောက်အအုံ ပြန်လည်ပြုပြင်ဆင်ခြင်း၊ အသေးစားတိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊

( ခ) ကျေးရွာအသက်မွေးဝမ်းကျောင်းနှင့်မိသားစုဝင်ငွေတိုးပွားရေးဆက်စပ်လုပ်ငန်းများ၊

( ဂ) ကျေးရွာလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊

(ဃ) ကျေးရွာနေအများပြည်သူ အကျိုးရှိမည့် လုပ်ငန်းများ၊

( င) နည်းပညာပိုင်းဆိုင်ရာ ခက်ခဲရှုပ်ထွေးခြင်းမရှိဘဲ ကျေးရွာလူထုမှ တိုက်ရိုက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့်လုပ်ငန်းများ။

**အကျိုးမဝင်သော စီမံကိန်းလုပ်ငန်းများ**

၄။ အတိုးရငွေများကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါလုပ်ငန်းများစာရင်းတွင် ပါဝင်ပါက မည်သည့်လုပ်ငန်းကိုမျှ ဆောင်ရွက်ခြင်းမပြုရ -

(က) တစ်ဦးတစ်ယောက်(သို့မဟုတ်)အစုအဖွဲ့တစ်ခုကိုသာအကျိုးဖြစ်စေမည့်လုပ်ငန်းများ၊

(ခ) ကျေးရွာမှ အများသဘောတူရွေးချယ်ထားခြင်း မဟုတ်သည့်လုပ်ငန်းများ၊

(ဂ) အစိုးရ (သို့မဟုတ်) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များက ဘဏ္ဍာငွေထောက်ပံ့လျှက်ရှိသော (သို့မဟုတ်) ထောက်ပံ့ရန်စီစဉ်ထားသောလုပ်ငန်းများ (လုပ်ငန်းတစ်ခုလုံးအတွက် ကုန်ကျငွေထောက်ပံ့ခြင်းကိုဆိုလိုပါသည်။)

(ဃ) နည်းပညာနှင့်အရည်အသွေး စံသတ်မှတ်ချက်များနှင့် မကိုက်ညီသည့်လုပ်ငန်းများ၊

(င) နည်းပညာပိုင်းဆိုင်ရာခက်ခဲရှုပ်ထွေးသော လုပ်ငန်းများ၊

(စ) သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုးကျိုးများဖြစ်ပေါ်စေနိုင်သော၊ ထိခိုက်စေနိုင်သော လုပ်ငန်းများ၊

(ဆ) ကိုယ်ပိုင်ကုန်ထုတ်လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့သောလုပ်ငန်းများ၊

(ဇ) ရုံးအဆောက်အဦ ဆောက်လုပ်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ၊

(ဈ) လက်ကိုင်လွှစက်၊ ပိုးသတ်ဆေး၊ မီးခံကျောက်အပါအဝင် မူးယစ်ဆေးဝါး (သို့မဟုတ်) အန္တရာယ်ရှိစေသော အခြားပစ္စည်းများနှင့် အသုံးအဆောင်များ ဝယ်ယူမှုပါဝင်သော လုပ်ငန်းများ။

**ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မှုအစီအစဉ်**

၅။ ရရှိလာသောအတိုးငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာအဆင့်၌ အောက်ဖော်ပြပါ လုပ်ငန်းအဆင့်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ပါသည်-

(က) ကျေးရွာအစည်းအဝေးပွဲ ကျင်းပ၍ ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အများသဘောတူ ရွေးချယ်ရမည်။

(ခ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီကို ကျေးရွာသူ/သားများ၏ ရွေးချယ်မှုဖြင့် မြစိမ်းရောင်ကော်မတီဝင်(၂)ဦး အပါအဝင် စုစုပေါင်းကော်မတီဝင် (၇)ဦး ဖြင့် ဖွဲ့စည်းရမည်၊

(ဂ) ကျေးရွာအစည်းအဝေးပွဲမှတ်တမ်းကို ပြုစုရမည်၊

(ဃ) ဆောင်ရွက်မည့်လုပ်ငန်းနှင့်ပတ်သက်၍ ခန့်မှန်းခြေအသုံးစရိတ်စာရင်း၊ ဆောင်ရွက်မည့် လုပ်ငန်း၊ ကာလ၊ ဆောင်ရွက်မည့်အစီအစဉ်၊ ရရှိနိုင်မည့် အကျိုးကျေးဇူးတို့ကို ကျေးရွာလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီမှ ရေးဆွဲပြုစုရမည်၊

(င) ရေးဆွဲပြုစုထားသော လုပ်ငန်းအစီအစဉ်ကို မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီထံ တင်ပြအတည်ပြုချက် ရယူရမည်၊ မြို့နယ်ကော်မတီမှ ပြင်ဆင်ရန်/ ဖြည့်စွက်ရန်အကြောင်းကြားပါက လိုက်နာဆောင်ရွက်ရမည်။

(စ) မြို့နယ်ကော်မတီ၏အတည်ပြုချက်ရရှိပါက ရေးဆွဲထားသော လုပ်ငန်းကို ကျေးရွာလူထုမှ တိုက်ရိုက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း (သို့မဟုတ်) ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်း အပ်နှံဆောင်ရွက်ခြင်းများကို ပြုလုပ်ရမည်၊

(ဆ) လုပ်ငန်းဆောင်ရွက်နေစဉ် ကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ကျေးရွာအုပ်စု၊ ကျေးရွာမြစိမ်းရောင်ကော်မတီနှင့် ကျေးရွာလူထုမှ အနီးကပ်ကြီးကြပ် ဆောင်ရွက်ရမည်၊

(ဇ) စောင့်ကြည့်စစ်ဆေးရေးအဖွဲ့များ၏ အကြံပြုချက်အရ ပြင်ဆင်ရန် လိုအပ်သည်များရှိပါက ပြန်လည်ပြုပြင်ပေးရမည်၊

(ဈ) လုပ်ငန်းတိုးတက်မှုနှင့် ဆောင်ရွက်မှုအခြေအနေများကို စာပိုဒ်(၁၂)တွင် ဖော်ပြထားသည့်အတိုင်း အစီရင်ခံစာများ ပေးပို့ရမည်၊

(ည) အသုံးစရိတ်ပြေစာများ၊ အစည်းအဝေးမှတ်တမ်းများ၊ အခြား စာရွက်စာတမ်းများကို ထိန်းသိမ်းထားရှိရမည်။ စာရင်းစစ်ခံယူရမည်၊

(ဋ) ဆောင်ရွက်သည့်လုပ်ငန်းများအတွက် မှတ်ပုံတင်စာရင်းစာအုပ် (Register) ပြုစုထားရှိရမည်။

၆။ ကျေးရွာမှ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီမှ အောက်ဖော်ပြပါလုပ်ငန်းအဆင့်များအတိုင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်-

(က) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ရွေးချယ်နိုင်ရေး၊ လုပ်ငန်းအစီအစဉ်နှင့် ကုန်ကျစရိတ်ရေးဆွဲနိုင်ရေး ခန့်မှန်းခြေတွက်ချက်ခြင်း နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးခြင်းများကို ဆောင်ရွက်ပေးရမည်၊

(ခ) ကျေးရွာမှတင်ပြလာသော ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ဦးစီးဌာနမှ ဆောင်ရွက်မည့်လုပ်ငန်းများ၊ အခြားအဖွဲ့အစည်းများမှ ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ထပ်နေခြင်း ရှိ/မရှိ စိစစ်၍ အတည်ပြုခွင့်ပြုချက် ထုတ်ပြန်ပေးရမည်၊ အတည်ပြုသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ခရိုင်ကော်မတီသို့ အစီရင်ခံတင်ပြရမည်၊

(ဂ) ကျေးရွာမှတင်ပြသည့်လုပ်ငန်းများတွင် လိုအပ်ချက်များရှိပါက ပြင်ဆင်ဖြည့်စွက်ရန် ညွှန်ကြားရမည်၊

(ဃ) ကျေးရွာမှ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိ စစ်ဆေးကြပ်မတ်ရမည်၊

(င) လုပ်ငန်းဆောင်ရွက်ပြီးစီးချိန်တွင် လုပ်ငန်းပြီးစီးမှုအခြေအနေနှင့် အရည်အသွေးကို စစ်ဆေးရမည်၊

(စ) ကျေးရွာ လုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီ၏ အသုံးစရိတ်ပြေစာများနှင့် အစီရင်ခံစာများကို စစ်ဆေးရမည်၊

(ဆ) ကျေးရွာမှ အကူအညီများ တောင်းခံလာပါက သတ်မှတ်စည်းမျဉ်းစည်းကမ်းအတွင်းမှ ကူညီ ဆောင်ရွက်ပေးရမည်၊

(ဇ) အတိုးရငွေဖြင့်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများမှ တိုက်ရိုက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မပြုရ၊

(ဈ) အတိုးရငွေဖြင့်ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေအား ဦးစီးဌာန(ရုံးချုပ်)၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ခရိုင်ကျေးလက်ရုံးအဆင့်ဆင့်သို့ အစီရင်ခံ တင်ပြရမည်။

၇။ ကျေးရွာမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရိုင်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီမှ အောက်ဖော်ပြပါလုပ်ငန်းအဆင့်များအတိုင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်-

(က) မြို့နယ်ကော်မတီမှ တင်ပြလာသော ဖွံ့ဖြိုးရေးလုပ်ငန်းများသည် ဦးစီးဌာနမှဆောင်ရွက်မည့် လုပ်ငန်းများ၊ အခြားအဖွဲ့အစည်းများမှ ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ထပ်နေခြင်း ရှိ/မရှိ စိစစ် အတည်ပြုပေးရမည်၊

(ခ) ကျေးရွာ လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီမှ ဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ခြင်းရှိမရှိ စစ်ဆေးကြပ်မတ်ရမည်၊

(ဂ) လုပ်ငန်းဆောင်ရွက်ပြီးစီးချိန်တွင် လုပ်ငန်းပြီးစီးမှုအခြေအနေနှင့် အရည်အသွေးကို စစ်ဆေးရမည်၊

(ဃ) ကျေးရွာကော်မတီ၏ အသုံးစရိတ်ပြေစာများနှင့် အစီရင်ခံစာများကို စစ်ဆေးရမည်၊

(င) အတိုးရငွေဖြင့်ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေအား ဦးစီးဌာန(ရုံးချုပ်)၊ ပြည်နယ်/ တိုင်းဒေသကြီး ကျေးလက်ဦးစီးဌာန ရုံးအဆင့်ဆင့်သို့ အစီရင်ခံ တင်ပြရမည်။

## ငွေကြေးထည့်ဝင်မှုအစီအစဉ်

၈။ အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းကာလ(၃)နှစ် ပြည့်မြောက်ပြီး စတုတ္ထနှစ်(သို့မဟုတ်) အတိုးရငွေစုစုပေါင်း ကျပ်သိန်း(၁၀၀)ရှိမှသာ ဆောင်ရွက်နိုင်ပါသည်။ အတိုးရငွေ၏(၅၀%)ကို ပြန်လည်ထုတ်ချေးပြီး (၅၀%)ကို ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဖြစ်ပါသည်။

၉။ ကျေးရွာမှအများသဘောတူရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် မြစိမ်းရောင်စီမံကိန်း အတိုးရငွေမှကျခံသုံးစွဲနိုင်သည့်အပြင် ကျေးရွာလူထုနှင့် အခြားအဖွဲ့အစည်းများ၏ ငွေကြေးထည့်ဝင်မှုများ (Co-Financing)ဖြင့် ပူးပေါင်း အကောင်အထည် ဖော် ဆောင်ရွက်နိုင်ပါသည်။

၁၀။ အတိုးရငွေဖြင့် ဆောင်ရွက်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရင်းပြု၍ တိုးပွားငွေများ ရှိလာပါက မြစိမ်းရောင်ရန်ပုံငွေစာရင်းတွင် ပေါင်းထည့်ခြင်းမပြုပဲ သီးခြားကျေးရွာရန်ပုံငွေစာရင်း ပြုစုဆောင်ရွက်ထားရှိရမည်။ အဆိုပါလုပ်ငန်းများ ပြင်ဆင်ထိန်းသိမ်းခြင်းအတွက် ယင်းတိုးပွားငွေများမှ ကျခံသုံးစွဲနိုင်သည်။

## စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်း

၁၁။ ကျေးရွာမှဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကို ကျေးရွာအုပ်စု (သို့မဟုတ်)ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ကျေးရွာလူထုမှ အနီးကပ်ကြီးကြပ်ရန် ဖြစ်ပါသည်။ ခရိုင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီ (သို့မဟုတ်) ယင်းမှ တာဝန်ပေးအပ်ခြင်းခံရသူသည် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်နှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးသည့်အချိန်များတွင် လုပ်ငန်းအရည်အသွေး သတ်မှတ်စံချိန် စံညွှန်း ပြည့်မီခြင်း ရှိ/မရှိနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြီးကြပ်စစ်ဆေးရန် ဖြစ်ပါသည်။

၁၂။ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုအားကောင်းစေရန် လုပ်ငန်းများဆောင်ရွက် ပြီးစီးသည့်ရက်မှ (၂)ပတ်အတွင်း ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီသည် လုပ်ငန်းပြီးစီးမှု အစီရင်ခံစာနှင့် သုံးစွဲထားသော အသုံးစရိတ်များကို ပြေစာမှတ်တမ်းများနှင့်တကွ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီထံ တင်ပြရမည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးသို့ မိတ္တူတစ်စုံပေးပို့ရမည်။ အသုံးစရိတ်မိတ္တူ တစ်စုံကို အများပြည်သူသိရှိစေရန် ကျေးရွာ ကြော်ငြာသင်ပုန်းတွင် ကပ်ထားရမည်။

## ပြင်ဆင်ထိန်းသိမ်းခြင်း

၁၃။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက လုပ်ငန်းလည်ပတ်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို သက်ဆိုင်ရာကျေးရွာမှ တာဝန်ယူဆောင်ရွက်ရန် ဖြစ်ပါသည်။ နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီကို ရယူနိုင်ပါသည်။

## တာဝန်ခံမှုနှင့် တာဝန်ယူမှု

၁၄။ အတိုးရငွေဖြင့် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီမှ တာဝန်ယူကြီးကြပ်ဆောင်ရွက်ရမည်။ ပစ္စည်းဝယ်ယူခြင်း၊ ငွေကြေးသုံးစွဲခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းများတွင် မရိုးမဖြောင့်ဆောင်ရွက်မှုများ၊ အလွဲသုံးစားမှုများပေါ်ပေါက်ပါက သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အရေးယူအပြစ်ပေးခြင်းခံရမည်။

# အခန်း(၁၁)
# မကျေနပ်မှုတိုင်ကြားခြင်း

၁။ မကျေနပ်မှုတိုင်ကြားခြင်းသည် အလွန်အရေးပါသည့် အချက်တစ်ချက်ဖြစ်သည်။ အကြံပြု တိုင်ကြားခြင်းလုပ်ငန်းစဉ်သည် စီမံကိန်းအဆင့်များတွင်ပါဝင်သူများအားလုံး ၎င်းတို့၏ စိတ်ခံစားချက်များကို ပြောကြားခွင့်ရစေရန် နည်းလမ်းအမျိုးမျိုး ထောက်ပံ့ပေးထားပြီး ထိုသို့ ထောက်ပံ့ပေးခြင်းကြောင့် အကျိုးခံစားသူတို့၏ တာဝန်ခံနိုင်စွမ်းကို ပိုမိုမြင့်မားလာစေသည်။ စီမံကိန်းတွင် လူထုအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်အမြင်၊ စိုးရိမ်ပူပန်မှု၊ အကြံပြုချက်နှင့် ကန့်ကွက်ချက်များ တင်ပြခွင့်ရစေရန် ဖန်တီးပေးထားသည်။ ထို့အပြင် စီမံကိန်းတွင် ပါဝင်ဆောင်ရွက်သူ ကော်မတီဝင်တစ်ဦးတစ်ယောက်အနေဖြင့် ထောက်ပံ့ငွေကို လွဲမှားစွာအသုံးပြုခြင်းနှင့် အခြားမသင့်လျော်သည့် အပြုအမူများပြုလုပ်ခြင်းကဲ့သို့ တလွဲအသုံးပြုမှုများရှိပါက လူထုအနေဖြင့် ထုတ်ဖော်တိုင်ကြားခွင့် ရရှိလာစေသည်။ ထို့ကြောင့် အဂတိလိုက်စားမှု၊ အလွဲသုံးစားပြုမှု၊ ကိုယ်ကျိုးရှာမှုများ လျော့နည်းလာစေသည့်အပြင် စီမံကိန်းအကောင်အထည်ဖော်ရာတွင်လည်း အရေးပါသည့် တုံ့ပြန်မှုများရရှိစေပြီး လုပ်ငန်းဆောင်တာများတွင် လိုအပ်ချက်များရှိပါက ပြုပြင်ခြင်း၊ လေ့လာသင်ယူခြင်းများ ပြုလုပ်ခွင့်ရစေပါသည်။

### ဆန္ဒဖော်ထုတ်ခြင်းနှင့် တိုင်ကြားခြင်း

၂။ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်မှုနှင့် ပတ်သက်၍ လည်ပတ်ရန်ပုံငွေဆိုင်ရာကိစ္စရပ်များ၊ ချေးငွေနှင့် ထုတ်ချေးမှုနှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ လုပ်ငန်းအစီအစဉ်များ၊ စီမံကိန်းကော်မတီအဖွဲ့ဝင်များနှင့်ပတ်သက်ပြီး ရပ်ရွာလူထုအနေဖြင့် စိတ်ကျေနပ်မှုများ အပြည့်အဝရရှိအောင်ဆောင်ရွက်နိုင်ရန် ရပ်ရွာလူထု၏ အကြံပြုချက်၊ တိုင်ကြားချက်များကို အလေးအနက်ထားဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) **ဝေဖန်အကြံပြု တိုင်ကြားနိုင်သည့်ပုဂ္ဂိုလ်များ။** စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သည့်ပုဂ္ဂိုလ်များအားလုံးမည်သူမဆိုဝေဖန်အကြံပြုတိုင်ကြားနိုင်ပါသည်၊

(ခ) **ဝေဖန်အကြံပြုနိုင်သည့်နည်းလမ်းများ။** အစည်းအဝေးများတွင် ဝေဖန်အကြံပြုနိုင်ခြင်း၊ လူကိုယ်တိုင်(သို့) အခြားပုဂ္ဂိုလ်များထံမှတစ်ဆင့် တယ်လီဖုန်းဖြင့် တိုင်ကြားနိုင်ခြင်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ စာဖြင့်ရေးသားပေးပို့ တိုက်ရိုက်တိုင်ကြားနိုင်ခြင်း၊ အီးမေးလ်၊ ဖက်ဘ်ဆိုက်တို့မှ အကြံပြုတိုင်ကြားနိုင်ခြင်းစသည့် နည်းလမ်းများဖြင့် ဝေဖန်အကြံပြု နိုင်ပါသည်။

(ဂ) **တိုင်ကြားရန်လိပ်စာများ**

(၁) မြို့နယ်ဦးစီးမှူး

........................ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဖုန်းနံပါတ် ............................။

(၂) ခရိုင်ဦးစီးမှူး

........................ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဖုန်းနံပါတ် ............................။

(၃) ပြည်နယ်/တိုင်းဒေသကြီး ဦးစီးမှူး

........................ပြည်နယ်/တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဖုန်းနံပါတ် ............................။

(၄) တိုင်းဦးစီးမှူး

ပြည်ထောင်စုနယ်မြေ(နေပြည်တော်)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန၊ ဖုန်းနံပါတ် ............................။

(၅) ညွှန်ကြားရေးမှူး

စီမံကိန်းရေးဆွဲရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)

ရုံးအမှတ်(၃၆)၊ နေပြည်တော်

ဖက်စ်/ဖုန်းနံပါတ်၊ ၀၆၇-၄၁၈၆၂၂၊ ၀၆၇-၄၁၈၆၂၃

Email address - myanmar.msy@gmail.com

Website - www.drdmyanmar.gov.mm

Facebook - Myanmar.msy

**ဖြေရှင်းဆောင်ရွက်မည့် အစီအမံ**

၃။ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေဆိုင်ရာ ကိစ္စရပ်များ၊ ချေးငွေထုတ်ချေးမှုနှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ စီမံကိန်းကော်မတီအဖွဲ့ဝင်များနှင့် လုပ်ငန်းအစီအစဉ်များအပေါ် ရပ်ရွာလူထု၏ ဆန္ဒဖော်ထုတ်ချက်၊ အကြံပြုချက်၊ တိုင်ကြားချက်များကို အောက်ပါအတိုင်း စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) တိုင်ကြားခြင်းခံရသည့် အဖွဲ့အစည်းထက် အနိမ့်ဆုံး တစ်ဆင့်မြင့် အဖွဲ့အစည်းမှ ဦးဆောင်၍ စုံစမ်းစစ်ဆေးရမည်၊

( ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့သည် တိုင်ကြားစာပါ အချက်အလက်များနှင့် ပတ်သက်၍ လိုအပ်သည့် သက်သေများ၊ စာရင်းဇယားအထောက်အထားများအား တောင်းယူ စစ်ဆေးရမည်၊

( ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ အစီရင်ခံစာပြုစု၍ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး ဦးစီးမှူး၏ ထောက်ခံတင်ပြချက်နှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန(ရုံးချုပ်)သို့ တင်ပြရမည်၊

(ဃ) စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ရမည်၊

( င) စစ်ဆေးတွေ့ရှိချက်အပေါ် အရေးယူဆောင်ရွက်မှုနှင့်ပတ်သက်၍ မြို့နယ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီသည် ကျေးရွာသို့ ချပြရှင်းလင်းရမည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ရက်

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# မြစိမ်းရောင်ကျေးရွာစီမံကိန်း

# အရင်းမပျောက်လည်ပတ်ရန်ပုံငွေလွှဲပြောင်းပေးအပ်မှုသဘောတူစာချုပ်

၁။ ----------------မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် -------------- ကျေးရွာ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီတို့သည် ------------ နေ့တွင် ------------ မြို့နယ်၊ ----------- ကျေးရွာအုပ်စု၊ ------------ ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရန် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ လွှဲပြောင်းပေးအပ်မှု အပေါ် သဘောတူညီကြပါသည်။ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရန် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် (၃၀၀) သိန်း (ကျပ်သုံးရာသိန်းတိတိ)ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ----------------- ဘဏ္ဍာရေးနှစ်၊ နိုင်ငံတော်ရန်ပုံငွေမှ ခွဲဝေချထားပေးမှုအပေါ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီတို့သည် အောက်ပါအတိုင်းသဘောတူညီကြပါသည်-

(က) အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်(၃၀၀)သိန်းကိုစာချုပ်ချုပ်ဆိုသည့် ----------- ရက်မှ ရုံးဖွင့်ရက်(၇)ရက်အတွင်း ----------- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ------------- ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ ဘဏ်ငွေစာရင်းရှင်သို့ ယုံကြည်စွာ လွှဲပြောင်းအပ်နှံပေးပါမည်။

(ခ) ယုံကြည်စွာလွှဲပြောင်းပေးအပ်သော အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို အတည်ပြုထားသော မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ အသုံးပြုရမည်။

(ဂ) ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီသည် စီမံကိန်းလုပ်ငန်းများကိုဆောင်ရွက်ရာတွင် အခြေခံလူတန်းစားများ အပါအဝင် အကျိုးခံစားခွင့်ရှိသူများအားလုံး ခံစားခွင့်ရရှိရေး အလေးထားဆောင်ရွက်ရမည်။

(ဃ) ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီသည် အိမ်ထောင်စုတစ်စုချင်းသို့ ချေးငွေချထားပေးခြင်း၊ ရရှိသောအတိုးငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်များ ဆောင်ရွက်ရာတွင် မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ သဘောထားမှတ်ချက်ကိုရယူရမည်။

(င) ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီသည် စီမံကိန်းလုပ်ငန်းအတွက် ခွင့်ပြုထားသည့်(အုပ်ချုပ်မှုစရိတ်)အသုံးစရိတ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ၊ ပြေစာများကိုစနစ်တကျထိန်းသိမ်းမှတ်တမ်းတင်ထားရမည်။

(စ) ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီသည် စီမံကိန်းလုပ်ငန်းတွင် အသုံးပြုသည့် ငွေစာရင်းပုံစံများကို စနစ်တကျ ထိန်းသိမ်းမှတ်တမ်းတင်ထားရမည်။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် (လိုအပ်ပါက မြို့နယ်စာရင်းစစ်ရုံး)တို့က စာရင်းစစ်ဆေးရန် တောင်းဆိုပါကတင်ပြနိုင်ရမည်။

(ဆ) ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီသည် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်ပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီကို တောင်းခံနိုင်သည်။

(ဇ) ကျေးရွာမြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီသည် စီမံကိန်းအကောင်အထည် ဖော်ရေးလက်စွဲစာစောင်ပါ ညွှန်ကြားချက်များကိုတိကျစွာ လိုက်နာဆောင်ရွက်ရမည့် အပြင်မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီက အခါအားလျော်စွာထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရမည်။

(ဈ) ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ၊ ဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူး (သို့မဟုတ်) အဖွဲ့ဝင်တစ်ဦးဦးသည် ယုံကြည်အပ်နှံထားသော အရင်းမပျောက်လည်ပတ်ရန်ပုံငွေ(အရင်း/အတိုး)များကို မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားမှုများ၊ ငွေကြေးမသမာမှုများပြုလုပ်ပါက ပြစ်မှုကြောင်းအရ သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

(ည) ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီသည် ဤသဘောတူညီချက်ပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ခြင်း မရှိသည့်အပြင် အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်ဖြစ်ပွားပါက ယခုခွဲဝေချထားသော အရင်းမပျောက် လည်ပတ်ရန်ပုံငွေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ------------------- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရပ်တန့်ခြင်း/ ပြန်လည်ရုပ်သိမ်းခြင်းများ ဆောင်ရွက်နိုင်သည်-

(၁) ကျေးရွာသူ/သားတစ်ဦးတစ်ယောက်(သို့မဟုတ်) အစုအဖွဲ့တစ်ခု၏ လုပ်ဆောင်ချက်သည် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုထိခိုက်ပျက်ပြားစေခြင်း၊

(၂) ရန်ပုံငွေအပေါ်အကြောင်းပြု၍ ကျေးရွာသူ/သားများအကြား စည်းလုံးညီညွတ်မှု ထိခိုက်ပျက်ပြားစေသည့် ကိစ္စရပ်များပေါ်ပေါက်လာခြင်း၊

(၃) ရန်ပုံငွေအလွဲသုံးစားမှုများ၊ ငွေကြေးမသမာမှုများဖြစ်ပေါ်ကြောင်း စိစစ်တွေ့ရှိရခြင်း၊

(၄) သတ်မှတ်ကာလအတွင်းထုတ်ချေးငွေကို ကျေးရွာသူ/သားများမှ ပြန်လည်မပေးဆပ်နိုင်ခြင်း၊

(၅) စီမံကိန်းအကောင်အထည်ဖော်ရေးလက်စွဲစာစောင်ပါညွှန်ကြားချက်များကို တိကျစွာ မလိုက်နာခြင်း၊

(၆) ကျေးရွာသူ/သားများ၏ အများဆန္ဒအရ စီမံကိန်းကို ဆက်လက်ဆောင်ရွက်လိုမှု မရှိခြင်း၊

၂။ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရာတွင်အောင်မြင်စေရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ကို သဘောတူလက်ခံသဖြင့် အောက်တွင် သဘောတူလက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုပါသည်။

| | |
|---|---|
| ( ) | ( ) |
| ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း | မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ |
| အကောင် အထည်ဖော်ရေးလုပ်ငန်းကော်မတီ | ---------------------------------- ကျေးရွာ |
| ---------------------------------------- မြို့နယ် | ------------------------------------ မြို့နယ် |
| ရက်စွဲ၊ ----------------------------- | ရက်စွဲ၊ ----------------------------- |

အသိသက်သေများ

| | |
|---|---|
| ( ) | ( ) |
| အဖွဲ့ဝင် | ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး (သို့မဟုတ်) |
| မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း | ရာအိမ်မှူး |
| အကောင် အထည်ဖော်ရေးလုပ်ငန်းကော်မတီ | ---------------------------------- ကျေးရွာ |
| ---------------------------------------- မြို့နယ် | ------------------------------------- မြို့နယ် |
| ရက်စွဲ၊ ----------------------------- | ရက်စွဲ၊ ----------------------------- |

| | |
|---|---|
| ( ) | ( ) |
| အတွင်းရေးမှူး | အတွင်းရေးမှူး |
| မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း | မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ |
| အကောင် အထည်ဖော်ရေးလုပ်ငန်းကော်မတီ | ---------------------------------- ကျေးရွာ |
| ---------------------------------------- မြို့နယ် | ------------------------------------- မြို့နယ် |
| ရက်စွဲ၊ ----------------------------- | ရက်စွဲ၊ ----------------------------- |

နောက်ဆက်တွဲ(ခ)

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**မြစိမ်းရောင်ကျေးရွာစီမံကိန်း**
**ချေးငွေလျှောက်လွှာ**

သို့

မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ

--------------------- ကျေးရွာ၊

---------------------- မြို့နယ်၊

ရက်စွဲ။ - -

(၁) ချေးငွေလျှောက်ထားသူအမည် ------------------------------------------------

(၂) လျှောက်ထားသည့်ချေးငွေပမာဏ ------------------------------------------------

(၃) ချေးငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်း -----------------------------------------------

(၄) စီးပွားရေးလုပ်ငန်းအတွက် အကျိုးခံစားခွင့်ရှိသည့် မိသားစုဝင်များစာရင်း

| အမည် | အသက် | ပညာအရည်အချင်း | အဓိကအသက်မွေးဝမ်းကျောင်း | မှတ်ချက် |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

**(၅) စီးပွားရေးလုပ်ငန်းအတွေ့အကြုံ**

| လက်ရှိစီးပွားရေး | လုပ်ကိုင်ခဲ့သည့်နှစ် | အဆိုပြုတောင်းခံသည့် စီးပွားရေးလုပ်ငန်း | လုပ်ငန်းစတင်ဆောင်ရွက်လိုသည့်အချိန် |
|---|---|---|---|
| | | | |
| | | | |
| | | | |

(၆) ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်

| ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းခေါင်းစဉ် အသေးစိတ် | ရင်းနှီးမြှုပ်နှံမှုငွေ | | | စုစုပေါင်း |
|---|---|---|---|---|
| | ချေးငွေ | ကိုယ်တိုင် | အခြား | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

(၇) ပြန်လည်ပေးဆပ်မည့်အစီအစဉ်

| ကာလ | ငွေရင်း (ကျပ်) | အတိုး (ကျပ်) | စုစုပေါင်း |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ချေးငွေလျှောက်ထားသူလက်မှတ် - ...........................
ချေးငွေလျှောက်ထားသူအမည် - ...........................
နိုင်ငံသားစိစစ်ရေးအမှတ် - ...........................
နေရပ်လိပ်စာ - ...........................

အာမခံသူလက်မှတ် - ................. အာမခံသူလက်မှတ် - .................
အာမခံသူအမည် - ................. အာမခံသူအမည် - .................
နိုင်ငံသားစိစစ်ရေးအမှတ် - ................. နိုင်ငံသားစိစစ်ရေးအမှတ် - .................
နေရပ်လိပ်စာ - ................. နေရပ်လိပ်စာ - .................

နောက်ဆက်တွဲ(ဂ)

**မြစိမ်းရောင်ရန်ပုံငွေချေးငွေ အတည်ပြုလွှာပုံစံ**

**………..…………..……ပြည်နယ်/တိုင်းဒေသကြီး**

**…...........…..............…မြို့နယ်၊ ……………….................ကျေးရွာ**

ရန်ပုံငွေအဖွဲ့ဝင်အမည်…………………အဖွဲ့ဝင်အမှတ်…………..………
ချေးငွေပမာဏ………………………...ကျပ်……………………………..
ချေးငွေလျှောက်ရခြင်းအကြောင်းအရင်း(လုပ်ငန်း)……………………..……
မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဆုံးဖြတ်ချက် အမှတ်…………....ရက်စွဲ…………..………
☐ မချေးငှါးသင့်သောအကြောင်းရင်း……………………………………………..
☐ ချေးငှါးသင့်သောပမာဏ……………………ကျပ်(……………………………)
ချေးငွေပြန်လည်ဆပ်ရသော အခြေအနေတွင် ငွေရင်းနှင့်အတိုးငွေ…………………အား …....……လ အတွင်း…………လမှစ၍ ………... လအထိ တိုင်အောင် အရစ်ကျငွေ…………………ဖြင့် ငွေရင်းပေါင်း …………………အတွက်ပေးဆပ်ရန်ဖြစ်သည်။

၁။ လက်မှတ်…………………………
အဖွဲ့ဝင်၊ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ

၂။ လက်မှတ်…………………………
အဖွဲ့ဝင်၊ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ

၃။ လက်မှတ်…………………………
အဖွဲ့ဝင်၊ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ

၄။ လက်မှတ်…………………………
အဖွဲ့ဝင်၊ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ

၅။ လက်မှတ်…………………………
အဖွဲ့ဝင်၊ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ

၆။ လက်မှတ်…………………………
အတွင်းရေးမှူး၊မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ

၇။ လက်မှတ်…………………………
ဥက္ကဋ္ဌ၊ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ

မြို့နယ်မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ........................ ရက်စွဲပါ ဆုံးဖြတ်ချက်အမှတ်…..……..….. အရ ငွေကျပ်......................... အား ငွေထုတ်ချေးပေးရန်/ ငွေထုတ် မချေးရန် သဘောတူဆုံးဖြတ်ပါသည်။

လက်မှတ် ..............................
ဥက္ကဋ္ဌ၊ မြို့နယ်မြစိမ်းရောင်ကျေးရွာ
စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်း
ကော်မတီ

လက်မှတ် ..............................
အဖွဲ့ဝင်(သို့မဟုတ်)အတွင်းရေးမှူး
မြို့နယ်မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်
အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ

**နောက်ဆက်တွဲ(ဃ)**

## မြစိမ်းရောင်ရန်ပုံငွေ ချေးငွေသဘောတူစာချုပ်

အမှတ်စဉ်…………/………..

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်……………ပြည်နယ်/တိုင်းဒေသကြီး၊ ..…………..ခရိုင် …………………မြို့နယ်……………………ကျေးရွာအုပ်စု…………………ကျေးရွာ၌ ၂၀၁ ခုနှစ်၊ ………လ………ရက်နေ့တွင် ဦး/ဒေါ်…....…………….နိုင်ငံသားစိစစ်ရေးအမှတ် ………………… ကိုယ်စားပြုသော ဥက္ကဋ္ဌ၊ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ (နောင်တွင်ငွေထုတ်ချေးသူ) ဟု ခေါ်တွင်မည်ဖြစ်ပြီး (ယင်းစကားရပ်တွင် ယင်းကိုယ်တိုင်အပြင် ယင်း၏ဆက်ခံသူများ၊ အကျိုးခံစားခွင့် ရှိသူများ၊ ဥပဒေအရ လွှဲအပ်ခံရသူများလည်းအကျုံးဝင်သည်)က တစ်ဖက်နှင့် အမှတ်( )၊ ........................ လမ်း …………… ကျေးရွာ ..…………… ကျေးရွာအုပ်စုနေ ဦး/ဒေါ်…………………. နိုင်ငံသားစိစစ်ရေးအမှတ်…………....…..…… (နောင်တွင် ငွေချေးငှား/ ငွေချေးယူသူ)ဟုခေါ်တွင်မည်ဖြစ်ပြီး (ယင်းစကားရပ်တွင် ယင်းကိုယ်တိုင်အပြင် ယင်း၏ဆက်ခံသူများ၊ အကျိုးခံစားခွင့်ရှိသူများ၊ ဥပဒေအရ လွှဲအပ်ခံရသူများလည်း အကျုံးဝင်သည်)က အခြားတစ်ဖက် တို့သည် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် မတည်ရန်ပုံငွေမှ ချေးငွေထုတ်ချေး လက်ခံရန် ဤစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။ စာချုပ်ဝင် (၂)ဦးတို့သည် အောက်ပါအတိုင်း ဆောင်ရွက် ရန် သဘောတူညီကြပါသည်-

(က) ငွေချေးငှားသူ/ငွေချေးယူသူသည် ထုတ်ချေးသူထံမှ စုစုပေါင်းကျပ်…………………….. (ကျပ်……………….တိတိ)ကို စာချုပ်ချုပ်ဆိုပြီးချိန်တွင် အပြည်အဝချေးယူလက်ခံရန်။

(ခ) အပိုဒ်(၁)တွင်ဖော်ပြထားသောချေးငွေပမာဏအတွက်အတိုး……..%ကို…..လတစ်ကြိမ် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီသို့ ပေးသွင်းရန်။

(ဂ) ငွေချေးငှားသူ/ငွေချေးသူသည် အပိုဒ်(၁)ပါချေးငွေကို ဤစာချုပ် လက်မှတ်ရေးထိုးသည့် နေ့မှစ၍ ……………အတွင်း အရစ်ကျ/တစ်လုံးတည်း ပေးဆပ်ရန် သဘောတူညီသည်။ အရစ်ကျ ဖြစ်ပါက ငွေချေးယူသူမှ ………… လတစ်ကြိမ် (သို့)……… လတစ်ကြိမ် ချေးငွေ ပြေကြေသည်အထိ ပေးဆပ်သွားမည်ဖြစ်ပါသည်။

(ဃ) အကယ်၍ ငွေချေးယူသူသည် ဤစာချုပ်ပါစည်းကမ်းတစ်ရပ်ရပ်ကိုဖေါက်ဖျက်လျှင် စာချုပ်တစ်ခုလုံး ဖောက်ဖျက်သည်ဟု သတ်မှတ်ရမည်ဖြစ်ပြီး ချေးငွေကိုထုတ်ချေးသူ (ကျေးရွာမြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီ)၏ စည်းကမ်းအတိုင်း အရင်း/အတိုး အပြင် သတ်မှတ်သော ဒဏ်ကြေးငွေပါ ချက်ချင်းပေးဆောင်ရန် တာဝန်ရှိပါသည်။

(င) ချေးယူသူသည် ဤစာချုပ်အရ ချေးယူထားသောချေးငွေအတွက် သတ်မှတ်ကာလတွင် ပေးသွင်းရမည့် အရင်း/အတိုးငွေအားလုံး (သို့မဟုတ်) တစ်စိတ်တစ်ဒေသကို ပေးသွင်းရန် ပျက်ကွက်ပြီး ယုံကြည်အပ်နှံခြင်းအား မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားမှုများ၊ ငွေကြေး

မသမာမှုများပြုလုပ်ပါက ပြစ်မှုကြောင်းအရ သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၂။ ဤစာချုပ်ကို မူရင်း(နှစ်စုံ)ပြုလုပ်ပြီး စာချုပ်ဝင် (၂)ဦး(၂)ဖက်မှ တစ်စုံစီယူထားရမည် ဖြစ်ပါသည်။

၃။ ဤစာချုပ်ပါအချက်အလက်များကို ငွေထုတ်ချေးသူနှင့် ငွေချေးယူသူတို့ ဖတ်ရှုသိရှိနားလည် သဘောပေါက်လက်ခံပြီးဖြစ်သဖြင့် ...................... နေ့တွင် နှစ်ဖက်အသိသက်သေများရှေ့မှောက်၌ လက်မှတ်ရေးထိုးကြပါသည်။

| ငွေထုတ်ချေးသူ | ငွေချေးယူသူ |
|---|---|
| (ဥက္ကဋ္ဌ၊ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ) | |
| လက်မှတ် .................................. | လက်မှတ်.................................... |
| အမည် ..................................... | အမည် ..................................... |
| နိုင်ငံသားစိစစ်ရေးအမှတ် .................. | နိုင်ငံသားစိစစ်ရေးအမှတ် .................. |
| ........................................................ | ........................................................ |
| နေရပ်လိပ်စာ ...................................... | နေရပ်လိပ်စာ .................................... |

၄။ ငွေချေးယူသူဦး/ဒေါ် ............................ မှ ချေးယူငွေ စုစုပေါင်းကျပ်........................... (ကျပ်.....................................................တိတိ)နှင့် အတိုးငွေ၊ ဒဏ်ကြေးငွေအားလုံးကို လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း ပြန်လည်ပေးဆပ်ခြင်းမရှိပါက ချေးယူသူ၏ အာမခံသက်သေ(၂)ဦးမှ ငွေချေးယူသူဦး/ဒေါ် ............................ ပေးဆပ်ရန်တာဝန်ရှိသည့် ချေးငွေနှင့် အတိုးငွေတို့ကို ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ ငွေချေးယူသူဦး/ဒေါ် ............................ မှ ပေးဆပ်စေရန်နှင့် ၎င်းမှပျက်ကွက်ပါက မိမိတို့(၂)ဦးမှ ၎င်း ပေးဆပ်ရန်ငွေများကို တာဝန်ခံပေးဆပ်ပါမည်။ အကယ်၍ မပေးဆပ်ပါက မိမိတို့အား ပြစ်မှုကြောင်းအရ သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုခြင်းခံရမည်ဟု သိရှိဝန်ခံကြောင်းကတိပြုလျက် အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပါသည်။

အသိသက်သေများ

| ငွေထုတ်ချေးသူ၏ သက်သေများ | ငွေချေးယူသူ၏ အာမခံသက်သေများ |
|---|---|
| (၁) လက်မှတ်.................................... | (၁) လက်မှတ်.................................... |
| အမည် ..................................... | အမည် ..................................... |
| နိုင်ငံသားစိစစ်ရေးအမှတ် .................... | နိုင်ငံသားစိစစ်ရေးအမှတ် .................... |
| ........................................................ | ........................................................ |
| နေရပ်လိပ်စာ ...................................... | နေရပ်လိပ်စာ ...................................... |

(၂) လက်မှတ်.....................................

အမည် ......................................

နိုင်ငံသားစိစစ်ရေးအမှတ် .....................

.....................................................

နေရပ်လိပ်စာ ....................................

(၂) လက်မှတ်.....................................

အမည် ......................................

နိုင်ငံသားစိစစ်ရေးအမှတ် .....................

.....................................................

နေရပ်လိပ်စာ ....................................

နောက်ဆက်တွဲ(င)

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**မြစိမ်းရောင်ကျေးရွာစီမံကိန်း**

**တစ်ဦးချင်းချေးငွေမှတ်တမ်း**

**---------------------မြို့နယ်၊ ------------------ကျေးရွာ**

**ချေးယူသူအမည်** ..............................

| ရက်စွဲ | ငွေချေးရသည့်အကြောင်းအရာ | ချေးငွေပမာဏ | ချေးငွေကာလ | အတိုးနှုန်း | အရစ်ကျ/တစ်လုံးတည်းပေးဆပ်ရန်အဆိုပြုချက် | အမှန်တကယ်ပြန်လည်ပေးဆပ်ခြင်း | | ပေးဆပ်ရန်ကျန်ငွေ | | ငွေချေးသူလက်မှတ် |
